www.burmeseclassic.com

စိုး ။ စိုး ။ စာပေ

# ပြည့်ဝိုင်းဖြိုးအိမ်

ကျွန်တော်သည် အချစ်တစ်ကောင်ဖြစ်သည်•••

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၀၅၁၁၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၇၃၁၁၁၀ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်၊ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ။<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

ပြည့်ပိုင်မှူးအိမ်

ကျွန်တော်သည်အချစ်တစ်ကောင်ဖြစ်သည်/ပြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၅၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ကျွန်တော်သည်အချစ်တစ်ကောင်ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဝတ္ထုတွေကို ဖတ်ပြီးကြတဲ့ အခါ စာဖတ်ပရိသတ် တချို့က ဝတ္ထုကို ဒါမှမဟုတ် ဝတ္ထုပါ အကြောင်းအရာကို ကိုယ်တွေ့လား၊ ကုန်ကြမ်းလား လို့ မေးကြပါတယ်။

တချို့ဝတ္ထုတွေကတော့ ၁၀၀% ကုန်ကြမ်း ပါ။ အဲ တချို့ ဝတ္ထုကြတော့ ကိုယ်တွေ့စစ်စစ် ရာနှုန်း ပြည့် ၁၀၀% ဖြစ်ပြီး တချို့ကြတော့ ၅၀ % နှုန်း စီပါ။

တစ်ခါတလေကျတော့လည်း ရောသမ မွှေပြီး ကုန်ကြမ်းက ၈၀ %၊ ကိုယ်တွေ့က ၂၀ % ဆိုပြီး ရေးဖြစ်သလို တချို့တလေကျတော့လည်း ကုန် ကြမ်းကနည်းနည်း ကိုယ်တွေ့ ရာခိုင်နှုန်းများများ၊ ဒါမျိုးလည်း ရှိပါတယ်။ တစ်အုပ်နဲ့တစ်အုပ် ရာခိုင် နှုန်း မတူပါဘူး။

ဒီဝတ္ထုလား. . . ?။ ဒီဝတ္ထုကတော့ ဗျာ . . . ဘယ်လိုပြောရမလဲ။ အင်း . . . ဒီဝတ္ထု ကကျတော့. . .။. . . .။

ပြည့်ပိုင်မှုအိမ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က     အချစ်ဆိုတဲ့ကောင်းကင်မှာ
စိုလက်နေတဲ့     မျှော်လင့်ချက်တွေနဲ့
ပျံသန်းမိတဲ့     ငှက်တစ်ကောင်ပါ။

×××××

www.burmeseclassic.com

www.burmeseclassic.com

With the eyes a woman askes, takes, despises, and kills.

မိန်းမတစ်ယောက်သည် မျက်လုံးများဖြင့် တောင်းဆို၏၊ ရယူ၏၊ အထင်သေး၏၊ အသေသတ်၏။

Spanish Proverb.

xxxx

www.burmeseclassic.com

www.burmeseclassic.com

"

တချို့က စားသောက်ဆိုင်များဆီ၊
တချို့က စူဠာမုဏိဘုရား တုန်း
မြင့်ဆီ စသည်ဖြင့်၊ ကျွန်တော်တို့
အုပ်စုကတော့ IC show ရှိရာ
စင်မြင့်ဆီ ချီတက်နေကြခြင်း
ဖြစ်သည်။

၂၀၀၇ ခုနှစ်၊ တောင်ကြီးတန်ဆောင်တိုင်။

များပြားလှသော လူအုပ်ကြီးသည် လမ်းမကြီးတစ်လျှောက် ပြည့်ကြပ်ကာနေသည်။ သူအုပ်ကြီး၏ ဦးတည်ရာက တူညီသော်လည်း လူတိုင်း မီးပုံးပျံပွဲကျင်းပရာ ကွင်းပြင်ဆီကိုသာ ဦးတည်နေသည်က တော့မဟုတ်။

တချို့က စားသောက်ဆိုင်များဆီ၊ တချို့က စူဠာမုဏိဘုရား တုန်းမြင့်ဆီ စသည်ဖြင့်၊ ကျွန်တော်တို့အုပ်စုကတော့ IC show ရှိရာ စင်မြင့်ဆီ ချီတက်နေကြခြင်းဖြစ်သည်။

အနွေးထည်ရောင်စုံတို့ဖြင့် တောင်ကြီးသူ တောင်ကြီးသားများရော ရပ်နီးရပ်ဝေးမှ ဧည့်သည်များပါ အအေးဒဏ်ကို အံကွယ်နေကြသည်။

ခိုက်ခိုက်တုန်နေသော ဆောင်းရာသီသည် အအေးဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လူတိုင်းအနေ့းထည်ကိုယ်စီ သိုးမွေးဦးထုပ်ကိုယ်စီဖြင့် လမ်းမကြီးတစ်ခုလုံး တိုးမပေါက်အောင် စည်ကားကာနေသည်။

ကျွန်တော်တို့အုပ်စုတွင် ယောကျ်ားလေးနစ်ယောက်သာပါပြီး ကျန်လေးယောက်စလုံးက မိန်းကလေးတွေချည်းဖြစ်သည်။

"အိမ်ကပေးသွားချင်တာမဟုတ်ဘူး၊ ရပ်ကွက်က လွှတ်မဲ့မီးပုံးပျံကို လုပ်ကူစရာရှိတာကူဖို့ ခေါ်ထားတယ်လို့ ဖြီးပြီးထွက်လာတာ။

နန်းဟွမ်ခမ်းက IC show ကြည့်ရန် လစ်ထွက်ခဲ့ရပုံကို ပခုံးတွန့်ရင်းက ဆိုသည်။

"ငါတို့လည်း နင့်လိုပါပဲဟာ၊ ရပ်ကွက်မီးပုံးပျံကိုပဲ အကြောင်းပြပြီး ထွက်ခဲ့ကြတာပဲ၊ မီးပုံးပျံကိစ္စဆိုတော့လည်း ခွင့်မပြုချင်ပြုချင်နဲ့ ခွင့်ပြုလိုက်ရပေမဲ့ သိပ်တော့ကြည်တာမဟုတ်ဘူး၊ ဒါနဲ့ လက်မှတ်တွေ ဘယ်သူ့ဆီမှာလဲ"

ရတနာက လက်မှတ်ဟု လက်ဝါးဖြန့်ကာ မေးသည်။ နှင်းဖြူဖြူအေးက ဖြိုးနိုင်ဆီမှာဟုဆိုရင်း ကျွန်တော့်ကို မေးငေါ့ပြသည်။ ကျွန်တော်က ပါလာတယ်ဟူသောသဘောဖြင့် လက်မှတ်ထည့်ထားသော အကျီထူ၏ အိတ်ကပ်ကို ပုတ်ပြဖြစ်သည်။

"မင်းနာမည်ကြီးသွားရင် ငါတို့ တောင်ကြီးတန်ဆောင်တိုင်နဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတစ်ပုဒ်တော့ ရိုက်ကွာ"

ဒုတိယမင်းသားအဖြစ် ဗီဒီယိုခုနစ်ကားခန့် ရိုက်ထားသော ကျွန်တော့်အား ကျော်ဝဏ္ဏက ပခုံးကိုလှမ်းပုတ်ရင်း ဆိုသည်။

"အေး. . . ရိုက်မှာပေါ့ကွ"

ကျော်ဝဏ္ဏ၏အဆိုကို အလိုက်အထိုက်ပင် ဆိုဖြစ်သည်။

"မင်းသမီးလိုရင်လည်း ပြောပေါ့ဟယ်၊ ငါတို့လေးယောက်ရှိသားပဲ၊ ဒါပေမဲ့ နင်နဲ့တော့ မတွဲချင်ဘူးဟ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့တုံး"

နန်းဟွမ်ခမ်း၏စကားကြောင့် ကျွန်တော်ပြုံးရင်း မေးဖြစ်သည်။

"နင့်မျက်နှာကြီးကြည့်ပြီးရင် ငါ မုဒ်သွင်းလို့ရမှာမဟုတ်ဘူး၊ ခဏခဏအော်ရယ်မိနေမှာလေ"

ပြောရင်း နန်းဟွမ်ခမ်းက တခွီးခွီးဖြင့် ရယ်သည်။

"မီးပုံးပျံဇာတ်လမ်း ရိုက်မှာဆိုရင်တော့ ကျော်ဝဏ္ဏကိုလည်း နည်းနည်းပါးပါးတော့ ခေါ်ရိုက်လိုက်ပါဦး၊ တောက်တိုမယ်ရ လတ်တိုလက်တောင်း အခိုင်းခံရတဲ့ အခန်းလေးတွေပေါ့"

နှင်းဖြူဖြူအေးက ကျော်ဝဏ္ဏကို ပေါ်တင်ကြီး နှိပ်ကွပ်သည်။

"အောင်မာမာ ငါက မင်းသားမလုပ်ချင်လို့ အသာလေးငြိမ်နေတာ၊ ငါသာ ဗီဒီယိုမင်းသားထလုပ်ရင် ဒီကောင့်လို မင်းသားတွေ လမ်းဘေးရောက်ပြီး ဆိုက်ကားနင်းတဲ့လူကနင်း၊ ရေထမ်းရောင်းတဲ့ လူတရောင်း ဖြစ်ကုန်မှာပေါ့၊ ဈေးကွက်တွေပျက်ကုန်မယ် ဘာမှတ်နေလဲ"

ကျော်ဝဏ္ဏကလည်း ခေသူမဟုတ်။ နှင်းဖြူဖြူအေး၏ စကားကို *ချက်ချင်းချေပကာ အင်္ကျီထူကော်လံကို ထောင်သည်။*

"ဖြစ်နိုင်တယ်၊ ဗီဒီယိုမင်းသားတွေ အကုန်လုံး ရုပ်ရှင်နယ်ပယ်ကို ကျော်ဝဏ္ဏစင်လာတာနဲ့ ဘယ်သူမှ ဒီလောကမှာ ရှိတော့မှာ မဟုတ်ဘူး၊ ဒီလိုအရုပ်ပုတဲ့ မဲပြာပြာကောင်နဲ့ တစ်လောကထဲ သိက္ခာကျခံပြီး နေမဲ့အတူတူ ဆိုက်ကားပဲနင်းတော့မယ်ဆိုပြီး ဖြစ်ကုန်မှာ သေချာတယ်"

ရတနာက ခြေဟန်လက်ဟန်ဖြင့် ဆိုရင်း ခွီးခနဲရယ်သည်။

"ငါ့သူငယ်ချင်းက ပြောလောက်အောင်လည်း မပုပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ဟာ"

ကျွန်တော့်စကားအဆုံးမှာ ကျော်ဝဏ္ဏက ခြေဖျားကို ထောက်လိုက်ရင်း 'ပြောပြလိုက်စမ်းပါ'ဟု ဆိုသည်။

"ခြေဖျားထောက်ရတာ ပင်ပန်းပါတယ် ကျော်ဝဏ္ဏရယ်၊ နင် ဒေါက်ဖိနပ်ပဲ ဝယ်စီးလိုက်တော့"

နန်းဟွမ်ခမ်းက ပြောပြီးရယ်သည်မို့ ကျန်ကောင်မလေးများကပါ လိုက်၍ရယ်ကြသည်။ မျက်မှန်းတန်းမိနေသော်လည်း သိပ်အခင်ကြီးမဟုတ်သော နန်းဟွမ်ခမ်း၏ဘေးမှ ကောင်မလေးကို ကြည့်ရင်း ဘာရယ်မဟုတ် စိတ်ထဲမှာ 'စကားနည်းသော ကလေးမ' ဟု တွေးမိသည်။

"ဒါနဲ့ ငွေရည်ဖူး၊ နင် မနက်ဖြန်ကော ငါတို့နဲ့လိုက်လည်ဦးမှာလား"

ရတနာက တစ်ချိန်လုံး သူများစကားကို နားထောင်ကာ လိုက်၍ပြုံးတတ်သော ထိုကောင်မလေးကို ပခုံးဖြင့်တိုက်ရင်းမေးသည်။

"အင်း"

ကောင်မလေးက 'အင်း'ဟု ခေါင်းညိတ်ကာ ဖြေသည်။ သိပ်အချောစားကြီးထဲမှာ မပါသော်လည်း ထူးထူးခြားခြား ပုံစံလေးမို့ ကျွန်တော့်စိတ်ထဲ ကောင်မလေး၏နာမည်ကို မှတ်မိအောင် ထပ်ကာ ထပ်ကာ ရေရွတ်မိသည်။

ဘာရယ်တော့မဟုတ်။ အေးတိအေးစက် ထိုကောင်မလေးကို ကျွန်တော် မကြာခဏ ခိုးကြည့်မိသည်ကတော့ အမှန်ပဲဖြစ်သည်။

ခိုးကြည့်မိဆို ကောင်မလေး လှစ်ခနဲပြုံးလိုက်တိုင်း ပေါ်လာတတ်သော သွားတက်ကလေးကလည်း ချစ်စရာကောင်းနေသည်တိုး။

xxxx

www.burmeseclassic.com

www.burmeseclassic.com



"

အဆိုတော်တစ်ယောက် တက်လာတိုင်း သူမက လက်ခုပ်တီးကာ အားပေးသည်။ ပြီးနောက် ၎င်းအဆိုတော်ဆိုသည့် သီချင်းများကို အများတကာကဲ့သို့ လိုက်၍ညည်းဆိုခြင်း၊ ကခုန်ခြင်း မပြု။ ပါးစပ်အဟောင်းသားဖြင့် . . .

Show ပွဲတွေရဲ့ ထုံးစံအတိုင်း အဆိုတော်များက မြူးကြွတဲ့ သီချင်းတွေကို စင်ပေါ်ကနေ ဖျော်ဖြေနေသကဲ့သို့ စင်အောက်မှ ပရိသတ်များကလည်း အားရပါးရပင် အားပေးနေကြသည်။

အချို့က သီချင်းများကို လိုက်ညည်းရင်း အားပေးသလို အချို့ကကျ ကခုန်ရင်း အားပေးနေကြသည်။ ငွေရည်ဖူးဆိုသော တလေးမကို ဘာရယ်မဟုတ် မကြာခဏဆိုသလို ကျွန်တော် လှမ်းကြည့်ဖြစ်သည်။

သူမ၏အားပေးမှုက ကျွန်တော့်အဖို့တော့ အထူးအဆန်းဖြစ်တာနေသည်။ အဆိုတော်တစ်ယောက် တက်လာတိုင်း သူမက လက်ခုပ်တီးကာ အားပေးသည်။ ပြီးနောက် ၎င်းအဆိုတော်ဆိုသည့် သီချင်းများကို အများတကာကဲ့သို့ လိုက်၍ညည်းဆိုခြင်း၊ ကခုန်ခြင်း မပြု။ ပါးစပ်အဟောင်းသားဖြင့် တမေ့တမောကြီး ငေးကြည့်ကာ

www.burmeseclassic.com



အားပေးသည်။ ရင်းအဆိုတော်၏ ဖျော်ဖြေမှုဆုံးပါက ထကာ လက်ခုပ်တီးရင်း ဩဘာပေးသည်။ အဆိုတော်၏အမည်ကို အော်ဟစ်ကာ အားပေးခြင်းလည်းမရှိ။ သူမ၏အားပေးမှုပုံစံက အေးတိအေးစက်ကြီး ဖြစ်ကာနေသည်။

Show ပွဲများတွင် မြင်တွေ့နေကျပုံစံမျိုး မဟုတ်သည်မို့ သူမ၏ပုံစံက ကျွန်တော့်အတွက် အတော်ကြီးကို ထူးဆန်းကာနေသည်။ အနေအေးသော ကလေးတစ်ယောက်လိုမျိုး သူမက စိတ်ဝင်စားစရာ ဖြစ်ကာနေသည်။

ချမ်းအေးလွန်း၍ ခိုက်ခိုက်တုန်နေသော ရာသီဥတုကြောင့် သိုးမွေးခေါင်းစွပ်ကို စွပ်ကာ မာဖလာကို မျက်နှာတစ်ဝက်နှင့် လည်ပင်းကိုရစ်ပတ်ကာ မျက်လုံးမျှသာ ဖော်ထားသော်လည်း မည်သို့ ရိပ်မိသွားသည်မသိသော ပရိသတ်နှစ်ယောက်စ သုံးယောက်စက ကျွန်တော့်ကို လာနှုတ်ဆက်သည်။ ပရိသတ်များနှင့် စကားပြောနေရင်းက အမှတ်မထင် လှမ်းကြည့်လိုက်သောအခါ ကျွန်တော့်လိုပင် လှမ်းကြည့်နေသော သူမနှင့် အကြည့်ချင်းဆုံသည်။ ကျွန်တော့်ဘက်က ကြည်နူးသလိုလို ဖြစ်သွားမိသော်လည်း သူမကတော့ ခံစားချက်ရှိပုံမရသော ဝတ်ကျေတန်းကျေ အကြည့်ဖြင့် လှမ်းကြည့်ကာ အကြည့်ကိုလွှဲကာသွားသည်။ ဘာရယ်မဟုတ် ကျွန်တော့်ရင်ထဲမှာတော့ ဟာခနဲဖြစ်ကာသွားသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

"

ဆိုင်တယ်ပေါ်မှာ ထိုင်ရင်း လတ်ဆတ်
သောလေကို တစ်ဝကြီးရှူဖြစ်သည်။
ဤတဲ့ဆို့ လတ်ဆတ်အေးမြသော
လေနုအေးတို့လည်း ဖြစ်နိုင်လျှင်
ရန်တုန်ကို သယ်ဆောင်သွားချင်သည်။

"ကျော်ဝဏ္ဏ"

"အေး. . . ပြော သယ်ဂျင်း"

ကျော်ဝဏ္ဏက ၎င်း၏ထုံးစံအတိုင်း ကျွန်တော့်ကို 'သယ်ဂျင်း' ဟုခေါ်ရင်း ထူးသည်။ ဘယ်သူငယ်ချင်းကိုမဆို သယ်ဂျင်းဟု ခေါ်တတ်သည်မှာ ၎င်းအကျင့်။

"ငါ မင်းကို မေးစရာရှိလို့ကွ"

"မေးလေ. . . နေဦး ဖြိုးပိုင် သယ်ဂျင်း အခုပဲ ငါမင်းဆီ ထွက်လာခဲ့မလို့၊ စောစောက လင်းနောင်ဖုန်းဆက်တယ် သူ့ လက်ဖက်ရည်ဆိုင်က စောင့်မယ်တဲ့၊ အဲဒါ ငါက မင်းကိုဝင်ခေါ်ပြီး လိုက်လာခဲ့တဲ့၊ အတော်ပဲ ငါလည်း မင်းဆီဖုန်းခေါ်မလို့ လုပ်နေတာ ဒါနဲ့ စောစောက ဘာပြုတယ်၊ မေးစရာရှိတယ် ဟုတ်လား၊ ဘာမေး မလို့လဲ"

www.burmeseclassic.com



"Tea ဆိုင်ရောက်မှ မေးတော့မယ်ကွာ"

"ပြီးရော၊ ငါအခုထွက်ခဲ့မယ်"

"အေး. . . ငါစောင့်နေမယ်"

ဖုန်းချပြီး အကျႌဗလာဖြစ်နေသော ကိုယ်ပေါ် တီရှပ်တစ်ထည်ကို ကောက်စွပ်ရင်း အိမ်ပြင်ထွက်ခဲ့ဖြစ်သည်။ နေ့ခင်းနှစ်နာရီမှာ ပူနေသောနေက တောင်ကြီးဆောင်းရာသီအဖို့တော့ ပူသည်ဟုမဆိုသာ။

တော်တန်ရုံ အအေးကြောက်တတ်သူဆိုပါက ဤနေပူပူတွင် အနွေးထည်ပါးပါးတစ်ထည်တော့ ဝတ်ထားရလိမ့်မည်။

ကျွန်တော်ကတော့ အအေးကြိုက်သူမို့ အနွေးထည်မဝတ်ဖြစ်။ ကျော်ဝဏ္ဏရောက်လာပါက အဆင်သင့်လိုက်သွားနိုင်ရန် အိမ်အပြင်ကို ထွက်ခဲ့ဖြစ်သည်။

ဝေ့ခနဲ တိုက်ခတ်သောလေက နေပူထဲက ဖြတ်သန်းလာသော်လည်း ပူနွေးမနေဘဲ အေးမြကာနေသည်။

"ဒီရာသီဥတုမျိုး ရန်ကုန်မှာရှိရင် ဘယ်လောက်ကောင်းလိမ့်မလဲ"ဟု တွေးနေစဉ်မှာပင် ကျော်ဝဏ္ဏ ရောက်ချလာသည်။

"တက်. . . သယ်ဂျင်း"

ဆိုင်ကယ်စီးဦးထုပ်ကို လှမ်းပေးကာ တက်ဟုဆိုရင်း ကျွန်တော့်ကိုကြည့်၍. . .

"တော်တော်အအေးကြိုက်တဲ့ကောင်၊ အကျႌလက်တိုနဲ့"

ဟု ဆိုသည်။

"အခုပဲတွေးနေတာ၊ ရန်ကုန်ကို ဒီလိုရာသီဥတုကြီး သယ်သွားရရင်ကောင်းမယ်လို့"

ကျွန်တော့်စကားကြောင့် သဘောင်းသားက ဆိုင်ကယ်စီးနေရင်း ရယ်သည်။ တိုက်ခတ်နေသော လေကို ထိုးခွဲရင်း သွားနေသော

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တယ်ပေါ်မှာ ထိုင်ရင်း လတ်ဆတ်သောလေကို တစ်ဝကြီးရှူဖြစ်သည်။

ဤတဲ့သို့ လတ်ဆတ်အေးမြသော လေနုအေးကိုလည်း ဖြစ်နိုင်လျှင် ရန်ကုန်ကို သယ်သွားချင်သည်။

လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ရောက်နှင့်နေပြီဖြစ်သော လင်းနောင်က လက်လှမ်းပြသည်။

"မင်းသား ရန်ကုန်မပြန်သေးဘူးလား"

ရောက်ရောက်ချင်း လင်းနောင်က မေးဆတ်ရင်း ကျွန်တော့်ကိုမေးသည်။

"နောက်လထဲမှာ ဗီဒီယိုရော၊ ဗီစီဒီရော ရိုက်ရမယ်၊ ဒီတစ်ပေလုံး အားနေလို့ တောင်ကြီးမှာပဲ နပ်နေမလို့"

"အေးကွ. . . မင်းမပြောနဲ့ ငါတို့လည်းပဲ ရန်ကုန်မှာကြာကြာမနေနိုင်ဘူး၊ ပူလို့၊ ရန်ကုန်ရောက်ပြီး တစ်ပတ် ဆယ်ရက်ကြာရင် တောင်ကြီးကို ပြေးပြန်ချင်နေတော့တာ"

ကျော်ဝဏ္ဏက စားပွဲထိုးလာချသော လက်ဖက်ရည်ကို သောက်ရင်းက ဆိုသည်။

"ငါကတော့ကွာ ဗီဒီယိုမရိုက်ခင်ကတည်းက ရန်ကုန်နဲ့ တောင်ကြီးကို သွားလိုက်ပြန်လိုက်နဲ့ဆိုတော့ အတော်လေးနေသားကျသွားပြီ၊ နေသားကျတယ်သာ ပြောရတာပါ နွေရာသီဆိုရင် မိတ်ဖုတွေထွက်ပြီး နေရထိုင်ရ အတော်လေးခက်တယ်"

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်တို့က ခေါင်းညိတ်ကြသည်။

"ရန်ကုန်လို ပူနွေးတဲ့ဒေသမှာ သင်္ကြန်လို အချိန်မျိုးကျတော့လည်း ကောင်းသွားပြန်ရော၊ တစ်နေကုန် ရေပက်ခံလည်း ခိုက်ခိုက်တုန်အောင် အေးသွားတာမျိုးမရှိဘူး၊ အဲ တောင်ကြီးသင်္ကြန်ကတော့

www.burmeseclassic.com



သိတဲ့အတိုင်းပဲ မြို့တစ်ပတ်လောက် ရေပက်ခံထွက်ပြီးရင် လူက ခိုက်ခိုက်ကိုတုန်နေတာ"

ပြောရင်း လင်းနောင်က ရယ်သည်။

"ဒါနဲ့ စကားမစပ် မင်းစောစောက ဖုန်းဆက်တော့ ငါ့ကို မင်း မေးစရာရှိတယ်ဆို၊ ဘာမေးမလို့လဲ"

ကျော်ဝဏ္ဏက ရုတ်တရက် သတိရဟန်ဖြင့် ကျွန်တော့်ကို ကြည့်ရင်း မေးသည်။

"အေး. . . ဟိုဒင်းကွာ တန်ဆောင်တိုင်တုန်းက မင်းနဲ့ပါ လာတဲ့ကောင်မလေးတစ်ယောက်ကွာ အဲဒါ ငါစိတ်ဝင်စားလို့၊ သူ့မှာ ရည်းစားရှိမရှိ သိချင်တာ"

ရှက်အမ်းအမ်းဖြင့် ဆိုသော ကျွန်တော့်စကားကြောင့် သကောင့်သားနှစ်ကောင် ပြုံးစိစိကြီးတွေ ဖြစ်ကာသွားသည်။

"ရည်းစားမထားဘူးတာလည်း မဟုတ်ဘဲနဲ့ ရှက်ကိုးရှက် တန်းလုပ်နေသေးတယ်၊ ဒါနဲ့ မင်းပြောတော့ ရည်းစားနှစ်ယောက် ပြိုင်မထားဘူး၊ တစ်ယောက်နဲ့ပြတ်ပြီးမှ တစ်ယောက်ထားတာဆို"

"ဪအေးလေ"

လင်းနောင်၏အမေးကို အေးလေဟု ဖြေဖြစ်သည်။

"မင်း. . . အဲဒီတန်ဆောင်တိုင်တုန်းကလည်း မင်းကောင်မ လေးနဲ့ ဖုန်းပြောနေသေးတယ် မဟုတ်လား"

"အခု ပြတ်သွားပြီကွ"

ကျော်ဝဏ္ဏ၏အမေးကို ကျွန်တော် ခေါင်းကုတ်ရင်း ဖြေဖြစ်သည်။

"ဘယ်လိုဖြစ်တာတုန်း"

"ကောင်မလေးက လူလည်လေးကွ၊ ငါ့အပြင် သူ့မှာ ရည်းစားရှိသေးတယ်၊ အဲဒါနဲ့ ငါလည်း အဆက်အသွယ်ဖြတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ"

"အချစ်အတွက် ကံမကောင်းတဲ့လူဆိုပါတော့"

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က ရွတ်နောက်နောက်ဆိုသည်။

"ဒါနဲ့ မင်း မင်းသားမဖြစ်ခင်တုန်းက တော့ ထားလိုက်တော့ မင်းသားဖြစ်ပြီးမှ ရည်းစားထားတာ ဘယ်နှယောက်ရှိပြီလဲ ဖြိုးနိုင်"

ကျော်ဝဏ္ဏက ပြုံးစိစိဖြင့်မေးသည်။

"ဒီတစ်ယောက်တည်းပါ၊ ရည်းစားဆိုပြီးတော့ အတည်တကျတွဲတာ ဒီတစ်ယောက်တည်းပဲ၊ ရည်းစားသက်တမ်းက တစ်နှစ်တောင်မပြည့်လိုက်ဘူး"

"အတည်တကျတွဲတာ ဒီတစ်ယောက်တည်းပဲဆိုတော့ အတည်မကျတွေက ရှိသေးတယ်ဆိုတဲ့သဘောလား"

"ဒါကတော့ကွာ ရည်းစားမဟုတ်ဘူးဆိုမှတော့ မဟုတ်ဘူးပေါ့ကွာ"

လင်းနောင်၏အမေးကို ကျော်ဝဏ္ဏက ဝင်၍ဖြေသွားသည်။

ကျွန်တော်ပင် မဖြေလိုက်ရ။

"ဘာပဲပြောပြောကွာ မင်းက ရည်းစားတွေ ပွစိတက်နေအောင်ထားတဲ့ကောင်မှ မဟုတ်တာ၊ ငါ့သူငယ်ချင်းတွေထဲက ကြိုက်တယ်ဆိုရင်လည်း လှုပ်ရှားပေးရမှာပေါ့၊ ကဲ ဘယ်သူ့ကို မင်းစိတ်ဝင်စားလဲ"

ကျော်ဝဏ္ဏက မေးဆတ်ရင်းမေးသည်။

ချက်ချင်းမဖြေသေးဘဲ ရှက်ဝဲဝဲလုပ်နေသော ကျွန်တော့်ကို ကြည့်ရင်း လင်းနောင်က ရယ်သည်။ ပြီးမှ. . .

"ဒီလိုရှက်တတ်ပုံနဲ့များ မင်းသားလုပ်နေသေးတယ်"

ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"တဲ့ . . . ပြော သူငယ်ချင်း၊ နန်းဟွမ်ခမ်းကိုလား၊ နှင်းဖြူဖြူအေးကိုလား၊ နန်းဟွမ်ခမ်းက ဆံပင်လေး ခပ်တွန့်တွန့်နဲ့ ချစ်စရာကောင်းတယ်။ နှင်းဖြူဖြူအေးတကျတော့ မျက်လုံးဝိုင်းဝိုင်းလေးနဲ့၊ ကဲ ပြော ဘယ်တစ်ယောက်လဲ"

ကျော်ဝဏ္ဏက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆိုရင်း မေးသည်။

"မဟုတ်ဘူး၊ သွားတက်ပါတဲ့တစ်ယောက်လေကွာ"

"ဪ . . . ငွေရည်ဖူးကိုလား"

ကျော်ဝဏ္ဏက ပြုံးစိစိဖြင့် ငွေရည်ဖူးကိုလားဟု မေးသည်မို့ အေးဟု ကျွန်တော်ဖြေဖြစ်သည်။

ငွေရည်ဖူးဆိုသော အသံလေးကြားရုံဖြင့် ရင်မှာ နွေးခနဲဖြစ်သွားသည်ကတော့ အမှန်ပဲဖြစ်သည်။

"ငွေရည်ဖူးက တော်တော်ကြီး အေးတဲ့တစ်ယောက် မဟုတ်လား၊ အေးတာမှ ရေခဲမှတ်အောက် ရောက်အောင်ကို အေးတာကွ နော်"

လင်းနောင်က မေးစေ့ကိုပွတ်ရင်း ဆိုသည်။

"ငါက အဲဒီအေးတာလေးကို သဘောကျတာ၊ သူ့ပုံစံလေးက ထူးထူးခြားခြားလေးပဲကွ၊ ရယ်လိုက်ရင် သွားတက်လေးနဲ့"

"အင်း . . . ရောဂါ၊ ရောဂါ"

ကျွန်တော့်စကားအဆုံးမှာ ကျော်ဝဏ္ဏက ရောဂါဟုဆိုသည်။

"အဲဒီတော့ အရင်ဆုံး အဲဒီငွေရည်ဖူးမှာ ရည်းစားရှိမရှိကို ကျော်ဝဏ္ဏက စုံစမ်းပေးရမှာလား"

လင်းနောင်က မေးငေါ့ရင်း မေးသည်။

"အေး"

www.burmeseclassic.com

www.burmeseclassic.com

## မှတ်ချက်

ကျွန်တော် ဆတ်ခနဲ ခေါင်းညိတ်ရင်း ဆိုဖြစ်သည်။
ဇော်ဝဏ္ဏက လက်ဖျစ်တီးရင်း OK ဟုဆိုသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းသားက ကျွန်မတို့သူငယ်ချင်း
အေးအေးလေးကို ဇာတ်လမ်းရှာ
တာတော့ မဟုတ်ပါဘူးနော်"

"သူက နင်တို့နဲ့ပတ်သက်ပြီးတော့ ပါလာတာဆိုတော့ဟာ ဘယ်လိုပြောမလဲ"

"ဘယ်လိုမှမပြောနဲ့၊ ဘာလဲ နင်စိတ်ဝင်စားလို့လား"

ကျော်ဝဏ္ဏ၏ စကားမဆုံးခင်မှာ နန်းဟွမ်ခမ်းက စကားဖြတ်ကာဆိုသည်။ ကျော်ဝဏ္ဏက ပြာပြာသလဲဖြင့်

"အာ. . . ဘယ်ကလာ နင်တို့သူငယ်ချင်းကို စိတ်ဝင်စားတာက ငါ့သူငယ်ချင်းဟ၊ ဒီကောင်. . . ဒီကောင်"

ဟုဆိုရင်း ကျွန်တော့်ပခုံးကို ပုတ်ပြသည်။

နှင်းဖြူဖြူအေးနှင့် နန်းဟွမ်ခမ်းက ထင်မှတ်မထားဟန်ဖြင့် ကျွန်တော့်ကို အံ့ဩတကြီး လှမ်းကြည့်ကြသည်။

တကယ်သစ်စ မင်းသားတစ်ဦးက မထင်မရှား အချောအလှကြီး မဟုတ်သော ခပ်ရိုးရိုးအေးအေး ကောင်မလေးတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com

ချစ်သည်တူ ဆိုခြင်းက သူတို့အတွက် အထူးအဆန်းဖြစ်နေဟန်တူသည်။

"ငွေရည်ဖူးမှာ ရည်းစားမရှိဘူး၊ သူ့ကိုကြည့်ရတာ အဲဒီလိုတိစ္စတွေလည်း စိတ်ဝင်စားပုံမရဘူး၊ ကျောင်းတက်စဉ်ကာလကလည်း ရည်းစားထားသံ မကြားဘူး၊ သူက အရမ်းအေးတာ"

"အခုလည်း သူ့မိဘဆိုင်မှာ ဈေးရောင်းကူပြီး အိမ်နဲ့ဆိုင်၊ ဆိုင်နဲ့အိမ်ပဲ ကူးနေတာ၊ ဘယ်မှသွားတာလာတာမရှိဘူး၊ တန်ဆောင်တိုင်တုန်းကတောင် ဖွတ်ဝိုင်းခေါ်ကြလို့ လိုက်လာတာ၊ အေးသလားတော့မမေးနဲ့၊ ရေခဲတုံး အရှုံးပေးရတယ်၊ ငြိမ်သလားလည်းမမေးနဲ့ ကျောက်ဆောင်ကျောက်ခဲလိုကို ငြိမ်တာ"

နန်းဟွမ်ခမ်းရော နှင်းဖြူဖြူအေးကပါ သူမ၏ အနေအေးမှုကို တစ်ယောက်တစ်ပေါက် ဆိုကြသည်။

"ဒါနဲ့ မင်းသားက ကျွန်မတို့သူငယ်ချင်း အေးအေးလေးကို ဇာတ်လမ်းရှာတာတော့ မဟုတ်ပါဘူးနော်"

"အာ. . . မဟုတ်ရပါဘူးဗျာ၊ ကျွန်တော် တကယ်စိတ်ဝင်စားတာပါ၊ ဒါနဲ့ သူ့အိမ်နဲ့ဆိုင်လိပ်စာလေး ပြောပြပါလား"

ကျွန်တော့်စကားကြောင့် နှင်းဖြူဖြူအေးနှင့် နန်းဟွမ်ခမ်းက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။

"မြန်မြန်ပြောပြလိုက်ပါဟာ၊ ဒီကောင်က နောက်လဆိုရန်ကုန်ပြန်တော့မှာမို့လို့ မြန်မြန်လှုပ်ရှားချင်နေတာ"

"ပြောပြတာက ပြောပြမှာပါ၊ ဒါပေမဲ့ ငွေရည်ဖူးက အခိုက်တိုတိုနဲ့ ယောကျ်ားတစ်ယောက်ကို မြန်ကြိုက်မဲ့ပုံတော့ မပေါက်ဘူး"

"အာ. . . ရတယ်၊ သုံးနှစ်ပဲလိုက်ရလိုက်ရ ပြဿနာမရှိဘူး"

ကျွန်တော့်စကားအဆုံးမှာ. . .

"သေချာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု နန်းဟွမ်ခမ်းက ပြုံးစိစိဖြင့် မေးသည်။

"သေချာပါတယ်ဗျာ၊ ဒါနဲ့ ဖြစ်နိုင်ရင် ဖုန်းနံပါတ်လေးပါ လိုချင်တယ်ဗျ"

"အင်း. . . သူ့အိမ်မှာတော့ ဖုန်းရှိတယ်၊ ဒါပေမဲ့ ဆိုင်မှာတော့ ဖုန်းမရှိဘူး၊ အိမ်ကို ဖုန်းဆက်ဖို့ဆိုတာကလည်း လွယ်မယ်တော့မထင်ဘူး၊ သူ့မိသားစုကလည်း သူ့လိုပဲ ရိုးရိုးကြီးတွေ၊ ပြီးတော့ စည်းကမ်းလည်း အရမ်းကြီးတာ"

"သူ့ဆိုင်မှာ ဈေးလေးဘာလေးဝယ်ရင်းနဲ့ ရင်းနှီးအောင် အရင်လုပ်ပေါ့၊ ပြီးတော့မှ အခြေအနေကြည့်ပြီး ဆက်လှုပ်ရှားပေါ့"

နှင်းဖြူဖြူအေးက လမ်းကြောင်းတွေ ခင်းပြသည်။

"အဲဒီလိုပဲ လုပ်ရမှာပဲ၊ ဒါပေမဲ့ နင်တို့တွေ ဒီကိစ္စကို နှုတ်လုံ ပါစေနော်၊ ဒီကောင်က မင်းသားဆိုတော့ လူတွေက သွားပုတ်လေ လွင့် လျှောက်ပြောနေမှာစိုးလို့"

"အေးပါ"

ကျော်ဝဏ္ဏ၏စကားကို နန်းဟွမ်ခမ်းက အေးပါဟု ချက်စောင်းထိုးရင်း ဆိုသည်။ ပြီး တစ်လက်စတည်း သူမ၏ဆိုင်နေရာတိုပါ ပြောပြသည်။ ဘာရယ်မဟုတ် ကျွန်တော့်ရင်ထဲမှာတော့ ရည်းစားစထားမည့်သူ တစ်ယောက်လို ရင်တွေဘာတွေတောင် ခုန်လို့။

xxxxx



www.burmeseclassic.com

www.burmeseclassic.com

## ၁၁

**နန်းဟွမ်ခမ်း၏ ငွေရည်ဖူးနှင့် ပတ်သတ်သမျှ ပြောပြခဲ့ သည်ကို နားမှာ ပြန်၍ ကြားယောင်ကာနေသည်။**

"ငွေရည်ဖူးရဲ့ အိမ်နာမည်က ပိပိတဲ့ မှတ်ထားဦး၊ သူ့ဆိုင်မှာက ဆိုင်ကယ်အတွက် အင်ဂျင်ပိုင်တို့၊ ဓာတ်ဆီတို့ရောင်းတယ်၊ လျှပ်စစ်ပစ္စည်း အသေးစားတွေရောင်းတယ်၊ နောက် အိမ်သုံးဆေးတို့၊ သွပ်တို့၊ သံတို့၊ ဘိလပ်မြေတို့၊ အထပ်သားတို့လည်း ရောင်းတယ်"

နန်းဟွမ်ခမ်း၏ ငွေရည်ဖူးနှင့် ပတ်သက်သမျှ ပြောပြခဲ့သည်ကို နားမှာပြန်၍ ကြားယောင်ကာနေသည်။

စီးလာသောဆိုင်ကယ်ကို သူမဆိုင်ရှေ့မှာ ရပ်လိုက်သောအခါ သူမဆိုင်ရှိ အလုပ်သမားက ဘာလိုလို့လဲဟူသောသဘောဖြင့် ကျွန်တော့်ကို လှမ်း၍ကြည့်သည်။

ဆိုင်ကယ်ထိုင်ခုံကို လှန်ကာ ဆီတိုင်ကီအဖုံးကိုဖွင့်ပြလိုက်သောအခါ ဓာတ်ဆီဝယ်မည်ဟု ၎င်းက သဘောပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ဖိုးလဲ"

"တစ်ထောင်ဖိုး"

တစ်ထောင်ဖိုးဟုဆိုလိုက်ရင်း သူမကို တွေ့လိုတွေ့ငြား ဆိုင်ထဲကို လှမ်းကြည့်ဖြစ်သည်။

ဆိုင်ထဲရှိ ကောင်တာမှာ မဂ္ဂဇင်းဖတ်နေသော သူမကို လှမ်းမြင်ရသည်။ သူမကို ကြည့်နေစဉ်မှာပင် မော့ကာ လှမ်းကြည့်သော သူမနှင့် အကြည့်ချင်းဆုံသည်။ မှတ်မိသွားဟန်ဖြင့် သူမက လှမ်းပြုံးပြသည်။

"ကိုဖြိုးနိုင် ဘယ်သွားမလို့တုန်း"

"ဒိနားမှာ သူငယ်ချင်းရှိတယ်လေ၊ သူ့ဆီသွားမလို့"

ခပ်သွက်သွက်ပြန်ဖြေရင်း ပြုံးပြဖြစ်သည်။ သူမက ဝတ်ကျေ တန်းကျေပင် နှုတ်ဆက်ပြီး မဂ္ဂဇင်းစာအုပ်ကို ဆက်ဖတ်ကာနေသည်။

ဆိုင်မှ အလုပ်သမားက ကျွန်တော့်ဆိုင်ကယ်ထဲ ဆီထည့်ကာ ပေးသည်။ အလုပ်သမားထံ ငွေတစ်ထောင်လှမ်းပေးရင်း ဆိုင်ကယ်ကို စီးထွက်ခဲ့ဖြစ်သည်။ ဒီနေ့ သူမနှင့် ပတ်သက်သော Intro က ဤမျှလောက်သာ။

××××

www.burmeseclassic.com

www.burmeseclassic.com

## II

*"ရခဲမှုဥစ္စာ၊ တတ်ခဲမှုပညာတဲ့ကွ၊ လိုက်ရတာ ခဏလေးနဲ့ ဆို ဖျင်းစရာ ကြီး"*

"မင်းကလည်းကွာ မင်းသားလုပ်နေပြီး ညံ့လိုက်တာကွာ၊ ဘာမဂ္ဂဇင်းတွေဖတ်နေလဲ၊ ဘာညာဆိုပြီးဝင်ရောပါလား"

လင်းနောင်က အားမလိုအားမရဖြင့် ကျွန်တော့်ကိုဆိုသည်။

"သူ့ပုံစံက ရောတိုင်းရမဲ့ပုံမပေါ်ဘူး၊ ဆိုင်ထိုင်နေတဲ့ပုံစံက ချစ်စရာလေးကွာ"

"ရောဂါကတော့ ရင့်လာပြီ"

ကျော်ဝဏ္ဏက ပခုံးကိုတွန့်ရင်းဆိုသည်။

"မင်းတို့ကသာ သွားရောပါလားတွေဘာတွေ လုပ်နေတာ သူ့ဆိုင်မှာ သူတစ်ယောက်တည်းမဟုတ်ဘူးကွ၊ ငါ အခေါက်ခေါက် အခါခါ ပတ်ကြည့်ပြီးသွားပြီ၊ တစ်ယောက်မဟုတ် တစ်ယောက် သူ့ဘေးမှာအမြဲရှိတယ်"

"မင်းပြောသလိုဆိုရင် သူတစ်ယောက်တည်းရှိမဲ့ အချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



သိရအောင် အမြဲပတ်နေရမဲ့ သဘောပဲ မင်းသားရ"

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က ကောက်ချက်ချသည်။

"ပတ်တာပဲကွာ တစ်ရက်မဟုတ်တစ်ရက်တော့ သူလည်း ရိပ်မိကောင်းရိပ်မိလာမှာပါ"

သက်ပြင်းချရင်း ကျွန်တော်ဆိုဖြစ်သည်။

"နန်းဟွမ်ခမ်းပြောသလို မကြာခဏ ဈေးသွားသွားဝယ်ပေးပေါ့ကွာ၊ သူ့ဆိုင်မှာက ဝယ်စရာများပါတယ်၊ ချောင်းပေါက်မတတ်သွားပါများရင် သူလည်းပဲ ကလေးမှမဟုတ်တာ၊ အနည်းနဲ့အများတော့ ရိပ်မိလာမှာပဲ၊ အဲ နောက်ဆုံး မရိပ်မိရင်တောင်မှ အရင်ကထက် ပိုရင်းနှီးလာလိမ့်မယ်"

ကျော်ဝဏ္ဏက သူ့စဉ်းစားမိသလို အကြံပြုသည်။

"အဲဒါက ကိစ္စမရှိဘူးကွ၊ သူ့ဆိုင်က လမ်းလေးဆုံမှာ ရှိနေတော့ မျက်နှာချင်းဆိုင်မှာက ဂိတ်ရှိတယ်၊ ပတ်ပတ်လည်မှာကလည်း တွမ်းယာဆိုင်တွေ နည်းနည်းနောနော မဟုတ်ဘူး၊ ငါ့စိတ်ထဲမှာ ငါ့ကို စောင့်ပြီး ဝိုင်းကြည့်နေကြသလိုမျိုး လိပ်ပြာမလုံဘူးကွာ"

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က ရယ်သည်။ ပြီး

"အေးပေါ့. . . မင်းသာ သူလိုကိုယ်လို သာမန်အရပ်သားဆိုရင်လည်း သူတို့အနေနဲ့ သတိထားမိချင်မှ ထားမိမှာပေါ့၊ ဘာပဲပြောပြော မင်းရဲ့အနေအထားက အရမ်းကြီး နာမည်မကြီးရင်တောင်မှ သူမသိသူမသိလည်းမဟုတ်တော့ တစ်ယောက်မဟုတ်တစ်ယောက်ကတော့ သိနေမှာပဲ၊ ဒီတော့ မင်း ငွေရည်ဖူးကို သွားပတ်တာ ခေါက်ရေစိတ်လာတာနဲ့အမျှ သူတို့လည်း ရိပ်မိလာပြီး စောင့်ကြည့်တာမျိုးမဟုတ်ရင်တောင် အမှတ်မထင်တော့ သတိထားမိလာမှာ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုသည်။

"အေးကွာ. . . ကြည့်ရတာ ငါတော့ အောင်သွယ်ပဲ အားကိုးရတော့မယ်ထင်တယ်၊ ခက်တာက ငါကလည်း နန်းဟွမ်ခမ်းတို့၊ နှင်းဖြူဖြူအေးတို့နဲ့က သိပ်ခင်တာမဟုတ်ဘူး"

ကျွန်တော့်စကားအဆုံးမှာ ကျော်ဝဏ္ဏက

"အဲဒါကို ငါ့ကိစ္စလို့သဘောထား၊ အဲဒီအပိုင်းက ပြဿနာမရှိဘူး၊ မင်းသာ ဟိုဘက်ကို မျက်နှာများများပြပြီး ရင်းနှီးအောင်အရင်လုပ်ထား"

ဟုဆိုသည်။

"တစ်ဖက်မှာလည်း နန်းဟွမ်ခမ်းတို့နဲ့ ဒီကောင့်ကို ပိုရင်းနှီးအောင် မကြာခဏ ဆုံပေးမှဖြစ်မယ်"

လင်းနေခင်က ကျော်ဝဏ္ဏကိုဆိုသည်။

"အင်း. . . ငါ့အဖြစ်က အရပ်ကူပါလူဝိုင်းပါဆိုသလိုဖြစ်နေပြီ"

ဟက်ခနဲ ရယ်ရင်းဆိုသော ကျွန်တော့်စကားကို ဒီလိုပဲပေါ့ကွာဟု ကျော်ဝဏ္ဏကဆိုသည်။

"နန်းဟွမ်ခမ်းပြောသလိုပဲ ငွေရည်ဖူးကိုကြည့်ရတာ အေးတိအေးစက်နဲ့ တော်တော်ကြီး ကြိုးစားရမဲ့ပုံပဲကွ"

ကျွန်တော် သက်ပြင်းချရင်း ဆိုသော စကားအဆုံးမှာ လင်းနေခင်က. . .

"ရခဲမှဥစ္စာ၊ တတ်ခဲမှပညာတဲ့ကွ၊ လိုက်ရတာ ခဏလေးနဲ့ဆို ပျင်းစရာကြီး"

ဟု မှတ်ချက်ချသည်။ ဘာရယ်မဟုတ် ကျွန်တော် သက်ပြင်းကိုသာ ခပ်ကြွမ်းကြွမ်းချဖြစ်သည်။

xxxx


www.burmeseclassic.com

www.burmeseclassic.com



"

မြန်မာသရုပ်ဆောင်တစ်ယောက်ကို
ရှေ့မှာထားပြီး ဝယ်ဝယ်နယ်နယ်ကြီး
မြန်မာဇာတ်ကားမကောင်းကြောင်း
ပြောနေသော ကိုအောင်မင်းကို
ကြည့်ရင်း . . .

"မြန်မာဇာတ်ကားတွေကြည့်ရတာ ကြာလေ အရသာပေါ့လေပဲ၊ အခုနောက်ပိုင်း မြန်မာကားဆို ကြည့်ကိုမကြည့်ဖြစ်တော့ဘူး"

ကျော်ဝဏ္ဏ၏ဖိတ်ကြားမှုဖြင့် နန်းဟွမ်ခမ်းနှင့် နှင်းဖြူဖြူအေးတို့ ကျော်ဝဏ္ဏအမေ၏ မွေးနေ့သို့ ရောက်လာကြသည်။ နန်းဟွမ်ခမ်းနှင့်ပါလာသော နန်းဟွမ်ခမ်း၏ရည်းစားဖြစ်သူ အောင်မင်းနှင့် တွန်တော့်ကို နှင်းဖြူဖြူအေးက မိတ်ဆက်ပေးသည်။

သရုပ်ဆောင်မင်းသားဟု မိတ်ဆက်ပေးပြီးပြီးချင်းမှာ အလိုင်းကြီး ထ၍ဆိုသော အောင်မင်း၏စကားဖြစ်သည်။ အနုပညာမှမဟုတ် မည်သည့်လုပ်ငန်းကိုမဆို ဝေဖန်ခြင်း၊ ထိုးနှက်ခြင်း၊ ရှုံ့ချခြင်းတို့ ရှိစမြဲဆိုသည်ကို ကျွန်တော် ကောင်းကောင်းကြီး နားလည်ထားပြီးဖြစ်သည်။

www.burmeseclassic.com



အနုပညာသည် ဖျော်ဖြေခြင်းနှင့် ပတ်သက်နေသည်မို့ အခြားလုပ်ငန်းများထက်ပို၍ အပြစ်တင်ဝေဖန်ခံရလေ့ရှိမှန်းလည်း ကြို၍သိရှိပြီးဖြစ်သည်။ မြန်မာဇာတ်ကားများနှင့်ပတ်သက်၍ အခြားနိုင်ငံခြားကားများနှင့် ယှဉ်ကာ အပြစ်ပြောခံရပေါင်းများ၍ တော်တော်လေးလည်း အရေထူနေပြီဖြစ်သည်။

မည်သို့ပင် အရေထူသည်ဆိုဦးတော့ ပုထုဇဉ်တစ်ယောက်မို့ နှိမ့်ချဝေဖန်မှုကို အနည်းနှင့်အများတော့ စိတ်မကောင်းဖြစ်ရသည်ပဲဖြစ်သည်။

"မြန်မာဇာတ်ကားတစ်ရာမှာ တစ်ရာလုံး မကောင်းဘူးလို့တော့ မပြောပါဘူး၊ ဒါပေမဲ့ တစ်ရာမှာ ကိုးဆယ်လောက်က စိတ်ပျက်စရာကြီး"

ကိုအောင်မင်းက နောက်ဆက်တွဲဖြစ်သော ထိုးနှက်စကားကိုဆိုသည်။

"ကိုအောင်မင်းက ဘယ်လိုမြန်မာကားမျိုးတွေ ကြည့်ဖြစ်လို့လဲဗျ"

စိတ်ထဲမှ မခံချင်မှုတို့ကို မျိုသိပ်ရင်း ပြုံးကာမေးဖြစ်သည်။

"ဘယ်လိုဇာတ်ကားလဲဆိုတာတောင် ခွဲဖို့ခက်ပါတယ်ဗျာ၊ အတော်များများက အဓိပ္ပာယ်မရှိတာတွေချည်းဆိုတော့ နိုင်ငံခြားကားဆိုရင်တော့ အကုန်လုံးနီးပါးကြည့်ဖြစ်တယ်၊ မြန်မာကားတွေကတော့ ဇာတ်လမ်းအမျိုးအစား မခွဲတတ်လောက်အောင် ချာတူးလန်နေတာဆိုတော့"

မြန်မာသရုပ်ဆောင်တစ်ယောက်ကို ရှေ့မှာထားပြီး ပယ်ပယ်နယ်နယ်ကြီး မြန်မာဇာတ်ကားမကောင်းကြောင်းပြောနေသော ကိုအောင်မင်းကိုကြည့်ရင်း ကျွန်တော့်စိတ်မှာ တော်တော်လေး

www.burmeseclassic.com

www.burmeseclassic.com



တင်းသွားမိသည်။

"ကိုအောင်မင်းက ဇာတ်လမ်းအမျိုးအစားတွေကို ဘယ်လို ခွဲလဲဗျ၊ ဥပမာ ကိုအောင်မင်းကြိုက်တဲ့ နိုင်ငံခြားကားတွေမှာပေါ့"

ကျွန်တော့်အမေးကြောင့် ကိုအောင်မင်းက ဟက်ခနဲရယ် သည်။

"ဇာတ်ကားပဲဗျာ၊ ဘယ်နိုင်ငံကကားပဲဖြစ်ဖြစ် ဘယ်နှမျိုး ရှိမှာမို့လို့တုန်း၊ အချစ်ရှိမယ်၊ ဟာသရှိမယ်၊ အက်ရှင်ဇာတ်ကားရှိ မယ် ဒါပဲပေါ့"

ကိုအောင်မင်း၏ စကားကို ကျွန်တော် ခေါင်းခါပြဖြစ်သည်။

"ကိုအောင်မင်း သတိမထားမိလို့ ဖြစ်မယ်၊ ဇာတ်လမ်း အမျိုးအစားပေါင်းက အနည်းဆုံး ဆယ့်လေးငါးမျိုးလောက်ရှိတယ်"

"မဖြစ်နိုင်တာဗျာ၊ ကဲဒါဖြင့် ပြောပြကြည့်ပါဦး"

ကျွန်တော့်စကားကို ကိုအောင်မင်းက 'မင်းရောသိလို့လား' ဆိုသောသဘောဖြင့် သွေးတိုးစမ်းကာမေးသည်။

"အချစ်ဆိုတဲ့ Romatic ကားရှိမယ်၊ War လို့ခေါ်တဲ့ စစ်ကားရှိမယ်၊ ဂျိမ်း(စ်)ဘွန်းတို့လို စုံထောက်ကားတွေရှိမယ်၊ Action ဆိုတဲ့ လှုပ်မှုတိုက်ခိုက်မှု အသားပေးကားတွေရှိမယ်၊ Adventure လို စွန့်စားမှုကားတွေရှိမယ်၊ Psychologicial လို စိတ္တဇဗေဒ ကားတွေရှိမယ်၊ Social Problem လို လူမှုရေး ကားတွေလည်းရှိမယ်၊ Religious ဆိုတဲ့ ဘာသာရေးဆိုင်ရာ ကားတွေရှိမယ်၊ Biograpical လို့ခေါ်တဲ့ အတ္ထုပတ္တိဇာတ်ကားတွေလည်းရှိတာပဲ၊ နောက် Historycial ဆိုတဲ့ သမိုင်းရာဇဝင်ကားတွေလည်းရှိတယ်၊ Mystery လို့ခေါ်တဲ့ လျှို့ဝှက်သည်းဖို ကားတွေလည်းရှိတယ်"

စကားကို ခဏဖြတ်ပြီး ကြည့်လိုက်သောအခါ ကိုအောင်

www.burmeseclassic.com

www.burmeseclassic.com

ခင်း၏ မျက်နှာမှာ အီလည်လည်ကြီးဖြစ်နေသော ပုံစံကိုတွေ့ရသည်။

"ပြီးတော့ Musical ဆိုတဲ့ တေးသံစုံဇာတ်ကားတွေရှိတယ်၊ Comedy လို့ခေါ်တဲ့ ဟာသကားတွေရှိမယ်၊ နောက်ပြီး Science လို့ခေါ်တဲ့ သိပ္ပံကားတွေလည်း ရှိတယ်၊ အဲဒါတွေအပြင် ရောမွှေထားတဲ့ ကားတွေရှိဦးမယ်၊ သိပ္ပံ အချစ်တို့၊ အချစ်ဟာသတို့ စုံထောက် အချစ်တို့ အများကြီးရှိသေးတယ်ဗျ"

ကျွန်တော့်စကားအဆုံးမှာ ကိုအောင်မင်းက ရှေ့မှာချထားသော အအေးခွက်ကို ကယောင်ကတမ်းဖြင့် ယူမော့သည်။

"ကိုဖြိုးနိုင်က မင်းသားလို့မပြောရဘူး ဒါတွေအကုန် လေ့လာထားတာပဲ"

နှင်းဖြူဖြူအေးက ကျွန်တော့်ကိုကြည့်ရင်း ဆိုသည်။ တစ်နည်းအားဖြင့် ကျွန်တော်နှင့် ကိုအောင်မင်းကြားရှိ တင်းမာမှုကို စကားလမ်းကြောင်း ပြောင်းပစ်ခြင်းလည်းဖြစ်သည်။

"လေ့လာထားရမှာပေါ့ဗျာ၊ ဒီအလုပ်ကို စိတ်ဝင်စားမိမှ တော့ အားလုံးမဟုတ်ရင်တောင် တီးမိခေါက်မိတော့ ရှိရမှာပေါ့၊ မဟုတ်ရင် ဘာမှမသိဘဲ သူများပြောသမျှ ပါးစပ်ဟပြီး နားထောင် နေရမှာပေါ့"

ကျွန်တော့်စကားက အတော်လေး တာသွားသည်။ ကိုအောင်မင်းက ကျွန်တော့်ကို ဆတ်ခနဲ ဘုကြည့်လှမ်းကြည့်သည်။ ကျွန်တော် တမင်ပင် မသိချင်ယောင်ဆောင်ကာ. . .

"ကိုအောင်မင်းကိုကြည့်ရတာ Action ကားတွေ ပိုကြိုက် တယ်နဲ့တူတယ်၊ ဒါပေမဲ့ ဖြစ်နိုင်ရင် တခြားကားတွေလည်း စုံအောင် ကြည့်သင့်တယ်ဗျ"

ဟု ဆက်၍ဆိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အပျင်းပြေသဘောမျိုး ကြည့်တာဆိုတော့ ကြိုတဲ့ကားကြည့်လိုက်တာပဲ၊ အဲ မြန်မာဇာတ်ကားကလွဲရင်ပေါ့"

ကိုအောင်မင်းက နောက်ဆုံးဆိုက်နေကျ ဘူတာကို ပြန်ဆိုက်ရင်း ဆိုသည်။ ဘာရယ်မဟုတ် ကျွန်တော်ပြုံးကာ နေပစ်လိုက်သည်။ ဒါမျိုးနှိပ်ကွပ်မှုတွေက ကျွန်တော့်အဖို့ အတော်ကြီးရိုးနေပြီကိုး။

ထိုနေ့က မှတ်မှတ်ရရ ငွေရည်ဖူးအကြောင်း စကားလေးပင် မစလိုက်ရ။

××××××

www.burmeseclassic.com

www.burmeseclassic.com

## ၃၄ မြရင်းအိုင်

"ရည်းစားထားခဲ့သမျှ ဒီလိုမျိုးကြီး တစ်ခါမှ မကြုံဖူးလို့ပါ၊ ငါ့ဘဝမှာ နှစ်ဦးနှစ်ဖက်ကြည်ဖြူလို့ ရည်းစားဖြစ်ခဲ့တာ ချည်းပဲ၊ အခုမှ တစ်ဖက်သတ်အချစ်ဆိုတာကို ..."

ဆိုင်ကယ်ကိုရပ်ကာ ဆိုင်ထဲသို့ လှမ်းအကြည့် သူမက ရတနာနှင့် စကားပြောနေရာမှ လှမ်းကြည့်သည်။

ဆိုင်ကယ်ထိုင်ခုံကို ဖွင့်သောအခါ ဆိုင်ကယ်ဆီထည့်မည်မှန်း သူမက သဘောပေါက်ကာသွားသည်။

"ဆီဘယ်လောက်ထည့်မလဲ ကိုဖြိုးနိုင်"

"ငါးရာတန်သုံးလုံးလောက်"

ဆိုင်မှ အလုပ်သမားမရှိသည်မို့ သူမကိုယ်တိုင် ဆီလာထည့်ပေးသည်။ ထောင့်ငါးရာဖိုး ဆီထည့်သော ကျွန်တော့်ကို ရတနာက သိနေတယ်နော်ဟူသော သဘောဖြင့် ပြုံးပြသည်။ တကယ်တော့ ဒါက လိပ်ပြာမလုံသော ကျွန်တော့်အထင်ဖြစ်သည်။ ရတနာ့ဘက်က သဘောရိုးဖြင့် ပြုံးပြခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။

"ဘယ်သွားမလို့လဲ ကိုဖြိုးနိုင်"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူမ၏မေးနေကျ ပုံစံအတိုင်း မေးသည်။ ကျွန်တော်ကလည်း ထုံးစံအတိုင်း လိမ်ကာဖြေဖြစ်သည်။

"ဒီနားက သူငယ်ချင်းဆီလာတာ၊ စားပြီးပြီလား"

"အင်း"

ဘာပြောလို့ပြောရမှန်း မသိသည်မို့ စားပြီးပြီလားဟု မေးဖြစ်သည်။ နေ့လယ်နှစ်နာရီခွဲအချိန်မှာ စားပြီးပြီလားဟူသော မေးခွန်းက နည်းနည်းတော့ ကြောင်တောင်တောင် ဖြစ်ကောင်းဖြစ်နေလိမ့်မည်။ သို့သော် ကျွန်တော့်မှာ မေးစရာ အာလာပသလ္လာပက မရှိ။ 'သွားမယ်နော်'ဟု နှုတ်ဆက်ရင်း လှည့်ထွက်ခဲ့ဖြစ်သည်။ နောက်ဆိုလျှင်တော့ ဆိုင်ထဲဝင်ကာ စကားကြာကြာပြောနိုင်အောင် မီးသီးပဲဖြစ်ဖြစ် ဝင်ဝယ်ရမည်ဟု ဆိုင်ရှေ့မှထွက်လာရင်း တွေးမိသည်။

လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေမည့် လင်းနောင်တို့ဆီ တစ်လက်စထဲဆိုသလို ထွက်လာခဲ့ရင်း 'ရန်ကုန်သွားရန် မျက်သိပ်မလိုတော့'ဟု တွေးမိသည်။

လက်ဖက်ရည်ဆိုင်ရှေ့တွင် ဆိုင်ကယ်ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျော်ဝဏ္ဏက လက်လှမ်းပြသည်။

"အခြေအနေ ဘယ်လိုလဲ"

"ဆိုင်က အလုပ်သမားကတော့မရှိဘူး၊ ဒါပေမဲ့ ရတနာတော့ရှိနေတယ်၊ ရန်ကုန်ပြန်ဖို့ကလည်း ရက်ကနီးနေပြီ၊ အခုအထိ ဆိုင်ရှေ့က ဖြတ်လျှောက်၊ ဈေးလေး ဟိုဝယ်ဒီဝယ်အဆင့်ကကို မတက်နိုင်သေးဘူး၊ သူကလည်း နန်းဟွမ်ခမ်းတို့ပြောသလိုပဲ တကယ့် တျောက်ဆောင်ကျောက်ခဲလိုပဲကွာ လုံးဝကို မတုန်မလှုပ်ကြီး"

'အခြေအနေ ဘယ်လိုလဲ'ဟူသော လင်းနောင်၏ အမေးကို ရှည်လျားစွာပင် ကျွန်တော်ဖြေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝဏ္ဏက

"သူ့ဘက်ကလည်း အနည်းနဲ့အများတော့ ရိပ်မိနေမှာပါ၊ မိန်းကလေးပဲကွာ ရွှေစွန်ညိုဘာကိုလိုလို့ဝဲမှန်း သိပါတယ်ကွာ၊ ပြီးတော့ နန်းဟွမ်ခမ်းတို့က ဘယ်လောက်နှုတ်ပိတ်ထားပိတ်ထား ငွေရည်ဖူးကိုသွားမပြောဘူးလို့ မထင်နဲ့"

ဟုဆိုသည်။

"ဟုတ်တယ်ကွ၊ လူဆိုတဲ့အမျိုးကလည်း မသွားနဲ့၊ မလုပ်နဲ့လို့ ပြောလေလေ သွားချင်လေ လုပ်ချင်လေပဲ၊ အခုလည်း တမင်သွား ပြောအောင်လို့ သွားမပြောနဲ့လို့ တမင်ဖိနှိပ်လိုက်တာ"

လင်းနောင်က ဟက်ခနဲရယ်ရင်း ဆိုသည်။

"ဒါဆို ငါ သူ့ကို စိတ်ဝင်စားနေမှန်း သိရဲ့သားနဲ့ သူက ဒီလို အေးအေးဆေးဆေးကြီး နေနိုင်နေတာပေါ့ ဟုတ်လား၊ တကယ် ဆို မှည်းနည်းလေး ရှက်ကိုးရှက်ကန်းပဲဖြစ်ဖြစ် အမူအရာပျက်နေသင့် တယ်မဟုတ်လား၊ ကြည့်ရတာ ငါတော့ ကျောက်ခဲရေညှစ်သလိုများ ဖြစ်ပြီလားမသိပါဘူးကွာ"

ကျွန်တော့်စကားအဆုံးမှာ ကျော်ဝဏ္ဏကရယ်သည်။

"မင်းကလည်းကွာ စစ်မဖြစ်သေးဘဲနဲ့ မြားကကုန်နေပြန်ပြီ၊ မင်း သူ့ကိုစိတ်ဝင်စားနေမှန်းသိလို့ တမင် ဣန္ဒြေဆည်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွ၊ နန်းဟွမ်ခမ်းတို့ ပြောဖူးသားပဲ၊ ငွေရည်ဖူးက တခြားကောင်မလေးတွေနဲ့ မတူဘူးလို့"

ရယ်ရင်းက ကျော်ဝဏ္ဏကဆိုသည်။

"ငါက ရန်ကုန်ပြန်ရတော့မှာကွ"

"အေး. . . ပြန်ပေါ့၊ မင်းဟိုက အားတဲ့အချိန်ကြွေးတော့မှ ပြန်လာပြီး ဆက်လှုပ်ရှားပေါ့၊ အမှန်တကယ်ကြီး ကြွေနေမှတော့



www.burmeseclassic.com

www.burmeseclassic.com



အမှန်အကန်အချိန်ပေးပြီး လုပ်ရှားရမှာပေါ့ကွာ၊ ဟုတ်တယ်မဟုတ်လား"

လင်းနောင်က ရှည်လျားစွာဆိုရင်း ကျွန်တော့်ကို ဟုတ်တယ်မဟုတ်လားဟု ဆိုသည်။

"ငါကတော့ ရန်ကုန်မသွားခင်မှာ စာပဲဖြစ်ဖြစ်ပေးခဲ့ချင်တယ်ကွာ၊ မင်းတို့ကော ဘယ်လိုသဘောရလဲ"

"ငါ့သဘောဆိုရင်တော့ အရင်မလိုစေချင်ဘူး"

ကျွန်တော့်စကားအဆုံးမှာ ကျော်ဝဏ္ဏကဆိုသည်။

"ဘာဖြစ်လို့တုန်း"

မေးရန်ပြင်နေသော ကျွန်တော့်အစား လင်းနောင်က ဝင်၍မေးသည်။

"ငွေရည်ဖူးနဲ့ မင်းနဲ့က မျက်မှန်းတန်းမိတဲ့အဆင့်ပဲ ရှိသေးတယ်၊ ရင်းနှီးတဲ့အဆင့်ကို မရောက်သေးဘူး၊ အရင်ဆုံး တော်တော်လေးရင်းနှီးအောင် လုပ်သင့်တယ်လို့ ငါထင်တယ်"

ကျော်ဝဏ္ဏက အထက်ပါအတိုင်းဆိုသည်။

"ရင်းနှီးအောင့်လုပ်ဖို့ ဆိုတာကလည်း ဈေးခဏခဏသွားဝယ်ပြီး မျက်နှာသွားသွားပြနေမှရတယ်"

လင်းနောင်က ကျော်ဝဏ္ဏကိုကြည့်ရင်း ဆိုသည်။

"မျက်နှာသွားသွားပြတာက ကိစ္စမရှိဘူး၊ တော်ကြာ ထိုကလေးမခများ ဒီကောင့်မျက်နှာကြီး ခဏခဏမြင်ပြီး အစားအသောက်တွေ ပျက်နေပါဦးမယ်"

ကျော်ဝဏ္ဏက ဟက်ခနဲရယ်ရင်း ကျွန်တော့်ကို နှိပ်တွပ်သည်။

"အဲဒီလောက်တောင်ပဲလား"ဟု ပြန်၍ဆိုရင်း ကျွန်တော် ရယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလောက်နဲ့တင်ဘယ်ကမလဲ"ဟု လင်းနောင်က အတွန့်တတ်သည်။

"ဒီလောက်နဲ့တင်ဘယ်ကမလဲ"

"အင်း. . . ပြောပါဦး"

"ဒီမျက်နှာကြီး ခဏခဏမြင်နေမဲ့အစား စီးပွားပျက်ရင်ပျက်ပါစေတော့ဆိုပြီး ဆိုင်ပါ အပြီးပိတ်သွားလိမ့်မယ်"

လင်းနောင်၏စကားအဆုံးမှာ ဝိုင်းရယ်ဖြစ်ကြသည်။

"ဟုတ်ပကွာ. . . ဒီရုပ်ဒီရည်နဲ့များ သရုပ်ဆောင်မင်းသားဖြစ်ချင်နေသေးတယ်"ဟုဆိုရင်း ကျော်ဝဏ္ဏကရယ်သည်။

"တော်စမ်းပါကွာ၊ မင်းတို့က ငါ့ကိုကြည့်ပြီး ဒီကောင့်လိုရုပ်ဖြောင့်ချင်လိုက်တာဆိုပြီး တွေးနေကြတဲ့ကောင်တွေပါ"

သကောင့်သားနှစ်ကောင်ကို ကျွန်တော် ပြန်ပက်ဖြစ်သည်။ ပြီး သုံးကောင်သား ရယ်ဖြစ်ကြသည်။

"ဒါနဲ့ စကားမစပ် မင်းတို့ပြောသလို ဈေးခဏခဏသွားဝယ်ပြီး ရင်းနှီးအောင်လုပ်တာက ကိစ္စမရှိဘူး၊ သူ့ဆိုင်မှာက သူတစ်ယောက်တည်းရှိတာရှားတယ်၊ အမြဲတမ်း အလုပ်သမားက ဈေးရောင်းကူရင်း ရှိနေတတ်တယ်၊ သွားရတာ မလွတ်မလပ်ကြီးကွ"

"ဒါပေမဲ့ မင်းက သူတစ်ယောက်တည်းရှိနေမဲ့အချိန်ကိုစောင့်ကြည့်ပြီးမှ သွားပေါ့ကွာ၊ ဒီလိုပဲ စိတ်ရှည်ရတော့မှာပေါ့"

ကျော်ဝဏ္ဏက ကျွန်တော့်အဆိုကို 'စိတ်ရှည်ဖို့'အကြံပြုသည်။ ဘာရယ်မဟုတ် ကျွန်တော် ရှုတ်တရက် ရယ်ဖြစ်သည်။

"ဘာရယ်တာလဲကွ"

"ဩော်. . . ရည်းစားထားခဲ့သမျှ ဒီလိုမျိုးကြီး ငါခါမှ မကြုံဖူးလို့ပါ၊ ငါ့ဘဝမှာ နှစ်ဦးနှစ်ဖက် ကြည်ဖြူလို့ ရည်းစားဖြစ်ခဲ့တာချည်းပဲ၊ အခုမှ တစ်ဖက်သတ်အချစ်ဆိုတာကို ကြုံဖူးတာကိုးကွ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကို 'အေးကွ'ဟု လင်းနောင်က ထောက်ခံသည်။ ပြီး တစ်လက်စထဲ

"ဟုတ်တော့ဟုတ်တယ်၊ မင်းအခုကြိုက်တဲ့ ကောင်မလေးက အရင် မင်းထားဖူးတဲ့ ကောင်မလေးတွေနဲ့ယှဉ်လိုက်ရင် ရုပ်ရော၊ ပညာရေးကော စီးပွားရေးကော ဘာမှသာတာမရှိဘူး"

ဟု ဆိုသည်။

"အေးလေ. . . ငွေရည်ဖူးကိုကြည့်ရတာ သိပ်လည်းပိုက်ဆံရှိတာမဟုတ်ဘူး၊ ပညာကလည်း ရိုးရိုးဘွဲ့ရ ဘွဲ့တောင်မှ မာစတာတွေဘာတွေမဟုတ်ဘူး၊ ပြီးတော့ ရုပ်ကလည်း သာမန်၊ သာမန်ရုပ်တောင်မှ တခြားသာမန်ရုပ်နဲ့ ကောင်မလေးတွေလို သွက်သွက်လက်လက်နဲ့ ချစ်စရာလေးဆိုတော့သေးတယ်၊ စဉ်းလည်းစဉ်းစားဦးနော်၊ အခုဟာက ရေခဲတုံးကြီး"

"ငါက အဲဒီ ဘာမှမထူးခြားတာလေးကိုပဲ ချစ်နေတာကွ၊ အဲဒီရေခဲကပဲ ငါ့ရင်ကို အေးမြစေလို့ချစ်တာ"

ကျော်ဝဏ္ဏ၏စကားအဆုံးမှာ ကျွန်တော် ရှင်းချက်ထုတ်ဖြစ်သည်။ ကျွန်တော့်စကားအဆုံးမှာတော့ နှစ်ကောင်သား ကျွန်တော့်တို့ ပြိုင်တူကောက်ချက်ချကြသည်။

ဒင်းတို့နှစ်ကောင်၏ မှတ်ချက်ကား 'ငပေါ'ဟူ၍။

xxxx

www.burmeseclassic.com

www.burmeseclassic.com

"စိတ်ပညာရှင်တွေရဲ့ အဆိုအရတော့ တစ်ကိုယ်ရေ တစ်ကာယသမားတွေ အတွက် အကောင်းဆုံးတွန်းသင့်တဲ့ မီးသီး၊ အရောင်က အပြာရောင်တဲ့ဗျ"

အခွင့်အရေးကို ချောင်းမြောင်းနေ၍လားတော့မသိ အကြိမ်ပေါင်းများစွာ သူမဆိုင်ရှေ့မှ ဖြတ်ကာ မှီးနေရင်းက ဆိုင်မှာ သူမတစ်ယောက်တည်းရှိနေသည်ကို လှမ်းတွေ့လိုက်ရသည်။

အခွင့်အရေးဟူသည် ရတုန်းယူထားရသော သဘောရှိသည်မို့ ဆိုင်ရှေ့မှာ ဆိုင်ကယ်ကိုရပ်ပြီး ဆိုင်ထဲသို့ ခပ်သွက်သွက်ဝင်ခဲ့ဖြစ်သည်။

"ဟော. . . ကိုဖြိုးနိုင် ဘယ်သွားမလို့တုန်း"

ထုံးစံအတိုင်းပင် သူမက နှုတ်ဆက်နေကြ စကားလုံးဖြင့် နှုတ်ဆက်သည်။ ကျွန်တော်က 'ဒီနားလေးတင်'ဟု တိုတိုတုတ်တုတ်ပင် ဖြေဖြစ်သည်။

"ဆိုင်ကယ်ဆီ ထည့်မလို့လား"

ဆိုင်ထဲရောက်နေသော ကျွန်တော့်ကို သူမက အူကြောင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပင် မေးသည်။ ကျွန်တော် ခေါင်းခါပြဖြစ်သည်။

"ဆီမထည့်ဘူး၊ မီးသီးဝယ်ချင်လို့"

"ဘယ်လိုမီးသီးမျိုးလဲ"

သူမ၏အမေးကို ကျွန်တော် ချက်ချင်းမဖြေဖြစ်။ မလိုဘဲ ဝယ်ရမည့်ပစ္စည်း ဖြစ်သည့်အပြင် မည်ကဲ့သို့သော ပုံစံမျိုးဝယ်မည်ကို ကြိုတင်စဉ်းစားလာခြင်း မရှိသည့်အတွက် ဘာပြောလို့ပြောရမှန်း မသိ ဖြစ်ကာနေသည်။

"ဟိုဒင်းဗျာ"

"အကြည်လား၊ အနောက်လား၊ အရောင်နဲ့လား"

သူမက မီးသီးများထားသော ဗီရိုဘက်ကြည့်ကာ ရှတ်ပြသည်။

"ဒီလိုဗျ. . . ညဘက်အိပ်တဲ့အချိန်မှာ ထွန်းတဲ့ မီးသီးမျိုး လိုချင်တာ၊ စိတ်ပညာရှင်တွေရဲ့ အဆိုအရတော့ တစ်ကိုယ်ရေ တစ်ကာယသမားတွေအတွက် အကောင်းဆုံးထွန်းသင့်တဲ့ မီးသီး၊ အရောင်က အပြာရောင်တဲ့ဗျ"

"အင်. . . ဘာဆိုင်လို့တုန်း"

ရုတ်တရက်ဖြီးသော ကျွန်တော့်စကားကို သူမက 'ဘာဆိုင်လို့တုန်း'ဟု အူကြောင်ကြောင်ဖြင့် ဆိုသည်။

"Sorry ဗျာ ကျွန်တော် စကားပြောတာ လောသွားတယ်၊ ဒီလိုဗျ ညညဆို ကျွန်တော် အိပ်လို့မပျော်ဘူးဖြစ်နေတယ်"

"အင်း. . . အဲဒီတော့"

"တကယ်ဆို ရည်းစားလေးဘာလေးရှိရင်လည်း အိပ်မပျော်သေးရင် ဖုန်းလေးဘာလေးဆက်လို့ ရသေးတယ်၊ အခုက ရည်းစားလည်းမရှိတော့"

"ဪ. . . ဒါများ မေတ္တာသုတ်လေးဘာလေး ရွတ်ပေါ့

www.burmeseclassic.com

ရှင်"

"အင်"

"မဟုတ်ဘူးလား"

'အင်'ခနဲနေသွားသော ကျွန်တော့်ကို သူမက 'မဟုတ်ဘူးလား'တု ပြုံးစိစိဖြင့်ဆိုသည်။

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အထီးကျန်သလိုခံစားရရင်တော့ အပြာရောင်မီးသီးလေးထွန်းပြီး အိပ်ရတယ်တဲ့ဗျ၊ အဲဒါကြောင့်ပါ၊ အထီးမကျန်အောင် ရည်းစားထားဖို့ကလည်း ကြိုက်မဲ့သူတ မရှိဖြစ်နေတော့ မီးသီးဝယ်လိုက်တာက ညအိပ်မပျော်တာကို တုစားဖို့ ပိုမြန်မလားလို့ပါ"

ကျွန်တော့်စကားအဆုံးမှာ သူမက မချိမချဉ်ဖြင့် ရယ်သည်။

"ကြားကြားဖူးပေါင်၊ ရည်းစားမရှိလို့ မီးသီးအပြာရောင်ထွန်းပြီး အိပ်မယ်လို့"

သူမက ပြောပြောဆိုဆိုပင် မီးသီးများထည့်ထားသော ဗီရို၏တံခါးကို ဖွင့်သည်။

"ဘယ်ကြားဖူးပါ့မလဲ၊ မဟုတ်ကဟုတ်ကတွေ ရှိနေတာကိုး" ဟု ကျွန်တော် စိတ်မှနေ ပြောဖြစ်သည်။

"အပြာရောင်နော်၊ ဒီမှာကြည့်"

သူမက မီးသီးအပြာရောင်တစ်လုံးကို မီးဖွင့်ကာစမ်းပြီး ဒီမှာ ကြည့်ဟုဆိုကာ ပြသည်။

မီးသီးဖိုးကိုရှင်းပြီး ထွက်လာရင်းက ဘာရယ်မဟုတ် ကိုယ့်ဘာသာကိုယ် တွေးရင်း ရယ်ဖြစ်သည်။

ချစ်သူရည်းစားရဖို့အရေးလည်း မလွယ်ပါလားဟု။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

## အချစ်တစ်ကောင်ဖြစ်သည် ၄၇

"ကဗျာမဆန်လိုက်တာ မင်းသားရယ်၊ အောလေ ဖဲဗီရေခဲ က မင်းနဲ့တွေ့ပြီး အရည်ပျော်မပျော် ကြည့်ရသေးတာပေါ့"

"ရေခဲဆိုတော်သေးတယ်၊ ကျောက်ခဲဖြစ်နေမှ . . .

"မင်းသားလုပ်နေပြီးတော့ ဘာမှမဟုတ်တဲ့ ကောင်မလေး တစ်ယောက်ရှေ့မှာ စကားတွေမှားပြီး ကမောက်ကမတွေ ဖြစ်ခဲ့တယ် ဆိုပါတော့"

"မင်းကလည်းကွာ. . . ငါ့ရဲ့ရေခဲလေးကို ဘာမှမဟုတ်တဲ့ ကောင်မလေးလို့ မပြောပါနဲ့ကွာ၊ ငါ့အတွက်က တစ်ခါမှမကြုံဖူးသေးတဲ့ ခံစားချက်တွေကိုပေးတဲ့ အချစ်ဦးကွ"

လင်းနောင်၏စကားကို ကျွန်တော် အတွန့်တက်ဖြစ်သည်။

"ဘာ. . . ဘာ အချစ်ဦး ဟုတ်လား၊ လာမဖြီးနဲ့၊ ငါတို့က မင်းနဲ့ မူကြိုကတည်းက ပေါင်းလာတာ၊ မင်း အနည်းဆုံး ရည်းစား သုံးယောက်လောက်ထားဖူးတယ်၊ ဘာ အခုမှ အချစ်ဦးတုန်း"

ကျော်ဝဏ္ဏက တရားခံစစ်သလို ကျွန်တော့်ကိုဆိုသည်။

"ဟ. . . ရည်းစားနဲ့ချစ်သူနဲ့ မတူဘူးကွ၊ ရည်းစားသားတိုင်း

www.burmeseclassic.com

www.burmeseclassic.com

အချစ်နဲ့တွေ့ရှိတာမဟုတ်ဘူး"

"တောက် . . . ဒီစကားကို ဒီကောင်ရဲ့ အရင်ရည်းစားတွေကို ကြားစေချင်တယ်ကွာ၊ တစ်ခါထဲ အသေသတ်သွားအောင်လို့"

ကျွန်တော့်စကားကို ကျော်ဝဏ္ဏက အငေါ့တူးသည်။

"ဒါနဲ့ စောစောက မင်းပြောလိုက်တာ ဘာ ငါ့ရဲ့ရေခဲတုတ်လား"

"အေး"

လင်းနောင်၏အမေးကို ကျွန်တော် အေးဟု ဖြေဖြစ်သည်။

"ငါ့ရဲ့ရင်ထဲကို အေးမြသွားအောင် လုပ်နိုင်တဲ့ အေးတိအေးစက် ကောင်မလေးမို့လို့ ရေခဲလို့ခေါ်တာ"

"ကဗျာမဆန်လိုက်တာ မင်းသားရယ်၊ အေးလေ အဲဒီရေခဲက မင်းနဲ့တွေ့ပြီး အရည်ပျော်မပျော် ကြည့်ရသေးတာပေါ့"

"ရေခဲဆိုတော်သေးတယ်၊ ကျောက်ခဲဖြစ်နေမှ ထွေးမရမျိုမရဖြစ်ဦးမယ်"

တစ်ယောက်တစ်ပေါက်စီ ဝိုင်း၍ နှိပ်ကွပ်နေကြသော ဘော်ဒါများကို ကြည့်ရင်း ကျွန်တော်ရယ်ဖြစ်သည်။

"ရေခဲပဲဖြစ်ဖြစ်၊ ကျောက်ခဲပဲဖြစ်ဖြစ် ချစ်ပြီးသားပဲ"

ပြောင်ချော်ချော်ဖြင့် ဆိုသော ကျွန်တော့်စကားကြောင့် ကျော်ဝဏ္ဏက ဆေးမမှီတော့ဘူးဟု ဆိုရင်း ခေါင်းခါသည်။

"အင်း . . . ဒီကောင်နဲ့ကြမှ အချစ်မှာ မျက်စိမရှိဆိုတဲ့စကားကို ယုံရမလိုဖြစ်နေပြီ"

"ဘာဖြစ်လို့တုန်း"

လင်းနောင်၏အဆိုကို ကျော်ဝဏ္ဏက ထ၍မေးသည်။

"ဒီကောင်ပြောတာ မင်းလည်းကြားသားပဲ၊ ရေခဲပဲဖြစ်ဖြစ်

www.burmeseclassic.com



ကျောက်ခဲပဲဖြစ်ဖြစ် ချစ်တယ်တဲ့၊ ဒီကောင် မင်းသားလုပ်ပြီး နောက်ပိုင်း မူမမှန်တော့ဘူးထင်တာပဲ"

လင်းနောင်က ရွှတ်နောက်နောက်ဖြင့် ဆိုသည်။

"ဒါနဲ့ စကားမစပ် မင်း ရန်ကုန်ကို ဘယ်တော့ပြန်မှာလဲ"

ကျော်ဝဏ္ဏက ကျွန်တော့်ကို မေးဆတ်ရင်း မေးသည်။

"နောက်တစ်ပတ်ထဲ ပြန်ရမှာ၊ ဒီတစ်ခေါက် ရန်ကုန်ပြန်ရမှာ ပြန်တောင်မပြန်ချင်တော့ဘူးကွာ၊ သံယောဇဉ်တွေက နှောင်တွယ်ရစ်နေပြီဆိုတော့"

"ကြားရတာ နားခါးလိုက်တာကွာ"

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က မှတ်ချက်ချသည်။

"ဒီလောက်မှဖြစ်နေရင် မင်း ရန်ကုန်မသွားခင် စာပေးခဲ့လိုက်ကွာ၊ မင်းပြန်လာရင် ထူးခြားမှုတစ်ခုခုတော့ ရှိမှာပဲ၊ ဒါနဲ့ မင်း ရန်ကုန်မှာ ဘယ်နှစ်ရက်လောက် ကြာမှာတုန်း"

"ဆယ့်ငါးရက်လောက်တော့ ကြာမယ်"

xxxx

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အမေကြွေကို သကောင့်သားနှစ်ကောင်က အံ့အားတသင့်ဖြင့် 'ပေ' တုရေရွတ်ရင်း မျက်လုံးပြူးကြီးများဖြင့် ဝိုင်းကြည့်ကြသည်။

ဆိုင်နှင့်အိမ်ကိုသာ အကူးအသန်းရှိသော သူမက ဆိုင်အသွားအပြန်တိုင်းမှာ သူမ၏အစ်ကို သို့မဟုတ် အဖေ၊ အမေ တစ်ယောက်ယောက်တော့ အမြဲအတူပါသည်။

ထို့ကြောင့် စာပေးမည်ဆိုလျှင် ဆိုင်မှာပေးမှဖြစ်မည်။ အဲဆိုင်မှာကျပြန်တော့လည်း အလုပ်သမား သို့မဟုတ် သူငယ်ချင်းတွေ မရှိသော အခိုက်ကို ရွေးပေးမှဖြစ်မည်။

"ကဲ မင်းရည်းစားစာပေးတာကတော့ ဟုတ်ပါပြီ၊ ဘယ်လိုပြောပြီး ဒါမှမဟုတ် ဘယ်လိုလုပ်ပြီး ပေးမှာတုန်း"

ရန်ကုန်သွားရန် သုံးရက်အလို လက်ဖက်ရည်ဆိုင်မှာ ဆုံဆုံချင်း လင်းနောင်က မေးသည်။ ကျော်ဝဏ္ဏကပါ 'ဟုတ်ပ'ဟုဆိုရင်း မျက်ခုံးပင့်ပြသည်။ တစ်လက်စထဲ. . . .

www.burmeseclassic.com

www.burmeseclassic.com



“တစ်ယောက်ယောက်နဲ့ ပေးခိုင်းမလား၊ ကိုယ်တိုင်ပေးမလား”

ဟု မေးသည်။

“ငါကတော့ ဖြစ်နိုင်ရင် ငါကိုယ်တိုင်ပဲပေးချင်တယ်၊ စဉ်းစားကြည့်လိုက်တာနဲ့ တော်တော်လေး ရင်ခုန်ဖို့ကောင်းတယ်၊ ရယ်လည်းရယ်ချင်တယ်၊ ငါ့အသက်က ဆယ့်ရှစ်ဆယ့်ကိုးလည်းမဟုတ်တော့”

ပြောရင်း ရှက်အမ်းအမ်းဖြင့် ကျွန်တော်ရယ်ဖြစ်သည်။

“ဟုတ်ပါပြီ၊ မင်းကိုယ်တိုင်ပေးတာကတော့ ဟုတ်ပါပြီ၊ ဘယ်လိုပုံစံနဲ့ ပေးမှာလဲလို့မေးတာ၊ သတင်းစာပစ်သလို ကောင်တာထဲ ပစ်ထည့်ပြီးပေးမလား၊ စာပို့သမားလို ‘စာ. . . မျိုး. . . စာ စာ’ လို့ ပြောပြီးပေးမလား၊ အဲဒါကိုပြောတာ”

“မင်းပြောလိုက်မှပဲ ရစရာကိုမရှိတော့ဘူး”

လင်းနောင်၏စကားကို ကျော်ဝဏ္ဏက ‘ရစရာမရှိတော့ဘူး’ ဟုဆိုရင်း ရယ်သည်မို့ ကျွန်တော်ပါ ရောရယ်ဖြစ်သည်။

“ဒါထက် စာရောရေးပြီးပြီလား”

“မရေးရသေးဘူး”

“ဟေ”

ကျွန်တော့်အဖြေကို သကောင့်သားနှစ်ကောင်က အံ့အားသင့်ဖြင့် ‘ဟေ’ ဟုရေရွတ်ရင်း မျက်လုံးပြူးကြီးများဖြင့် စိုင်းကြည့်ကြသည်။

“ရန်ကုန်သွားဖို့က ဘယ်နှရက်မှမလိုတော့ဘူး၊ ပေးမယ်စိတ်ကူးရင်လည်း ရေးတော့ကွ”

ကျော်ဝဏ္ဏက ‘ရေးတော့ကွ’ ဟုဆိုရင်း ‘ဘယ်လိုကောင်လဲ သိဘူး’ ဟု ရေရွတ်ကာ ခေါင်းကို တဖြင်းဖြင်းကုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ရင်ထဲမှာရေးနေတာ အစောင်ပေါင်းကို မနည်းတော့ဘူး"

ကျွန်တော့်စကားကို လင်းနောင်က ခေါင်းခါသည်။ ပြီး

"အေး. . . ရေး. . . ရေး မင်းရင်ထဲမှာပဲ ရေး၊ ငွေရည်ဖူးက မင်းရင်ထဲမှာရေးထားတဲ့စာကို မြင်မှာဆိုတော့"

ဟုဆိုသည်။

"ပြီးတော့ ပရှပ်ဆီပဲဖြစ်ဖြစ် လိမ်းဆေးဗူးလေးတော့ ဆောင်ထား"

တစ်လက်စထဲ ဆိုလာသော လင်းနောင်၏စကားကို 'ဘာဖြစ်လို့တုန်း'ဟု ကျွန်တော် ခေါင်းကိုကုတ်ရင်း မေးဖြစ်သည်။

"ရည်းစားစာပေးတုန်း မတော်လို့ ပါးအရိုက်ခံရရင်လည်း အဆင်သင့်လိမ်းလို့ရတာပေါ့ကွ"

လင်းနောင်၏အဖြေကြောင့် 'ဟာကွာ'ဟု ကျွန်တော် ရေရွတ်ဖြစ်သည်။

"ငွေရည်ဖူးဆိုင်မှာက အိမ်ဆောက်ပစ္စည်းတွေလည်း ရောင်းတာဆိုတော့ ရည်းစားစာပေးတဲ့အချိန်ကျရင် နီးစပ်ရာ သံတိုသံစ ကောက်ရိုက်ချင်ရိုက်နေမှာ၊ ငါ လူနာတင်ကားပါ တစ်ခါတည်း ခေါ်ထားလိုက်မယ်"

ကျော်ဝဏ္ဏ၏ ပြောင်ချော်ချော်အဆိုကြောင့် 'အားပေးလှချည်လားကွ'ဟုဆိုရင်း ကျွန်တော်ရယ်ဖြစ်သည်။ ပြီး ရည်းစားစာတော့ အမြန်ရေးရမည်ဟု တွေးဖြစ်သည်။ ရန်ကုန်ပြန်ရန် ရက်တနီးကပ်နေပြီကိုး။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



သူမက အသည်းအသန်ဝင် ဖြန်၍ပေးသည်၊
ကျွန်တော်က လည်း သူထားလိုက်ပါဟု
တွင်တွင်ဆိုရင်၊ ဆိုင်အပြင်မှ ဆိုင်ကယ်
ပေါ်တတ်ခွဖြစ်သည်၊
အဲဒီအချိန်လေးမှာပင် . . .

ရင်ခုန်သံတို့က မှုမမှန်။ ဤရင်ခုန်သံမျိုးက ဆယ်တန်းအောင်စာရင်းကြည့်တုန်းက ရင်ခုန်သံမျိုးမဟုတ်။

ဘွဲ့ယူတုန်းက ရင်ခုန်မှုမျိုးနှင့်လည်းမတူ။ သရုပ်ဆောင်စလုပ်စဉ်က ကင်မရာရှေ့မှာ စ၍သရုပ်ဆောင်စဉ်အခါက ရင်ခုန်မှုမျိုးနှင့်လည်း ထပ်တူမဟုတ်။ ပထမဆုံး ရည်းစားနှင့် စချိန်းစဉ်အခါက ရင်ခုန်မှုမျိုးလည်းမဟုတ်။ အမျိုးအစားခွဲခြားရန် ခက်သောရင်ခုန်မှုမျိုး။ ဆိုင်ကယ်ကို သူမဆိုင်ရှေ့၌ ရပ်လိုက်စဉ် ရင်ခုန်သံတို့က ပိုကြမ်းကာလာ၏။ အခွင့်အရေးကို ချောင်းမြောင်းကာ သူမဆိုင်ရှေ့မှနေ ဘယ်နှကြိမ်မြောက်မှန်းမသိ အခေါက်ခေါက်အခါခါဖြတ်ပြီးသွားချိန်မှာ ဆိုင်ထဲတွင် သူမတစ်ယောက်တည်းရှိနေသည်မှာ တမန်းကတန်းဝင်ခဲ့ဖြစ်ခြင်းဖြစ်သည်။

သူမက ကျွန်တော့်ကိုမြင်သည်နှင့် ဆတ်ခနဲပြုံးသည်၊

www.burmeseclassic.com

www.burmeseclassic.com

"တိုဖြိုးနိုင်ပါလား၊ မီးသီးဝယ်မလို့လား"

ပြုံးစိစိဖြင့်မေးသော သူမ၏အမေးကြောင့် ဖြန်းခနဲ မျက်နှာပူသွားမိသည်။ ချက်ချင်း ဘာပြန်ဖြေရမည်မသိ။

"အင်း. . . ဟုတ်တယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ အပြာရောင်မီးသီးမဟုတ်ဘူး၊ ရေချိုးခန်းထဲက မီးသီးကျွမ်းသွားလို့"

"ဘယ်လိုမျိုးလဲ"

"ဟိုဘက်က. . . အင်း ဟုတ်တယ်၊ အဲဒီလိုမျိုး"

သူမထိုးပြသောမီးသီးကို ရမ်းတုတ်မှန်းတုတ် 'ဟုတ်'ပစ်လိုက်သည်။ မီးသီးဖိုးရှင်းပြီး ဆိုင်ထဲကထွက်မသွားသေးသော ကျွန်တော့်ကို သူမက 'ဘာလိုသေးလို့လဲ'ဟူသော သဘောဖြင့် မော့ကာကြည့်သည်။

"ပိပိ"

"ရှင်"

ငွေရည်ဖူးဟူသော နာမည်ကိုမခေါ်ဘဲ ရင်းနှီးသော ဘော်ဒါများနှင့် အိမ်သားများသာ ခေါ်လေ့ရှိသောနာမည်ကို ခေါ်လိုက်သဖြင့် သူမက အံ့အားသင့်သွားဟန်တူသည်။ ရှင်ဟု ထူးရင်း မျက်လုံးပြူးကာ ကျွန်တော့်ကို ကြောင်တောင်တောင်ဖြင့် ကြည့်သည်။

"ဟို. . . ပိပိ ဟာသစာအုပ်တွေကြိုက်လား"

"အင်း. . . ကြိုက်တယ်"

ကျွန်တော့်အမေးကို သူမက အကြောင်းကြောင်း ခေါင်းညိတ်သည်။ ကျွန်တော် ဝမ်းအသာကြီး ဝမ်းသာသွားရသည်။

"အစ်ကို့ဆီမှာ နှစ်အုပ်ဖြစ်နေလို့၊ ရော့ ဖတ်ကြည့်"

"ကျေးဇူး"

www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း စိတ်လိုလက်ရပင် လှမ်းယူပြီး ဖိုးဖိုးဇတ်ဇတ်ပင် စာအုပ်ကို လှန်လှော၍ ကြည့်သည်။

ကျွန်တော်ထင်ထားခဲ့သည်က စာအုပ်ကိုယူပြီး သူမ ကျွန်တော့်ကို စကားတစ်ခုခုပြောလိမ့်မည်ဟု ထင်ခဲ့သည်၊ သို့သော် အထင်နှင့်အမြင်က တက်တက်စင်အောင် လွဲကာနေသည်။

စာအုပ်ကို သူမက ခပ်သွက်သွက် လှန်လှောရင်းကြည့်သော အခါ ကျွန်တော့်ရည်းစားစာအိတ်က စာအုပ်ထဲမှနေ ဖျတ်ခနဲပေါ် ကာသွားသည်။

"ဒါ. . . ဒါ ဘာကြီးတုန်း"

ရည်းစားစာအိတ်ကို ကိုင်ပြီး သူမက အံ့အားတသင့်ဖြင့် ဆိုသည်။

"ယ. . . ယူထားလိုက်နော်"

အထစ်ထစ်အငေါ့ငေါ့ဖြင့် မျက်နှာပူနေသည့်ကြားက ဆိုသော ကျွန်တော့်စကားအဆုံးမှာ သူမက ခေါင်းကို မော်ကာတပ် ထားသလို တရစပ်ယမ်းသည်။ ပြီး နှုတ်မှလည်း. . .

"ဟင့်အင်း. . . ဟင့်အင်း မယူဘူး၊ စာအုပ်တော့ ဖတ်ချင် လို့ ယူထားလိုက်မယ်၊ စာကတော့ ပြန်ယူသွား"

"ဟိုဒင်း. . . ယူထားလိုက်ပါ၊ သွား. . . သွားပြီနော်"

အမြန်လစ်ထွက်ရန် အကြံဖြင့် ကျွန်တော် ဆိုင်ထဲမှလှည့် ထွက်ခဲ့ဖြစ်သည်။ ကျွန်တော့်အထင် သူမ အားနာနာဖြင့် ယူထား လိမ့်မည်ဟု။ သို့သော် သူမက ကျွန်တော် တွက်ဆထားသလိုမဟုတ်။

"မယူဘူး ကိုဖြိုးနိုင်၊ ပြန်ယူသွားနော် ရော့"

သူမက အသည်းအသန်ပင် ပြန်၍ပေးသည်။ ကျွန်တော်က လည်း ယူထားလိုက်ပါဟု တွင်တွင်ဆိုရင်း ဆိုင်အပြင်မှ ဆိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်တတ်ခွဖြစ်သည်။ အဲဒီအချိန်လေးမှာပင် သူမက ကျွန်တော့်စာတို ဆိုင်ကယ်ရှေ့ရှိ ဆိုင်ကယ်ခြင်းထဲ ဖတ်ခနဲနေအောင် ပစ်ထည့်လိုက်သည်။

ရင်ခုန်ခြင်း၊ မျက်နှာပူခြင်း၊ ရှက်ခြင်းတို့ ရောပြွန်းကာ ဘေးပတ်ပတ်လည်ကို ကြည့်လိုက်တော့ Taxi ဂိတ်မှ ကားဆရာများရော၊ ဘေးပတ်ပတ်လည်ရှိ ကွမ်းယာဆိုင်များမှ ရောင်းသူဝယ်သူများကပါ ကျွန်တော့်ကို ဝိုင်းကြည့်နေကြသလို ခံစားရသည်။ သူ့ကို ကြည့်နေသော အကြောင်းအရာက အမျိုးမျိုးဖြစ်နိုင်သည်။

ပထမတစ်မျိုးက ဗီဒီယိုကားများမှာ ပါဝင်ဖူးသော သရုပ်ဆောင်မို့ အမှတ်တမဲ့ကြည့်တာ ဖြစ်နိုင်သည်။

ဒုတိယတစ်မျိုးက ဘာရယ်မဟုတ် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်မို့ အမှတ်တမဲ့ ကြည့်ခြင်းလည်း ဖြစ်နိုင်သည်။

နောက်တစ်မျိုးကတော့ ကျွန်တော့်ဆိုင်ကယ်ခြင်းထဲသို့ သူမက စာကို ဖွတ်ထည့်ပေးနေသောကြောင့်လည်း ကြည့်နေခြင်းဖြစ်နိုင်သလို ကျွန်တော့်ကိုကြည့်နေခြင်း ဟုတ်ချင်မှလည်း ဟုတ်မည်။ ကျွန်တော် ကျောမလုံခြင်း၊ လိပ်ပြာမလုံခြင်းလည်း ဖြစ်နိုင်သည်။

ဆိုင်ကယ်ကို ရှက်ရှက်ဖြင့် ကမူးရှူးထိုးစီးခဲ့ရင်း ဘယ်တိုဦးတည်ကာ စီးမိမှန်းမသိ။

မျက်နှာပူခြင်း၊ ရှက်ခြင်း စသောခံစားမှုတို့ဖြင့် လူက ထူပူကာနေသည်။ ကျော်ဝဏ္ဏတို့က အခြေအနေဟုများ မေးလာခဲ့သည်ရှိသော် မည်သို့ပြန်ဖြေရမည်ကိုမသိတော့။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

အချိန်တွေနောက်ပြန်လှည့်လို့
ရရင်တောင်မှ အရှက်ကွဲမယ်ဆိုတာ
ကြိုသိခဲ့ရင်တောင်မှ
ဒီအတိုင်းပဲ
ငါဆုံးဖြတ်မှာပဲ၊ ဘာပဲပြောပြော . . .

"တကယ်ဆိုကွာ စာကိုယူထားပြီးတော့ နောက်မှမကြိုက်ဘူး ပြောရင်လည်း ဖြစ်နေတာပဲ၊ ဒီကောင်မလေးက အူကြောင်ကြောင်ပဲ၊ အနည်းဆုံးတော့ မင်းကို အားနာရမှာပေါ့၊ မင်းက လူမသိသူမသိ သာမန်အရပ်သားတစ်ယောက်မှ မဟုတ်တာ၊ အဲဒီသိက္ခာလောက် တော့ အားနာပေးသင့်တာပေါ့၊ မင်းက လူရှေ့သူရှေ့မှာ သူ့ကို ရည်းအတင်းစာပေးတာ အရှက်ခွဲသလို ဖြစ်သွားလို့ မယူဘူးဆိုရင် တော့ထား"

"အေးလေ. . . ဒီပုံစံကြီးကတော့ ရင့်တာပေါ့"

လင်းနောင်၏စကားအဆုံးမှာ ကျော်ဝဏ္ဏက မှတ်ချက်ချ သည်။

"အာ. . . သူ့ဘက်က ရင့်တာတော့မဟုတ်ပါဘူးကွာ၊ ငါ့ အထင်တော့ ရုတ်တရက်ကြီးဖြစ်သွားလို့ သူလည်း ရှက်ရှက်နဲ့ လုပ်မိ

www.burmeseclassic.com

www.burmeseclassic.com

သွားတာဖြစ်မှာပါကွာ၊ ငါ သူ့ကို ဘယ်လိုမှသဘောမထားပါဘူး၊ သူ့ရဲ့ အဲဒီအူကြောင်ကြောင်ပုံစံလေးကို ပိုတောင်ချစ်သွားသေးတယ်"

"အရှုံး"

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က အရှုံးဟု ရေရွတ်တာ ကျော်ဝဏ္ဏက 'ငကြောင်'ဟု ကောက်ချက်ချသည်။

"ဒါဆို. . . အခု မင်းဘာဆက်လုပ်မယ် စဉ်းစားထားလဲ၊ နောက်တစ်ခေါက် ထပ်ပြီး ကြိုးစားရဲသေးရဲ့လား"

ကျော်ဝဏ္ဏက 'ကြိုးစားရဲသေးလား'ဟုဆိုရင်း မေးသော အမေးကြောင့် ကျွန်တော်ပြုံးမိသည်။

"သိပ်ကြိုးစားရဲတာပေါ့ကွာ၊ အချိန်တွေနောက်ပြန်လှည့်လို့ ရရင်တောင်မှ အရှက်ကွဲမယ်ဆိုတာ ကြိုသိခဲ့ရင်တောင်မှ ဒီအတိုင်းပဲ ငါဆုံးဖြတ်မှာပဲ၊ ဘာပဲပြောပြော ငါဒီလိုလုပ်လိုက်တဲ့အတွက် သူ့ကို ငါချစ်နေတာ သိသွားရင်ပဲ ငါတော်တော်ကြီး ကျေနပ်တယ်ကွာ"

ကျွန်တော့်စကားအဆုံးမှာ သကောင့်သားနှစ်ကောင်က ကိုယ်စီပခုံးတွန့်ကြသည်၊ 'လိုက်မမှီဘူး'ဆိုသည့်သဘော။

ထိုစဉ်မှာပင် ကျောဘက်မှ ဖြိုးနိုင်ဟူသော ခေါ်သံကြောင့် လှည့်ကြည့်ဖြစ်သည်။ ကျွန်တော့်နောက်ကျောမှာ ရပ်နေသူက အထက်တန်းကျောင်းတုန်းက သူငယ်ချင်းဖြစ်သူ နှင်းစံပယ်။

"စံပယ်. . . သူငယ်ချင်း သောက်ဦးလေ"

လက်ဖက်ရည်ခွက်ကို ကိုင်မြှောက်ပြရင်း ခေါ်သော ကျွန်တော့်စကားကို သူမက ခေါင်းယမ်းပြသည်။ ပြီး ပြုံးစိစိဖြင့်

"ငါ့ကို လက်ဖက်ရည်လောက်နဲ့ ညှိခံလို့ဘယ်ဖြစ်မလဲ၊ နောက်ဆို အမျိုးတွေဖြစ်ချင်ဖြစ်လာမဲ့ဟာကို"

"ဟေ"

စံပယ်၏ ပြောင်ချော်ချော်အဆိုကြောင့် ဟာဟု ကျွန်တော်

www.burmeseclassic.com



ရေရွှတ်မိသည်။

“နင့်စကားက ဘာလဲဟ စံပယ်ရ”ဟု လင်းနောင်က ဝင်၍ ဆိုသည်။ လင်းနောင်တို့နှစ်ကောင်သည်လည်း စံပယ်နှင့် ကျောင်းတုန်းက တစ်ခန်းတည်းအတူနေ သူငယ်ချင်းများမို့ ရင်းနှီးပြီးသားဖြစ်သည်။

“မဟောနဲ့. . . ဖြိုးနိုင်၊ ပိပိက ငါ့ညီမတစ်ဝမ်းကွဲ”

“ဘာ”

“မဘာနဲ့၊ သွားတော့မယ်”

အနိုင်နဲ့ပိုင်းကာ လှည့်ထွက်သွားသည့် စံပယ်ကို ကျွန်တော်တို့သုံးယောက်သား နေဦးလေဟု လိုက်အော်ဖြစ်သည်။

စံပယ်က သူမနှင့်အတူပါလာသော သူငယ်ချင်းနှင့်အတူ ဆိုင်ထဲမှထွက်ကာ သွားရင်းက ရုတ်တရက်လှည့်ကာ ပြောင်ပြသည်။

“စံပယ် ငါ နင့်အိမ်လာလည်ဦးမယ်”

“အေးပါ သေနာကောင်ရဲ့၊ ငါ့အိမ်ကို လိုမှပဲလာ၊ ဟုတ်ပြီလား၊ မပြောချင်ဘူး”

ထကာအော်သော ကျွန်တော့်စကားအဆုံးမှာ စံပယ်က ငယ်စဉ်ကအကျင့်အတိုင်း ရေရွှတ်ရင်း ‘သွားပြီ’ဟု လက်ပြကာ အော်၍ထွက်သွားသည်။

ဘာရယ်မဟုတ် ကျွန်တော်တို့သုံးကောင်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

ငါ့အမိုင်းမှာ ရည်းစားနှစ်ယောက်
မြိုင်ထားတယ်ဆိုတာ မရှိပါဘူးဟာ၊
အခုလောလောဆယ်
ငါ့မှာ ဘာရည်းစားမှမရှိဘူး၊

"ထိုင်တော်မူပါဦး မင်းသား"

စံပယ်က ရောက်ရောက်ချင်းပင် ကျွန်တော့်ကို မျက်စောင်းထိုးရင်းဆိုသည်။ ပြီး ကျွန်တော့်ကို ပြုံးစိစိဖြင့် ကြည့်သည်။

"ဘာကြည့်တာလဲဟ ပြုံးစိစိနဲ့"

မလုံမလဲ ရှက်ကိုးရှက်ကန်းဖြင့်ဆိုသော ကျွန်တော့်ကို စံပယ်က ပြုံးစိစိနှင့်ပင်ကြည့်ပြီး ဟက်ခနဲရယ်သည်။

"ရယ်ချင်လို့ပါ၊ သရုပ်ဆောင်မင်းသားတစ်ယောက် လုပ်နေပြီး ကြိုက်စရာရှားလို့ ငါ့ညီမရေခဲတုံးကြီးကိုမှ လာကြွေနေလို့"

"နင်က ဘယ်ကဘယ်လိုသိတာတုန်း"

"ငါက သူ့ဆိုင် အမြဲလိုလိုရောက်တယ်လေဟာ၊ နင်က မနေ့က ဆိုင်ထဲကအထွက် ငါ့ညီမက စာအိတ်ကို နင့်ဆိုင်ကအပ်ရှေ့ခြင်းထဲ ထည့်တာ တွေ့လို့ ငါအစ်ကြည့်ထားတာ"

www.burmeseclassic.com



ပြောရင်း စံပယ်က ကျွန်တော့်မျက်နှာကိုကြည့်ကာ ရယ်သည်။ မနေတတ်မထိုင်တတ်ဖြင့် မျက်နှာတွေထူပူရင်းက ကျွန်တော်လိုက်ရယ်ဖြစ်သည်။

"သူ့မှာ ရည်းစားတွေဘာတွေရှိလား"

"ဘာရည်းစားမှမရှိဘူး"

"ဟုတ်လား၊ ဒါဖြင့် ငါ့ကိုကူညီပါဦးဟာ"

ကျွန်တော့်ကိုကြည့်ပြီး 'အဖြစ်ကိုသည်းတယ်'ဟုဆိုကာ စံပယ်က မျက်စောင်းထိုးသည်။ ပြီး 'ကဲ ပြော ဘာလုပ်ပေးရမလဲ'ဟု ဆိုသည်၊

"ငါ့ကို ဒီစာလေးပေးပေး"

"ပေးတာကတော့ ပေးပေးလို့ရပါတယ်၊ ဒါပေမဲ့ ယူတာမယူတာက သူ့အပိုင်းနော်"

"ဟာ. . . နင်ကလည်းဟာ ယူအောင်ပေးပေးမှပေါ့"

"ဟဲ့. . . ဖြိုးနိုင်၊ ငါ့ဘက်ကိုလည်း နည်းနည်းထည့်တွက်ဦးလေ၊ ညီအစ်မချင်း စာပေးပေးရမဲ့ကိစ္စဟဲ့"

"အေး. . . အေးပါဟာ"

ကျွန်တော် ခေါင်းကိုကုတ်ရင်း ဆိုဖြစ်သည်။

"အင်း. . . ငါ့ဘဝကလည်း သူငယ်ချင်းကောင်းမှု အကြောင်းပြုပြီးတော့ ကိုယ့်ညီမကို သူငယ်ချင်းနဲ့ ပြန်ပြီးအောင်သွယ်ပေးရတဲ့ဘဝ"

စံပယ်က ပြုံးစိစိဖြင့် မထိတထိစသည်။ ပြီး ကျွန်တော့်စာအိတ်ကိုကြည့်ကာ နမ်းကြည့်ရင်း. . .

"ဘာတွေလုပ်ထားမှန်းမသိဘူး၊ မွှေးကြိုင်နေတာပဲ"ဟု ဆိုသည်၊

"စာရွက်ကမွှေးနေတာမဟုတ်ဘူး၊ ငါ့အချစ်တွေက မွှေးနေ

www.burmeseclassic.com

www.burmeseclassic.com

တာ"

အရယ်တစ်ဝက်ဖြင့်ဆိုသော ကျွန်တော့်စကားကြောင့် သူမတ 'တော်တော်ကဗျာဆန်နေ'ဟုဆိုရင်း ရယ်သည်။

"ဒါနဲ့ နင် ရန်ကုန်မသွားဘူးလား"

"မနက်ဖြန်သွားမှာဟ၊ ဒီတစ်ခေါက် ငါ ရန်ကုန်ကိုတောင် မပြန်ချင်တော့ဘူးဟာ၊ တကယ်ပြောတာ၊ နင့်ညီမ ရေခဲတုန်းလေးကို နေ့တိုင်းသွားကြည့်နေရင်းက ရှုတ်တရက်ကြီး သွားရမှာဆိုတော့"

"တော်စမ်းပါ နင့်ကို ငါသိပ်ယုံချင်တာမဟုတ်ဘူး၊ နင်တို့ယောကျ်ားလေးတွေက ရည်းစားကို တစ်မြို့တစ်ယောက်နှုန်းလောက် ထား‌နေကြတာ"

စံပယ်က ကျွန်တော့်ကို တည့်တည့်ကြည့်ရင်း ဆိုသည်။

"ငါ့သမိုင်းမှာ ရည်းစားနှစ်ယောက် ပြိုင်ထားတယ်ဆိုတာ မရှိပါဘူးဟ၊ အခုလောလောဆယ် ငါ့မှာ ဘာရည်းစားမှမရှိဘူး၊ လောလောဆယ် ငါ့ရင်ထဲမှာရှိတာက နင့်ညီမ ပိပိတစ်ယောက်ထဲ"

"အေးပါ၊ တစ်ယောက်ဆိုတစ်ယောက်၊ ပိတောက်ဆို ပိတောက် သူနဲ့ကြမှ ဆယ့်တစ်ယောက်တော့ မလုပ်နဲ့"

ပြောရင်း စံပယ်က ရယ်သည်။

"တဲ. . . ငါပြန်လိုက်ဦးမယ်၊ ယူအောင်ပေးထားပေးနော်၊ ငါ နင့်ဆီ ဖုန်းဆက်လိုက်မယ်၊ အရပ်ဖုန်းပဲမဟုတ်လား"

"အေး. . . ဆက်တော့ဆက်ကြည့်လေ၊ စာယူမယူတာက တော့ သူ့အပိုင်းပဲ၊ ငါ အာမမခံဘူး၊ ဒါပဲ"

အိမ်ထဲကအထွက်မှာ စံပယ်က ရယ်ကျဲကျဲဖြင့် လိုက်၍ဆိုသည်။ ဒီတစ်ခါတော့ ခါးခါးသီးသီးကြီး ပြန်မပေးကောင်းပါဘူးဟု ကျွန်တော်တွေးမိသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

## ၁၀
### အချစ်တစ်ကောင်ဖြစ်သည်

"အင်း. . . စိတ်မဆိုးနဲ့နော်၊ ကိုဖြိုးနိုင်၊
ဝိဝိမှာ ရည်းစားရှိနေလို့"

မနက်ဖြန် ရန်ကုန်ပြန်တော့မှာမို့ စံပယ့်အိမ်မှအပြန် ကျွန်တော့် 'ရေခဲ'လေး၏ဆိုင်ရှေ့မှ ဆိုင်ကယ်ကို ပတ်စီးဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင် သူမ ဆိုင်မှာ ဆိုင်အကူအလုပ်သမားရော၊ အခြားသူငယ်ချင်းများပါ ရှိမနေ။

ကောင်တာမှာ တစ်ယောက်တည်းထိုင်နေသော သူမက ကျွန်တော့်ကို မြင်သည်နှင့် ပစ္စည်းတစ်ခုခုကို ရှာသယောင်ယောင်ဖြင့် တိုကြည့်ဒီကြည့်လုပ်ကာ ကျွန်တော့်ကို မမြင်ယောင်ပြုသည်။

ဆိုင်ထဲသို့ ကျွန်တော် တည့်တည့်မတ်မတ်ကြီး ဝင်သွားသောအခါ သူမက ကျွန်တော့်ကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြင့် ကြည့်သည်။

"ဝိဝိ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူမက အလန့်တကြားဖြစ်နေဟန်ဖြင့် ထူးသည်။

"ပိပိ. . . ကိုယ့်ကို စိတ်ဆိုးနေလား"

"မ. . . မဆိုးပါဘူး၊ ကိုဖြိုးနိုင်ရော ပိပိကို စိတ်ဆိုးနေလား"

သူမက မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြင့် ဆိုသည်။ ရိုးသားမှုတို့ အပြည့်ပေါ်နေသော သူမ၏ဟန်ပန်ကို ကြည့်ရင်း ကျွန်တော် သူမကို ပိုချစ်သွားမိသည်။

"ရပါတယ်၊ စိတ်ဆိုးစရာမှမဟုတ်တာ၊ ဒါနဲ့ မနေ့က ပိပိက ကိုယ့်စာကိုမယူဘဲ ဘာဖြစ်လို့ ခါးခါးသီးသီးကြီး ငြင်းပါလိမ့်လို့ တွေးရင်း စိတ်မကောင်းတော့ ဖြစ်မိတယ်"

ကျွန်တော့်စကားအဆုံးမှာ သူမက ခေါင်းကိုကုတ်သည်။

"အင်း"

"အင်း. . . အဲ"ဟု လုပ်နေသော သူမကို ကြည့်ရင်း. . .

"ဘာဖြစ်လို့ ကိုယ့်စာကို အားနာပါးနာလေးတောင် မယူထားတာလဲ ပိပိ၊ ဘာဖြစ်လို့ ခါးခါးသီးသီးကြီး ငြင်းရတာတုန်း"

ဟု မေးသည်။

"ဟို. . . အားနာလို့၊ ကိုဖြိုးနိုင်ကို ပိပိမှမကြိုက်နိုင်တာ၊ အဲဒါကြောင့် တစ်ခါထဲပဲ ငြင်းဖြစ်သွားတာ"

"နည်းနည်းလေးတောင် စဉ်းစားပေးလို့မရဘူးလား"

ကျွန်တော် ထူပူနေသည့်ကြားကပင် ဆိုဖြစ်သည်။

"အင်း. . . စိတ်မဆိုးနဲ့နော်၊ ကိုဖြိုးနိုင်၊ ပိပိမှာ ရည်းစားရှိနေလို့"

"ရပါတယ်"

ရည်းစားမရှိဟု အတိအကျသိထားရပါလျက်နဲ့ ရည်းစားရှိသည်ဟု အညာခံရသောအခါ ရင်ထဲမှာ တော်တော်ကြီး စိတ်မ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြစ်သွားရသည်။

သူမက ကောင်တာနောက်မှာရပ်ကာ ကောင်တာ၏ မျက်နှာပြင်ကို ကုတ်ခြစ်ကာနေသည်။

ကျွန်တော် သူမကို 'သွားတော့မယ်နော်'ဟု နှုတ်ဆက်ကာ ထွက်ခဲ့ဖြစ်သည်။ ရင်ထဲမှာ ဟာကာနေသည်။

'ဆက်ကြိုးစားရမှာပေါ့'ဟု ကိုယ့်ကိုယ်ကို အားပေးဖြစ်သည်။ ဆိုင်ကယ်ကို ဖြည်းညှင်းစွာစီးရင်း 'ရည်းစားရှိတယ်'ဟု သူမညာသော အကြောင်းအရင်းကို တွေးနေမိသည်။

အမှန်တကယ်များ ရည်းစားရှိနေသလားဟုလည်း တွေးမိပြန်သည်။ သို့သော် သူမ၏အစ်မရော သူမ၏ဘော်ဒါများတပါ တညီတညွတ်တည်း ရည်းစားမရှိဟု ဆိုထားကြသည်မို့ ကျွန်တော် စဉ်းစားရကြပ်ကာ လာသည်။

အလိမ္မာနှင့်ပဲ နောက်ဆုတ်သွားစေရန် ရည်းစားရှိသည်ဟု ဆိုသည်ပဲလား။ သို့မဟုတ် တကယ့်ကို မစဉ်းစားပေးနိုင်သည်မို့ အပြတ်ပြင်းလွတ်သည့်အနေနှင့်ပဲ ဆိုသည်လား။ ထူပူဆို့နင့်ကာ နေသည်မို့ ဘာကိုမှ ကျွန်တော် မခွဲခြားတတ်တော့။

×××××

www.burmeseclassic.com

www.burmeseclassic.com

"ငါ ဒီမှာ ဇယောင်ဆူနေတာဟာ၊ နင်တ
လူထို ညှင်းဆဲနေ ဖြန်ပြီ၊ လုပ်ပါတော
အခြေအနေလေးသိရအောင်"

ရှူတင်မှပြန်လာလာချင်း ခုတင်ပေါ်မှာ ခွေခေါက်နေရင်းတ စံပယ့်ဆီ ဖုန်းဆက်ဖြစ်သည်။ ဖုန်းက တော်တော်နှင့်မအား။

ရန်ကုန်ရောက်ပြီး နှစ်ရက်ရှိသည်အထိ ကျွန်တော် ဖုန်းမဆက်ဖြစ်။ သုံးရက်မြောက်ဖြစ်သော ဒီနေ့မှ ဖုန်းခေါ်ဖြစ်ခြင်းဖြစ်သည်။

ဖုန်းကို ဒုတိယအကြိမ် ပြန်ခေါ်ဖြစ်သည်။ ဖုန်းက အဆင်ပြေပြေ ဝင်ကာသွားသည်။

"ဟဲလို"

"ဟဲလို စံပယ်နဲ့ပြောချင်လို့ပါ"

"ဘယ်သူလို့ ပြောပေးရမလဲ"

"ဖြိုးနိုင်လို့ ပြောပေးပါ"

"သြော်. . . ကိုဖြိုးနိုင်လား၊ ခဏလေးကိုင်ထားနော်"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို စံပယ်၏ညီမဖြစ်သူ ကိုင်ဟန်တူသည်။ သိပ်မစောင့်လိုက်ရ 'ဟဲလို ဖြိုးနိုင်ပြော'ဟူသော စံပယ်၏အသံကို ကြားရသည်။

"အေး. . . နှင့်ညီမရေခဲကို စာပေးပြီးပြီလား"

"ဘာ. . . စာ ဟုတ်လား၊ နင်ဘယ်တုန်းက ငါ့ကိုပေးခိုင်းထားလို့တုန်း၊ ငါ့ကို အရူးကြောင်ကြောင်မလုပ်နဲ့နော်"

အရေးထဲ စံပယ်က လူကိုပြန်ရစ်ကာနေသည်။

"ငါ ဒီမှာ ဗလောင်ဆူနေတာဟ၊ နင်က လူကို ညှင်းဆဲနေပြန်ပြီ၊ လုပ်ပါဟာ အခြေအနေလေးသိရအောင်"

ကျွန်တော့်စကားအဆုံးမှာ စံပယ်က ခပ်သဲ့သဲ့ရယ်သည်။

"နင် ငါ့ကို အကြီးအကျယ် ပြုစုဖို့လုပ်ထားတော့၊ ငါ အတော်ကြီးပေးလိုက်ရတယ်သိလား၊ ဒါတောင် မယူဘူးလုပ်နေလို့ ဖွတ်ထားပေးခဲ့တာ၊ သူကပြောသေးတယ် အားနာလို့ယူထားတာ တဲ့"

စံပယ်၏စကားကြောင့် ပျော်ရမလို ဝမ်းနည်းရမလို ဖြစ်တာသွားရသည်။ အားနာလို့ယူထားသည်ဆိုပါလား။

"ငါ့ညီမက နင်ပြောသလို ရေခဲမှ ရေခဲတုံးစစ်စစ်ဟ၊ ရည်းစားထားဖို့ကို စိတ်မဝင်စားတာ၊ ငါအခုထပ်ရလာတဲ့ သတင်း နင့်ကိုပြောပြဦးမယ် သိလား၊ ညတော့ အိပ်ပျော်အောင်အိပ်ပေါ့တာ"

"မထိတ်သာမလန့်သာကြီးပါလားဟ"

စံပယ်စကားကြောင့် ရင်တွေပင် ပူသွားရသည်။

"သူ့မှာ သူ့အိမ်က သဘောတူထားတဲ့လူရှိတယ်တဲ့၊ အဲဒီသူက ကားတာယာဆိုင်ဖွင့်ထားတယ်ဆိုလား၊ မနေ့ကမှ စိတ်လိုလက်ရနဲ့ ငါ့ကိုပြောပြနေတယ်၊ တစ်ခါမှ ညီမချင်း ပြောပြဖူးတာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊ ကြည့်ရတာ အဲဒီလူကိုများ သူ့အိမ်ကပေးစားလို့ဆိုပြီး သူမလို့များလားမသိဘူး၊ ဒါပေမဲ့ အတိအလင်း စေ့စပ်ထားတာမျိုးတော့မဟုတ်ဘူးတဲ့"

"ဟုတ်လား"

လူတစ်ကိုယ်လုံး နွမ်းချိသွားသလို ခံစားလိုက်ရသည်။

"ဖြိုးနိုင်"

"အေး"

"ဘာဖြစ်လို့ တိတ်ဆိတ်သွားရတာတုန်း"

"စိတ်ညစ်သွားလို့ပေါ့ဟ"

"နင်ကလည်း ဒီလောက်လေးနဲ့ စိတ်ညစ်စရာလား၊ မနက်ဖြန် ငါ သူ့ဆိုင်သွားဦးမှာ၊ ဘာပြောပေးရဦးမလဲ"

စံပယ်က ကျေးဇူးတင်စရာကောင်းလောက်အောင် အလိုက်တသိနှင့်ပင် ဆိုသည်။

"ငါ သူ့ကို လွမ်းနေတယ်လို့၊ အရင်ကထက်လည်း ပိုချစ်တယ်လို့ ပြောပေးပါ့မယ်၊ မျက်နှာပူပူနဲ့ပေါ့ဟာ"

"အေးပါဟာ. . . ငါကျေးဇူးတင်ပါတယ်၊ နင့်မင်္ဂလာဆောင်ကျရင် ငါ လုံးဝရှယ်လက်ဖွဲ့မယ် ဟုတ်ပြီလား"

"ရပါတယ်ဟာ၊ ငါက အပျိုကြီးလုပ်မှာ၊ ကဲ ကဲ ဒါပဲနော် သူငယ်ချင်း၊ မနက်ဖြန်ကျရင် ဆက်ဆက်ပြောလိုက်မယ်"

"OK OK တာ့တာ သူငယ်ချင်း"

ဖုန်းချပြီးချိန်ထိ ကျွန်တော့်မှာ သက်ပြင်းတွေချလို့ကောင်းနေတုန်းဖြစ်သည်။ မိုးလင်းကမိုးချုပ်သည်အထိ အချိန်တိုင်း သူ့ကိုရနေသည့်အကြောင်း သူမ သိမှသိပါလေစ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"
"အေးလေ. . . နာမည်ကြီး ထမင်းဝေ
ဆိုသလိုပေါ့၊ နာမည် ကြီးပြီး ကြိုက်မဲ့
သူမရှိတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့၊
ဘာပဲပြောပြော . . .

"မင်းဥစ္စာကလည်း ဆယ့်ငါးရက် ရက်နှစ်ဆယ်ဆိုပြီး သွားလိုက်တာ ဒီတစ်ခေါက် တော်တော်ကြာသွားတာပဲ၊ လေးလလောက်တောင်ရှိသွားပြီထင်တယ်"

"အေးကွ. . . ရိုက်ရက်တွေက တောက်လျှောက်ရှိနေတော့ တောင်ကြီးကို မပြန်ဖြစ်ဘူး ဖြစ်နေတာ၊ စိတ်ကတော့ ရောက်ပါတယ်ကွာ၊ ငါ့ ရေခဲလေးနဲ့ရော တွေ့မိသေးလား"

"အင်း. . . တစ်ခါတလေတော့လည်း တွေ့ပါတယ်၊ သူ့ဆိုင်မှာပါပဲ"

ကျွန်တော့်အမေးကို ကျော်ဝဏ္ဏကဆိုသည်။

"ရည်းစားတွေဘာတွေ ရသံတော့ မကြားပါဘူးနော်"

"သူ့ဘယ်သူကြိုက်သမား ရှိလို့တုန်း၊ အေးတိအေးတိနဲ့ ခင်းမိုလို့ ကြောင်တောင်တောင်နဲ့ သွားငြိနေတာ၊ ပျင်းစရာကြီး

www.burmeseclassic.com

www.burmeseclassic.com

အဲဒီမေးခွန်းတ ငါ့ကိုမမေးဘဲ စံပယ့်ကိုမေးရမှာ၊ သူက ပိုသိမှာ ပေါ့"

ကျော်ဝဏ္ဏက ထုံးစံအတိုင်း ကျွန်တော့်ရေခဲကို အမြင်မကြည်စွာနှင့်ပင်ဆိုသည်။ တစ်ကြိမ်တစ်ခါမှပင် အကောင်းမပြော။

"စံပယ်ကတော့ မရှိဘူးလို့ပဲပြောတာပေါ့ကွ၊ ဒါပေမဲ့ ရေခဲတ သူ့အစ်မ မသိအောင် ကြိတ်ပြီးထားမှာစိုးလို့"

"ဘာမှစိုးရိမ်မနေနဲ့၊ မင်းလို အသက်ကြီးတဲ့သူကို စိတ်ဝင်စားတဲ့လူမျိုး တောင်ကြီးမှာမရှိဘူး၊ မင်းရဲ့ရေခဲက ဟိုင်းနေပြီ၊ အခုခေတ်က နှစ်ဆယ့်တစ်၊ နှစ်ဆယ့်နှစ်ကျော်ရင် အပျိုကြီးဖြစ်ပြီ"

"အာ. . . သူလည်း အသက်အစိတ်လောက်ပဲ ရှိသေးတာပါကွ"

ကျွန်တော့်စကားအဆုံးမှာ ကျော်ဝဏ္ဏက ရယ်သည်။

'အသက်အစိတ်ဆိုတာ ဟိုင်းပြီပေါ့ကွ၊ ငါ့ကောင်ရအေးလေ ပြောနေလည်းအပိုပါပဲ၊ ရှမ်းကြိုက်တော့လည်း နွားချောတာပေါ့"

"ဟကောင်. . . ဟကောင် ငါ့ရေခဲလေးကို နွားနဲ့နှိုင်းတာလား"

"ဥပမာပြောတာပါ။ ရော့ လင်းနောင်နဲ့ ပြောလိုက်ဦး"

"အေး"

ကျော်ဝဏ္ဏက ဖုန်းကို လင်းဟန်ဆီ လွှဲပေးသည်။

"ဟဲလို"

"အေး. . . ရည်းစားမရှိတဲ့မင်းသား၊ ဘယ်လိုလဲ မရတဲ့ ရေခဲကြီးပဲ မဲမနေနဲ့လေ၊ ရန်ကုန်မှာ တစ်ယောက်ယောက်ကောက်တွဲပစ်လိုက်စမ်းပါ။ မင်းတို့မှာတ ပေါပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟကောင်. . . ငါ့အချစ်က အဲဒီလောက်မပေါ်ဘူးကွ"

ကျွန်တော့်စကားအဆုံးမှာ သကောင့်သားက ရယ်သည်။ ပြီး. . .

"အေးလေ. . . နာမည်ကြီး ထမင်းငတ်ဆိုသလိုပေါ့၊ နာမည်ကြီးပြီး ကြိုက်မဲ့သူမရှိတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့၊ ဘာပဲပြောပြော ငါတို့ဘော်ဒါတွေကြားထဲမှာ ရည်းစားမရှိတာဆိုလို့ မင်းတစ်ကောင်ပဲ ရှိတယ်၊ တကယ်ဆို မင်းမှာ ရည်းစားတွေ ပွစီတက်နေသင့်တာ"

လင်းနောင်၏စကားကြောင့် ကျွန်တော်ပြုံးဖြစ်သည်။

"ငါ့ရင်ထဲမှာက ရေခဲပဲ အချိန်ပြည့်ရှိနေတာကွ"

"အေး. . . တစ်ခါလာလည်းရေခဲ၊ တစ်ခါလာလည်း ရေခဲနဲ့ မထူးဘူး ရေခဲတိုက်မှာပဲ နေဖို့လုပ်တော့"

ခပ်ရွှတ်ရွှတ်ဆိုသော သကောင့်သား၏စကားကြောင့် 'မပြောကောင်းမဆိုကောင်းကွာ'ဟု အရယ်တစ်ဝက်ဖြင့် ပြန်၍ဆိုဖြစ်သည်။

"တိုင်ပင်ဖော် တိုင်ပင်ဖက်ပဲဖြစ်ဖြစ် အပျင်းပြေတွဲဖို့ပဲဖြစ်ဖြစ် ရည်းစားတစ်ယောက်လောက်တော့ ကောက်တွဲထားဦး၊ မင်းသားထုပ်နေပြီး ရည်းစားလေးတစ်ယောက်တောင် မှုးလို့ရှူစရာမရှိရင် သူများပြောစရာဖြစ်မယ်"

"ရပါတယ်ကွာ၊ မှုးရင်ရှူဖို့ ရည်းစားမလိုပါဘူး၊ ရှူဆေးပဲ ဝယ်လိုက်ပါ့မယ်၊ ရှူဆေးကမှ အမှုးပြေမှာကွ"

ကျွန်တော့်စကားကြောင့် လင်းဟန်က စိတ်တိုတိုဖြင့် 'အကောင်းပြောနေတာကွ၊ ဒါပဲ၊ ဒါပဲ၊ မင်းနဲ့ပြောရတာလေကုန်တယ်၊ ငါ့ကောင်မလေးဆီ ဖုန်းဆက်လိုက်ဦးမယ်'ဟုဆိုကာ ဖုန်းကိုချကာ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

“ရည်းစားမရှိခြင်းသည်လည်း ဘော်ဒါတွေကြား နှိမ်စရာ တစ်ခုပါလား”ဟုတွေးရင်း ပြုံးဖြစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



"အနုပညာအလုပ်ဆိုတာ တတ်တိုင်းလည်းမကျော်၊ တော် တိုင်းလည်းမဖြစ်တဲ့ဟ၊ တော်တိုင်းတတ်တိုင်း ကျော်ကြားတာမျိုး မဟုတ်ဘူး . . ."

"နင့်ကို ရေခဲကပြောနေတယ်"

"အင်း. . . ဘာတဲ့လဲ"

"တစ်ခါလာလည်း ဒုတိယမင်းသား၊ တစ်ကားလာလည်း ဒုတိယမင်းသားပဲတဲ့၊ ဘာတိုးတက်မှုမှလည်း မရှိဘဲနဲ့တဲ့"

"သြော်"

စံပယ်စကားကို 'သြော်'ဟုသာ ကျွန်တော်ပြောနိုင်သည်။

"အနုပညာအလုပ်ဆိုတာ တတ်တိုင်းလည်းမကျော်၊ တော်တိုင်းလည်းမဖြစ်တဲ့ဟ၊ တော်တိုင်းတတ်တိုင်း ကျော်ကြားတာမျိုး မဟုတ်ဘူး၊ သူ့မှာ စန်းဆိုတာကရှိသေးတယ်၊ ရုပ်ရည်ရှိတိုင်းလည်း ဖြစ်တာမဟုတ်ဘူး၊ ဒီအလုပ်က စီးပွားရေးလို ပုံသေတွက်လို့မရဘူးလေ"

"ရည်းစားထားသလိုပေါ့နော်၊ ပုံသေတွက်ဖို့ခက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကို ပြန်နှောက်ရင်း စံပယ်က ရယ်သည်။

"ငါက စကားအဖြစ်သာ ရည်းစားလို့ပြောနေပေမဲ့ တကယ်တမ်း နင့်ညီမကိုက လက်ထပ်ဖို့အထိ စဉ်းစားထားပဲ့ ချစ်သူပါ၊ ငါက သူ့ကို အပျော်စတာမဟုတ်ဘူး၊ အပျော်စတာဆိုရင်လည်း အခုလို ငါးလခြောက်လကြာအောင် အချိန်ကုန်ခံပါ့မလား၊ ရည်းစားသာ အပျော်ထားချင်ရင် ငါ့ဘေးမှာ ဆယ့်ကိုးနှစ်ဆယ် ကောင်မလေးတွေ တစ်ပုံကြီး"

"အေးပါ. . . နင့်ကိုကြည်ကြမှန်း သိပါတယ်၊ ငါ့ညီမရဲ့ သူငယ်ချင်းတွေထဲမှာတောင် နင့်ကို အသည်းအသန်ကြွေနေတဲ့ ကောင်မလေးတွေ အများကြီး၊ သူတို့က နင့်ကို ခေါင်းဆောင်မင်းသားဖြစ်စေချင်တာဟ၊ ကြိုးစားပေးလိုက်ဦး"

"အေးပါ. ... ငါလည်း အချိန်တိုင်းတော့ ကြိုးစားနေတာပဲ၊ မနက်ဖြန် ရှုတင်အစောကြီးရှိလို့ အိပ်တော့မယ်၊ ရေခဲကိုပြောလိုက်ဦး ကြာလာလေ ပိုချစ်လေ၊ ပိုလွမ်းလေပဲလို့"

"အေးပါ"

"ဒါပဲနော် သူငယ်ချင်း"ဟုဆိုရင်း ဖုန်းကိုချဖြစ်သည်။ မျက်လုံးကို မှိတ်လိုက်သောအခါ ရေခဲ၏မျက်နှာလေးက ပေါ်လာနေသည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



အချစ်လား. . .

သူက

ငါသိထားသလောက်

အလျားအနံလည်း မရှိဘူး။

အသွားအပြန်လည်း မရှိဘူး။

ရိုးသားတိုင်းလည်း မရဘူး။

ကြိုးစားတိုင်းလည်း မရဘူး။

××××

www.burmeseclassic.com

www.burmeseclassic.com



"

ရုတ်တရက်ကြီး ကျွန်တော့်ကို
မြင်လိုက် ရသည်မို့ အတော်ကြီး
တုံ့အားသင့်သွား ဟန်ဖြင့်
သူမ အနည်းငယ်တော့
မျက်လုံး ပြူးကာသွားသည်။
သို့သော် ...

ဆယ့်ငါးရက်လောက် အားလပ်ရက်ရသည်မို့ တောင်ကြီးကို ဒုန်းစိုင်းပြန်ခဲ့ဖြစ်သည်။ ရောက်ရောက်ချင်း သူမ၏ဆိုင်ဆီ တန်းတန်းမတ်မတ်ပင် သွားဖြစ်သည်။

ကံကောင်းချင်တော့ သူမ၏ဆိုင်မှာ အလုပ်သမား တစ်ယောက်မှမရှိ။

"ပိုပို"

တံမြက်စည်းလှည်းနေသော သူမက ကျွန်တော့်ခေါ်သံကြောင့် လှည့်ကြည့်သည်။ ရုတ်တရက်ကြီး ကျွန်တော့်ကို မြင်လိုက်ရသည်မို့ အတော်ကြီး အံ့အားသင့်သွားဟန်ဖြင့် သူမ အနည်းငယ်တော့ မျက်လုံးပြူးကာသွားသည်။ သို့သော် ဝမ်းသာသွားဟန်တော့ နည်းနည်းလေးမှမပြ။

သူမ၏အမူအရာတို့ကို သေချာစွာလိုက်ကြည့်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို သူမက အေးအေးဆေးဆေးပင် ပြန်၍ကြည့်သည်။ ပြီး 'ဆီထည့်မလို့လား'ဟု ဆိုင်ကယ်ကို ဝတ်ကျေတန်းကျေ တစ်ချက် လှမ်းကြည့်ရင်းက မေးသည်။

"အင်း"

"ဘယ်လောက်ဖိုးလဲ"

သူမက ဈေးရောင်းသူတို့၏ ဝတ္တရားအတိုင်းပင်မေးသည်။ သို့သော် ဈေးသည်တို့ရှိရမည်ဖြစ်သော အပြုံးမရှိ။ အရယ်မရှိ။ ဖော်ရွေမှုသည်ကား နတ္ထိ။

"ထောင့်ငါးရာဖိုး"

တစ်ထောင်တန်နှစ်ရွက်ကို ထုတ်ရင်း ကျွန်တော် စိတ်ဓာတ် တျစ္စာဖြင့် ဖြေဖြစ်သည်။ တစ်ထောင့်ငါးရာဖိုးယူရခြင်းက အကြောင်း ရှိသည်။ နှစ်ထောင်ပေးခြင်းဖြင့် သူမသည် မလွဲမသွေ ငါးရာပြန်အမ်း ရမည်ဖြစ်သည်။ ထိုအခါ ကျွန်တော့်အဖို့ စကားပြောရန် အချိန် အနည်းငယ်ပိုရမည် ဖြစ်သည်။

ပြီး တစ်ထောင့်ငါးရာဟူသည်က မည်မျှပင် တုံးသည်ဆိုစေ တာမူ ချစ်ခြင်း၏ ကိန်းဂဏန်းတစ်ခုမှန်း သူမ သိလိမ့်မည်ဖြစ်သည်။

ဆိုင်ကယ်ထဲသို့ သူမဆီထည့်ပေးနေချိန်မှာ သနပ်ခါးလေး ဝင် လိမ်းခြယ်မထားသော သူမ၏မျက်နှာကို နီးကပ်စွာမြင်တွေ့နေရ သည်မို့ ရင်ခုန်သံတို့က ဗုန်းဒိုင်းတွေကြကာနေသည်။

"မတွေ့ရတာကြာလို့လားမသိဘူး ပိုလှလာတယ်"

ရင်ခုန်ကြည်နူးမှုများစွာဖြင့် ပြောသော ကျွန်တော့်စကားကို သူမက စိတ်အနှောင့်အယှက်ဖြစ်သွားဟန်ဖြင့် မျက်ခုံးကို တွန့်ထား ထားသည်။ ပြီး

"ရှုပ်ရှုပ်ယှက်ယှက်တွေ"

www.burmeseclassic.com

www.burmeseclassic.com

တု စိတ်လိုလက်ရ ရေရွတ်သည်။

ကျွန်တော့်ရင်ထဲမှာ စူးခနဲ နာကျင်ကာသွားရသည်။ ကျွန်တော့်စကားတို့သည် သူမအတွက် စိတ်ပျက် စိတ်ရှုပ်စရာတွေ ဖြစ်နေသည်တဲ့လား။

ကျွန်တော်ပေးသော တစ်ထောင်တန်နှစ်ရွက်ကို ဆတ်ခနဲ သူတာ ငါးရာတန်ကို ဆောင့်ဆောင့်အောင့်အောင့်ပင် သူမက အမ်းပေးသည်။

"ပိုပိ စိတ်ဆိုးသွားတာလား"

မျက်စိပျက် မျက်နှာပျက်ဖြင့် လှမ်းမေးသော အမေးကို မကြားယောင်ပြုကာ ဆိုင်ထဲဝင်သွားသော သူမကိုကြည့်ရင်း အသက်ရှူများပင် မွန်းကြပ်ကာသွားရသည်။

'ပိုလှလာတယ်'ဟုဆိုမိသော စကားတစ်ခွန်းက သူမကို ထိခိုက်နာကျင်စေသောစကား ဖြစ်နေသည်တဲ့လား။

ဆိုင်ကယ်ကို စီးထွက်ခဲ့ရင်းက ဘာရယ်မဟုတ် ရင်ထဲမှာ ဆို့နင့်ကာနေသည်။ ဒီလောက်ထိတော့ သူမဘက်က တင်းမာပြနေစရာမလိုဟုထင်သည်။

'ဘာကြောင့်များပါလိမ့်'ဟူသောအတွေးကို အကြိမ်ကြိမ် တွေးဖြစ်နေသည်။ ဘေးလူတစ်ယောက်ယောက်ကများ မဟုတ်မဟပ် လုပ်ကြံသတင်းများဖြင့် သွေးထိုးကာထားသည်လားမသိဟု တွေးမိပြန်သည်။

လူဆိုသည်ကလည်း အမျိုးမျိုးရှိ၏။ တချို့က အနုပညာ သည်ဆိုလျှင် ချစ်၏။ ချစ်သောမျက်စိဖြင့်သာ အရာရာကို မြင် သည်။

အချို့ကြတော့ ထိုကဲ့သို့မဟုတ်။ အနုပညာသည်ဆိုလျှင်

www.burmeseclassic.com



ချဥ်၏။ မည်ကဲ့သို့ ဖွဲ့ရမည်ကို တွေးတောကာ ကြုံလျှင်ကြုံသလို နှိပ်ကွပ်တတ်၏။ အပြစ်ရှာကာ ရှုံ့ချတတ်သည်။ ပြီး ထိုကဲ့သို့ နှိပ်ကွပ် ရှုံ့ချလိုက်ရမှုကို အပေါင်းအသင်းများနှင့် ပြန်ပြောကာ ရယ်မောကြ၏။

ထိုကဲ့သို့သော အဆိုးမြင်သူတစ်ဦးဦးက သူမကိုများ ကျွန်တော်နှင့်ပတ်သက်သော မဟုတ်မမှန် နားစွန်နားဖျား အကြောင်းအရာများကို ရွှေနားတော်သွင်းထားသည်လားဟု တွေးကာ ရင်ပူ၍လာသည်။

ကျွန်တော့်ဆိုင်ကယ်၏ ဦးတည်ရာက စံပယ်ဆီသို့။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ လောကကြီးမှာ
အမျိုးနဲ့ ဓုဆိုးဗိုတွေ တစ်ခုလပ်တွေနဲ့
ညားတာတွေ အများကြီးပဲ၊

"နာမည်တော့မပြောတော့ပါဘူးဟယ်၊ ပြောလည်း နင်သိမှာမဟုတ်ဘူး၊ ပိပိရဲ့သူငယ်ချင်း ညီအစ်ကိုနှစ်ယောက်က ရန်ကုန်နဲ့တောင်ကြီး ကူးနေကြတဲ့ လမ်းကူးကြွက်တွေလေ၊ ဘာအလုပ်မှလည်း မရှိကြဘူး၊ အေး သူတို့ရှိကြတဲ့အလုပ်က သူများမကောင်းကြောင်း ပြောတဲ့အလုပ်လေ၊ သူတို့ညီအစ်ကိုကပဲ နင် ရန်ကုန်မှာ သိပ်ဆွေ တယ်ဆိုတဲ့သတင်းကို ပိပိဆီမှာ ပို့ထားကြတာ"

စံပယ့်စကားအဆုံးမှာ ကျွန်တော် စိတ်ခေတ်ကျသွားမိသည်။

"ပိပိက ယုံတာပဲလား"

ကျွန်တော့်အမေးကို စံပယ်က ချက်ချင်းမဖြေ။

"ငါ့ကိုတော့ ပိပိက အဲဒီလိုပြန်ပြောပြတာပဲ၊ ကြည့်ရတာ အဲဒါကိုယုံလို့လည်း နင့်ကို ဒီလိုဆက်ဆံတာနေမှာပေါ့၊ ငါက နင်ဗူး

www.burmeseclassic.com



ဆက်လာရင် သူ့ကို နင်ဖုန်းဆက်တဲ့အကြောင်း သွားပြောပြတော့ ဘာမှကို အပြောမခံဘူး၊ ခါးခါးသီးသီးကြီးကို ဖြစ်နေတာ၊ ငါလည်း အစွမ်းကုန်တော့ လှုပ်ရှားပေးပါတယ်ဟာ၊ တော်ကြာ ပိပိရဲ့အစ်ကို နှစ်ယောက် သိသွားရင် ငါအသက်ခံရမှာ"

"အေးဟာ ငါလဲ နင့်ကို အတော်ကြီးအားနာနေပြီ၊ ဒါပေမဲ့ ငါ့မှာ သူနဲ့ပတ်သတ်ပြီး အကူအညီတောင်းစရာဆိုလို့ နင်ပဲရှိတာ လေ"

ကျွန်တော့်စကားအဆုံးမှာ စံပယ်က 'ငါသိပါတယ်'ဟုဆို သည်။

"တကယ်တော့ဟာ သူကိုယ်တိုင်ကလဲ ငါ့ကို သံယောဇဉ် လုံးဝမရှိလို့ ဖြစ်ပါလိမ့်မယ်၊ ဘယ်သူတွေ ဘာပြောပြော ဘယ်လောက် ပဲဖျက်ဖျက် သူသာ ငါ့အပေါ်မှာ နည်းနည်းလောက်ပဲ ဖြစ်ဖြစ် မြန် ချစ်ရင် ငါနောက်ဆုံး မုဆိုးဖို တစ်ခုလပ်ဖြစ်နေပါစေ သူ လက်ခံမှာ ပဲ"

"အေးလေ လောကကြီးမှာ အပျိုနဲ့ မုဆိုးဖိုတွေ တစ်ခုလပ် တွေနဲ့ ညားတာတွေအများကြီးပဲ၊ ညီအစ်မချင်းဆိုပေမဲ့လည်း ပိပိရဲ့ စိတ်ကို ငါ သိပ်ခန့်မှန်းတတ်ဘူးဟာ၊ ကြိုးစားပေါ့ဟာ၊ နင် တကယ် ချစ်မှန်းသိရင် သူ ဖွဲ့ဆုလောက်တော့ နင့်ကိုပေးမှာပါ"

စံပယ်စကားအဆုံးမှာ လေးပင်စွာပင် ခေါင်းညိတ်ပြဖြစ် သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . ငါ try ကြည့်ချင်
သေးတယ်ကွာ၊
မျှော်လင့်ချက် ရောင်ခြည် မှိန်မှိန်
သေးသေးလေးပဲဖြစ်ဖြစ် . . .

"ငါ့ကိုမြင်တာနဲ့ မျက်နှာလွှဲသွားတာကြီးက Feelတကယ် ဖြစ်တယ်ကွာ၊ ငါ့ဘက်က ဘာမှလည်း ကြီးကြီးကျယ်ကျယ် သူ့ကို ပြသနာ မလုပ်ဘူးထင်တာပဲ"

"မင်း ဒီပွဲကို ရပ်ရင်လည်း ရပ်ပစ်လိုက်ပါလား"

ကျော်ဝဏ္ဏက ကျွန်တော့်စကားအဆုံးမှာ ဝင်၍ဆိုသည်။ သူ၏မျက်နှာကို လှမ်းကြည့်လိုက်တော့လည်း နောက်နေသည့် အမူအယာ မပြ။ အတည်ကြီးဆိုနေပုံပေါက်သည်။

"မင်းတို့စိတ်ထဲမှာ ငါက ပိပိကို အပျင်းပြေ လိုက်နေတယ်လို့ မြင်နေလို့လား၊ ဟုတ်လား"

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က ခေါင်းညိတ်ပါသည်။

"မင်း တကယ်လိုက်နေတယ်ဆိုတာရော၊ တကယ်ကြိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာတော့ ငါ့ကိုကလက်ခံတယ်၊ ဒါပေမယ့် မင်းရဲ့ ရေခဲက လက်မခံဘူးလေကွာ၊ သူ့မှာရည်းစားမရှိဘဲနဲ့ ရည်းစားရှိတယ်ဆိုပြီးတော့ မင်းကို ခါးခါးသီးသီး ဒီကနေ့အထိ ငြင်းတယ်မဟုတ်လား"

လင်းနောင်၏ အဆိုကို ကျွန်တော်ခေါင်းညိတ်ပြဖြစ်သည်။

"အေး မြဲမြဲမှတ်ထား၊ အဲဒါမင်းကို သူမကြိုက်လို့ ခံစားလို့မရလို့ပြောတာ၊ မင်းလည်းရည်းစားမထားဖူးတဲ့ ကောင်မှမဟုတ်ပဲ၊ ဒီလောက်ဆို ပိပိဘက်က တုံ့ပြန်မှု အတိမ်အနက်ကို ကွက်ကွက်ကွင်းကွင်းကြီး သိနေပြီမဟုတ်လား"

လင်းနောင်ကို ကျွန်တော် ဘာစကားမှပြန်၍မဆိုဖြစ်၊ မှန်လွန်းနေသော စကားများမို့ ရင်ဆို့နင့်လာသည်ကတော့ အမှန်ပင်ဖြစ်သည်။

BURMESE CLASSIC

"ဟုတ်တယ် ဖြိုးနိုင်၊ မင်းပဲစဉ်းစားကြည့်၊ မင်းလည်းသိနေတာပဲ၊ မိန်းကလေးတွေက သူတို့မကြည်ဖြူနိုင်တဲ့လူဆိုရင် အကြောင်းအမျိုးမျိုးပြပြီး ငြင်းတတ်ကြတယ်၊ ဥပမာ မင်းရဲ့ ရေခဲ 'ပိပိ'ကိုပဲကြည့်၊ မင်းကို သူ မချစ်နိုင်လို့ ရည်းစားရှိပါတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ မင်းကိုငြင်းတယ်၊ တကယ်လို့များ မင်းကိုသာ သူလက်ခံနိုင်ခဲ့ရင် သူ့မှာ ရည်းစားရှိနေခဲ့ရင်တောင် အီစီကလီရိုက်ပြီး စဉ်းစားပေးမယ်တို့ ဘာတို့ လုပ်မှာပေါ့၊ ဘာပဲပြောပြော ကွယ်ရာမှာ ဟားဖို့လောက်တော့ မင်းကို ကစားချင်ကစားဦးမှာ၊ ဒီကောင့်ကို ငါ ဒီလိုဗညာပေးထားလိုက်တယ်ဆိုတာမျိုးပေါ့ကွာ"

ကျော်ဝဏ္ဏက ရှည်လျားစွာဆိုသည်။

"ရှင်းပါတယ်ကွာ၊ ရည်းစားရှိတယ်လို့ ညာပြောတယ်ဆိုတာ ထည်းက နောက်ဆုတ်တော့လို့ ယဉ်ယဉ်ကျေးကျေးပြောတာပဲ၊ ဒါပဲ သူသာလက်ခံချင်လို့ကတော့ မင်းကို ရည်းစားများတယ်လို့ပဲ ဘာဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com

တွေ ဘာပြောပြော သူကိုယ်၌က ရေလာမြောင်းပေးလုပ်ဦးမှာ၊ စတားဆယ်ခွန်းပြောရင် သူမှာ ရည်းစားမရှိဘူး၊ ယောကျ်ားတွေနဲ့ သူ အရောတဝင်မနေပါဘူးဆိုတာမျိုးက ခြောက်ခွန်း၊ ခုနစ်ခွန်း လောက်ပါမှာ”

လင်းနောင်က အပြီးသတ်စကားကို ဆိုသည်။

“ငါ. . . ငါ try ကြည့်ချင်သေးတယ်ကွာ၊ မျှော်လင့်ချက် ရောင်ခြည် မှိန်မှိန်သေးသေးလေးပဲ မြင်ရမယ်ဆိုရင်တောင် ငါ ကြိုးစားကြည့်ချင်သေးတယ်”

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်တို့နှစ်ကောင်က ကျွန်တော့်ကို စိတ်ပျက်စွာကြည့်ရင်း ခေါင်းကို ဘယ်ညာယမ်းသည်။

“မင်းက. . . မင်းကိုယ်မင်း မင်းသားဆိုပြီးတော့ ဖြစ်နိုင် သေးတယ်လို့ တွက်နေတာလား”

ကျော်ဝဏ္ဏက မျက်မှောင်ကုတ်ရင်း ဆိုသည်။ ကျွန်တော် ခေါင်းခါပြဖြစ်သည်။

“ငါ့မှာ အဲဒီလိုအတွေးမျိုးမရှိတာ မင်းတို့သိပါတယ်ကွာ၊ ငါက ငါ့ကိုယ်ငါ သရုပ်ဆောင်ဆိုတာကို မေ့မေ့နေတတ်တဲ့ကောင်၊ အခု မင်းတို့ပြောမှ ငါ့ကိုယ်ငါ သရုပ်ဆောင်ဆိုတာကို သတိရတယ်၊ ပြီးတော့ ပိပိရဲ့အချစ်ကို ရမှာပါလို့ ငါသေချာပေါက်ကြီးတွက်ထား ရင် ဒီလိုပျာယာခတ်နေပါ့မလား”

“ဒါဖြင့် မဖြစ်နိုင်မှန်း ရာခိုင်နှုန်းများနေတဲ့ပွဲကို ဘာဖြစ်လို့ မင်းက ဆက်ကချင်နေရတာတုန်း”

လင်းနောင်က ကျွန်တော့်ကို မျက်မှန်ကြီးကြည့်ကာ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ပိပိကို တကယ်ချစ်နေလို့ပေါ့ကွာ"

"ကျွတ်"

ကျွန်တော့်စကားအဆုံးမှာ နှစ်ကောင်သား ကျွတ်ခနဲ စိတ်မရှည်စွာ စုတ်သတ်ကြသည်။

"ပိပိအမြင်မှာတော့ မင်းက ရှက်ရှက်နဲ့ သူ့ကို ဆက်လိုက်နေတယ်ထင်မှာပဲကွ၊ အဲဒီလိုမြင်နေမှာပဲ"

ကျော်ဝဏ္ဏက ကျွန်တော့်ကိုကြည့်ရင်းဆိုသည်။

"ဘယ်လို"ဟု ကျွန်တော် ပြန်မေးဖြစ်သည်။

"ဒီလိုကွာ. . . မင်းက ဘာပဲပြောပြော ဟိုးဟိုးကျော်နေတဲ့ Super မင်းသားတစ်ယောက်မဟုတ်ရင်တောင်မှ လူမသိသူမသိ မင်းသားတစ်ယောက်တော့ မဟုတ်ဘူး၊ အတိုင်းအတာတစ်ခုထိ ပရိသတ်သိတဲ့၊ ပရိသတ်ရှိတဲ့ အနုပညာသည်တစ်ယောက်၊ ဒီလိုလူက ပိပိလို မထင်မရှားကောင်မလေးတစ်ယောက်ကို Propose လုပ်တာ အငြင်းခံရတယ်ဆိုတာကြီးကို မင်း ပြောင်းပြန်လှန်ပစ်ချင်လို့ မခံချင်စိတ်နဲ့ လိုက်နေတာ၊ အဲဒီလိုမျိုး ပိပိဘက်က မြင်နေလားမှ မသိတာ"

"မဟုတ်ရပါဘူးကွာ၊ ငါ အဲဒီလိုစိတ်မျိုး မရှိပါဘူး၊ မင်းတို့ ငါ့စိတ်ကို သိရဲ့သားနဲ့ကွာ"

ကျွန်တော်၏ အားမလိုအားမရစကားကို ကျော်ဝဏ္ဏက ခေါင်းယမ်းပြန်သည်။

"စောစောက မင်းကို ပြောပြီးပြီလေ၊ မင်းစိတ်ကို ငါကို့သိတယ်လို့၊ ဒါပေမယ့် ပိပိမှမသိတာ၊ မင်း သူသိအောင်လုပ်လည်း အပိုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူကမှ မင်းကို လက်မခံနိုင်တာ၊ ပြောရင် တာ နားဝေးလိုက်တာဖြိုးနိုင်ရာ၊ သူ့ဘက်က ဒီလောက်ကြီး မင်းကို ခေါင်းခါပြနေရင် မင်းသဘောပေါက်တော့ပေါ့ကွ"

www.burmeseclassic.com



“ငါကတော့ ကြိုးစားကြည့်ချင်သေးတယ်ကွာ”

ကျော်ဝဏ္ဏ၏ စကားအဆုံးမှာ ကျွန်တော် သက်ပြင်းချရင်း ဆိုဖြစ်သည်။ လင်းနေခြင်က စိတ်တိုလာဟန်ဖြင့်

“ကြိုးစား၊ သေအောင်ကြိုးစား၊ ရမှာလည်းမဟုတ်ဘူး”

ဟု ဆိုသည်။

ကျွန်တော် မွန်းကြပ်စွာပင် သက်ပြင်းကိုချဖြစ်သည်။

xxxx

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

"ငါ တစ်ညလုံး စဉ်းစားကြည့်မိတယ်ဟာ၊
ငါ့ဘက်ကလည်း သူ့ကို
ချစ်တဲ့ အကြောင်း စာလေးတစ်စောင်ပေး
ပြီးတော့
ကြိုးစားမှုတွေ အားနည်းနေတယ်နဲ့တူတယ်"

"ကြည့်ရတာ မင်းသားတစ်ယောက် Propose လုပ်တာကို ငြင်းလိုက်တယ်ဆိုပြီးတော့များ ဂုဏ်ယူနေတာလားမသိဘူး၊ ငါလည်း ငါ့ညီမရဲ့စိတ်ကို နားမလည်နိုင်တော့ပါဘူးဟယ်"

စံပယ်က ခေါင်းကို တမြင်းမြင်းကုတ်ရင်းဆိုသည်။

"ငါ တစ်ညလုံး စဉ်းစားကြည့်မိတယ်ဟာ၊ ငါ့ဘက်ကလည်း သူ့ကို ချစ်တဲ့အကြောင်း စာလေးတစ်စောင်ပေးပြီးတော့ ကြိုးစားမှုတွေ အားနည်းနေတယ်နဲ့တူတယ်"

ကျွန်တော့်စကားကို စံပယ်က ခေါင်းညိတ်သည်။

"ပြီးတော့ဟာ. . . ငါ့အနေအထားကလည်း နင်သိတဲ့အတိုင်းပဲ တောင်ကြီးမှာထက် ရန်ကုန်မှာ ပိုအနေများတယ်၊ ဒါထက် ပိုဆိုးတာက စာလေးပေးတာတောင် ခါးခါးသီးသီးကြီး သူ့ဘက်က ငြင်းနေတော့ အခြားနည်းနဲ့ ချဉ်းကပ်ဖို့ဆိုတာ ပိုလို့တောင် မလွယ်

www.burmeseclassic.com

www.burmeseclassic.com

ဘူးလေ၊ တစ်မြို့ထဲမှာရှိနေတာတောင်မှ ကြိုးစားဖို့မလွယ်တာ ငါက ငါ့အလုပ်နဲ့ ရန်ကုန်မှာပဲရှိနေတော့ ပိုဆိုးတာပေါ့၊ ဖုန်းဆက်ရအောင်တလည်း သူ့ဆိုင်မှာ ဖုန်းကမရှိဘူး၊ ဒီတော့ ငါ့ဘက်က ကြိုးစားနိုင်တာဆိုလို့ နင့်ဆီကနေတစ်ဆင့် သူ့ကို စာပေးတဲ့နည်းပဲ ရှိတော့တယ်”

ကျွန်တော့်စကားအဆုံးမှာ စံပယ်က သက်ပြင်းကို ဟင်းခနဲ ချသည်။

“နင်ပြောတာလည်း ဟုတ်ပါတယ်လေ၊ နင်လည်း ငါ့ညီမကို တကယ်ချစ်လို့ ဒီလောက်ထိ အကြာကြီး အချိန်ပေးပြီး Propose လုပ်တယ်ဆိုတာ ငါသိပါတယ်၊ ဘာပဲပြောပြော ဖွဲ့ဆုလောက်တော့ နင်ရမှာပါ”

“အခု ငါ စာတစ်စောင်ရေးလာခဲ့တယ်၊ မျက်နှာပူပူနဲ့ပဲ အကူအညီတောင်းရဦးမှာပဲ၊ ငါ့ကိုပေးပေးပါဦး”

“ရပါတယ်ဟယ်၊ နင်ကလည်း ဒီလောက်တော့ ကူညီပေးရမှာပေါ့”

စံပယ်က ပြောပြောဆိုဆိုပင် ကျွန်တော်ပေးသော စာအိတ်ကို လှမ်း၍ယူသည်။ ဘာရယ်တော့မဟုတ် စာပေးလျှင် ကျွန်တော့်ရေခဲလေးက အသည်းအသန်များ ငြင်းနေဦးမလားဟု တွေးမိရင်း သက်ပြင်းမောကို ချဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝဏ္ဏ ၁၅
အချစ်တစ်ကောင်ဖြစ်သည်

"
ကောင်မလေးတစ်ယောက်ယောက်ကို
မင်း ကြိုပြီးအစားထိုးထား လိုက်ရင်
တကယ်လို့ မင်းရဲ့ရေခဲတ
ပစ်ပစ်ခါခါကြီး မင်းကိုငြင်းရင်တောင်
ခံသာတာပေါ့ကွာ"

"မင်းက ဖိုက်တင်ကားတွေဘာတွေ မရိုက်ဘူးလား၊ မရိုက်ချင်လို့လား"

ကျော်ဝဏ္ဏ၏အဆိုကြောင့် ကျွန်တော် ခေါင်းယမ်းဖြစ်သည်။

"မရိုက်ချင်တာမဟုတ်ဘူး၊ မရိုက်ဖြစ်သေးတာ၊ နောက်တော့ ရိုက်ဖြစ်ချင် ရိုက်ဖြစ်မှာပါ၊ ဒါကလည်း ဇာတ်ရုပ်နဲ့ ငါနဲ့လိုက်မှ ဒါရိုက်တာတွေက ခေါ်သုံးမှာပေါ့၊ အခု ငါရိုက်နေတဲ့ ဇာတ်ရုပ်တွေက သူတို့ ငါနဲ့လိုက်မယ်ထင်လို့ ခေါ်ရိုက်တဲ့ဇာတ်ရုပ်တွေချည်းပဲ"

"ငါတို့သိသလောက်ကတော့ ဆေးစက်ကျရာ အရုပ်ထင်တယ်ဆို၊ ဘယ်လိုကာရိုက်တာပဲလာလာ သရုပ်ဆောင်တွေက နိုင်နိုင်နင်းနင်း လုပ်ပြရမှာပဲမဟုတ်ဘူးလား"

ကျွန်တော့်စကားကို လင်းနောင်က အတွန့်တက်သည်။

"အဲဒါတော့ အဲဒါပေါ့ကွာ၊ ဒါပေမဲ့လည်း ဇာတ်ရုပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အလိုက်ဖက်ဆုံး သရုပ်ဆောင်ကို ရွေးပြီးသုံးကြတာပေါ့၊ ဥပမာကွာ တချို့မင်းသမီးတွေရဲ့ရုပ်က သိပ်မဟာဆန်တယ်၊ မျက်နှာပေါ်မှာ ဘာအမူအရာမှမလုပ်ဘဲနဲ့ကို ကျက်သရေရှိနေတာ၊ ဒီလိုမင်းသမီးကို အိမ်ဖော်ခန်းမှ ထည့်ရိုက်ရင်ပဲဖြစ်ဖြစ်၊ ဗီလိန်လိုနေရာမျိုးမှာပဲ ဖြစ်ဖြစ် ထည့်သုံးလိုက်ရင် မင်းသမီးက ဘယ်လောက်ပဲ သရုပ်ဆောင် တောင်းကောင်း နည်းနည်းတော့ လွဲနေသလို ဖြစ်နေရမှာပဲ၊ လူရွှင် တော်တွေကို ငိုတဲ့အခန်းမှာ ထည့်သုံးရင် ရယ်ချင်စရာကြီးဖြစ်နေ သလိုမျိုးပေါ့၊ ဇာတ်ကောင်တွေက သူ့နေရာနဲ့သူသုံးမှ အဆင်ပြေ တာ”

ကျွန်တော်ရှင်းပြသော စကားအရှည်ကြီးအဆုံးမှာ သကောင့်သားနှစ်ယောက်က ခေါင်းညိတ်ကြသည်။

“အင်း. . . ဟုတ်ပါပြီ၊ သရုပ်ဆောင်တွေကိုတော့ ဒါရိုက်တာ တွေက ဇာတ်ကောင်နဲ့လိုက်မလိုက် ဈေးကွက်ရှိမရှိကို ကြည့်ပြီး ရွေးကြတယ်၊ ဒါရိုက်တာတွေကျတော့ရော ဘယ်လိုအရည်အချင်းမျိုး တွေရှိဖို့ လိုလဲ”

လင်းနောင်က စဉ်းစားရင်းက ပေါ်လာဟန်ဖြင့် မေးသည်။

“ဟုတ်တယ်ကွ၊ ဘယ်လိုအရည်အချင်းမျိုးတွေ ဒါရိုက်တာ တစ်ယောက်မှာ ရှိဖို့လိုလဲ”ဟု ကျော်ဝဏ္ဏကပါ ထမေးသည်။

“ပြည့်ပြည့်စုံစုံမဟုတ်ရင်တောင်မှ ငါသိသလောက် ပြောရ ရင် ဒါရိုက်တာတစ်ယောက်က အနုပညာဆန်တဲ့ VISION ရှိရမယ်၊ ဇာတ်ညွှန်းကနေ အရုပ်ကိုမြင်တဲ့မြင်ကွင်းကို သူ ထုံးလိုမွှေရလို့ နှောက် သိနေရမယ်၊ ပရိသတ်ကို ဘယ်လိုတင်ပြရမယ်ဆိုတဲ့အချက်ပေါ့”

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က ‘ခွက်ပါဦး’ဟု

www.burmeseclassic.com



ဆိုသည်။

"ဒါရိုက်တာတစ်ယောက်က Knowledge ဆိုတဲ့ ဗဟုသုတကို ရှေ့မှီနောက်မှီ အကုန်လုံးနီးပါး သိထားဖို့လည်း လိုတယ်၊ ပြီးတော့ Organization ဆိုတဲ့ ပြေပြစ်အောင် ပေါင်းသင်းဆက်ဆံတတ်မှုလိုတယ်၊ မီးထိုးမှန်ထိုးကစလို့ သရုပ်ဆောင်အလယ် ထုတ်လုပ်သူအဆုံး အားလုံးနဲ့ အံဝင်ဂွင်ကျဖြစ်အောင် ညှိနှိုင်းစီမံတတ်ဖို့ Diplomacy & communication ဆိုတာကို သူကျွမ်းကျင်ရမယ်၊ အဲဒီအတွက် Humility လို့ခေါ်တဲ့ ကိုယ့်ကိုယ်ကို နှိမ့်ချဆက်ဆံတတ်ဖို့လည်း လိုတယ်"

ကျွန်တော့်စကားအဆုံးမှာ လင်းနေခင်က ဒါပဲလားဟု ဆိုသည်။

"ဒါကတော့ ငါသိသလောက်ကိုပဲ ပြောပြတာကွ၊ ဒီထက်မကရှိရမဲ့ အရည်အသွေးတွေလည်း ရှိဦးမှာပဲ၊ ဒါရိုက်တာဆိုတာကတော့ ရိုက်ကွင်းဘုရင်ဖြစ်တဲ့အတွက် အားလုံးရဲ့အထက်မှာ သူရှိနေရမယ်၊ ဆိုလိုတာက ရိုက်ကွင်းတစ်ခုလုံး၊ ဇာတ်ကားတစ်ခုလုံးမှာ သူမသိတာ ဘာမှမရှိအောင် ပြီးပြည့်စုံနေရမယ်၊ ဒီသရုပ်ဆောင်တစ်ယောက်ဆီက ဘာ အိုက်တင်ဘယ်လိုချူမယ်၊ ဘယ်လိုထုတ်သုံးမယ်၊ ဘယ်အတိုင်းအတာမှာ ရပ်ခိုင်းရမယ်၊ ဒါမျိုးတွေပေါ့ကွာ၊ သူအကုန်သိနေရမယ်"

"ဩော်. . . ဒီလိုဆို ဒါရိုက်တာတစ်ယောက်ရဲ့ တာဝန်တွေကလည်း မသေးဘူးကွနော်၊ တော်တော်ဦးနှောက်ခြောက်မှာပဲ၊ မင်းတို့သရုပ်ဆောင်တွေကမှ ကိုယ့်အပိုင်း သူ့အပိုင်း သရုပ်ဆောင်ပြီးတာနဲ့ ကိုယ့်အလုပ်ကပြီးသွားပြီ၊ ဒါရိုက်တာကကျတော့ အရုပ်တွေ ဆည်းဖြတ်တဲ့အထိ လိုက်စီမံရတာဆိုတော့ မလွယ်ဘူးကွနော်"

ကျော်ဝဏ္ဏ၏ စကားအဆုံးမှာ 'ဟုတ်တယ်'ဟု ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်ပြသည်။

"ဒါနဲ့ကွာ တချို့ဇာတ်လမ်းတွေကျတော့ ဝတ္ထုအနေနဲ့ ဖတ်လို့ကောင်းတယ်၊ ဒါပေမဲ့ ရုပ်ရှင်အနေနဲ့ ရိုက်လို့အဆင်မပြေတာတွေရှိတယ်၊ ဒီတော့ကွာ မင်းတို့ဇာတ်ကားရိုက်ဖို့ ဇာတ်လမ်းရွေးရင် ဘယ်လိုအချက်တွေကို အဓိကထားပြီး ရွေးကြလဲ"

လင်းနောင်က ပခုံးကိုတွန့်ရင်း ကျွန်တော့်ကိုကြည့်ကာ မေးသည်။ ကျွန်တော် ချက်ချင်း ဘာပြန်ဖြေရမှန်းမသိ။

"ရုပ်ရှင်ရိုက်လို့ကောင်းမယ့် ဇာတ်လမ်းသဘောတရားကို အခြေခံပြီးတော့ ရွေးရတာပဲကွာ၊ ဇာတ်လမ်းသဘောတရားဆိုတာက THEME လို့ခေါ်တဲ့ ဦးတည်ချက်ရှိရတယ်၊ ဥပမာကွာ ဒီဇာတ်လမ်းက ဟာသလား၊ ဒရမ်မာလား၊ ဘယ်လို Message ကို ပရိသတ်အတွက် ပေးနိုင်လဲပေါ့ကွာ၊ ဖျော်ဖြေရေးသက်သက်လား၊ ပညာပေးလား ဒါမျိုးပေါ့ကွာ"

စိတ်ဝင်စားစွာ နားထောင်နေသော သကောင့်သား နှစ်ယောက်ကိုကြည့်ပြီး ကျွန်တော့်စကားကို ဆက်ဖြစ်သည်။

"ဇာတ်လမ်းရဲ့ THEME ပြီးရင် CHARACTER လို့ခေါ်တဲ့ ဇာတ်လမ်းထဲ က ဇာတ်ကောင်တွေရဲ့ စရိုက်ကိုလည်း ကြည့်ရတယ်၊ ဇာတ်အိမ်ရဲ့ ဖွဲ့စည်းမှု PLOT ကောင်းမကောင်း ကြည့်ရတယ်၊ ဇာတ်လမ်းထဲက ဆန့်ကျင်ဘက်ဇာတ်ကောင်တွေရဲ့ လှုပ်ရှားအားပြိုင်မှု COMFLICT ဆိုတာကိုလည်း ကြည့်ရတယ်၊ ဇာတ်လမ်းရဲ့ အခင်းအစက် အဖြေဆိုတဲ့ သဘောတရားတွေ ဇာတ်လမ်းရဲ့ ပြီးပြည့်စုံမှုလို့ခေါ်တဲ့ COMPLETENESS ကောင်းမကောင်းကိုလည်း ကြည့်ရတယ်၊ ဒါ ငါသိထားသလောက်လေး ပြောပြတာ၊ ဒီထက်မကလည်း ရှိဦးမယ်ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က
"ဒါဖြင့် ဇာတ်လမ်းရှာဖို့ ဝတ္ထုတွေများများဖတ်ရမှာပေါ့"
ဟု ဆိုသည်။

"အင်း. . . ရုပ်ရှင်ရိုက်ဖို့ ဇာတ်လမ်းက ဝတ္ထုတွေဆီကပဲ ရတာမဟုတ်ဘူးကွ၊ ကဗျာတွေ၊ သီချင်းတွေဆီကလည်း ရနိုင်တယ်၊ ပြီးတော့ ဇာတ်နိပါတ်တော်တွေဆီကလည်း ရနိုင်တာပဲ၊ ရာဇဝင် မဟာဝင်လို့ခေါ်တဲ့ ဇာတ်လမ်းတွေလည်းရှိတာပဲ၊ နောက်ဆုံးကွာ ဖြစ်ရပ်မှန် ဇာတ်လမ်းတွေလည်းရှိတာပဲ၊ ပြီးတော့ နိုင်ငံခြားကားတွေ ဆီကလည်း မှီငြမ်းလို့ရတယ်၊ ပြီးတော့ အခုနောက်ပိုင်းဆိုရင် တာတွန်းကားတွေကိုတောင် လူတွေနဲ့ ပြန်ရိုက်တာမျိုးရှိတယ်"

ကျွန်တော့်စကားအဆုံးမှာ ကျော်ဝဏ္ဏက
"ဘာပဲပြောပြော မင်းလည်း အတော်တော့ လေ့လာထား ရတာပဲကွနော်"

ဟု ဆိုသည်။ လင်းနောင်က 'ကြိတ်ပြီးလေးစားနေတာလား' ဟု ရွတ်နောက်နောက်ဆိုရင်း ရယ်သည်မို့ ကျော်ဝဏ္ဏက လင်းနောင် ကို ဘုကြည့်ကြည့်သည်။

"ဒီလိုပါပဲကွာ ဒီအလုပ်ကိုလုပ်မှတော့ သရုပ်ဆောင်အတတ် ပညာတင်မကဘူး အားလုံးကို လေ့လာထားရတာပေါ့၊ တစ်လမ်း ကောင်းပဲရရင် ရေရှည်မှာ ကိုယ်က ကျန်ခဲ့နိုင်တယ်လေကွာ"

"ဒါပေါ့"

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က 'ဒါပေါ့'ဟု ဆိုသည်။

"ဒါနဲ့ စကားမစပ် မင်းကော မင်းရဲ့ရေခဲနဲ့ အခြေအနေ ဘယ်လိုလဲ၊ အရင်လို အေးတိအေးစက်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝဏ္ဏက သတိတရဖြင့် မေးသည်။

"အေးကွာ အခုထိတော့ ထူးမခြားနားပါပဲ၊ ထပ်ပြီးတော့ Try တဲ့အနေနဲ့ စာတစ်စောင်တော့ ထပ်ပေးခိုင်းထားတယ်ကွာ"

"ယူသွားလား"

ကျွန်တော့်ကို လင်းနောင်က ထမေးသည်။

"စံပယ့်ကို ပေးခိုင်းထားတာဆိုတော့ သူနဲ့ဆုံမှပဲသိမယ်"

ကျွန်တော့်စကားအဆုံးမှာ သကောင့်သားနှစ်ကောင်က ကျွန်တော့်ကိုကြည့်ကာ ခေါင်းခါပြရင်း ကိုယ်စီသက်ပြင်းချကြသည်။

"ငါ့ညီမရဲ့ ဘော်ဒါတွေထဲမှာ မင်းကို အသည်းအသန်ကြွေတဲ့ ကောင်မလေးတွေရှိတယ်၊ သေချာတယ်ကွာ၊ ငါလုံးဝပြောရဲတယ်၊ မင်း နည်းနည်းလေး အီလိုက်တာနဲ့ ချက်ချင်းပါလာမဲ့ ကောင်မလေးတွေ တစ်ပုံကြီး၊ ရုပ်လည်း မင်းရဲ့ရေခဲထက် အများကြီးနိုပြီး အများကြီး ချောတယ်ကွာ၊ ပြောရရင် မင်းရဲ့ရေခဲထက် ရုပ်ရော၊ အရွယ်ရော၊ ပညာရော၊ ဥစ္စာရော မသာတာဘာမှမရှိဘူး၊ ဘယ်လိုလဲ ငါလှုပ်ရှားပေးရမလား"

လင်းနောင်က စကားအရှည်ကြီးဆိုကာ ကျွန်တော့်ကိုမေးသည်။

"ရပါတယ်ကွာ၊ ငါသာ အဲဒီလိုစိတ်ခတ်မျိုးရှိရင် အစောကြီးကတည်းက ဟောတစ်ယောက် ဟောတစ်ယောက် တွဲပစ်လို့ရတယ်၊ ဒါပေမဲ့ ငါ့ရင်ထဲမှာက ရေခဲပဲရှိတာကွ၊ ပြီးတော့ ငါက တကယ်မချစ်ဘဲနဲ့ သူများသားသမီးကို ကိုယ့်ကြောင့် စိတ်မဆင်းရဲစေချင်ဘူး"

ကျွန်တော့်စကားအဆုံးမှာ သကောင့်သားနှစ်ကောင်က ခေါင်းခါကြပြန်သည်။ ကျော်ဝဏ္ဏက ကျွန်တော့်ပခုံးကိုပုတ်ရင်း. . .

"အကောင်းဆုံးကတော့ သစ်မရောက်ခင် မီးကူတာပဲကွ၊

www.burmeseclassic.com

www.burmeseclassic.com



တောင်မလေးတစ်ယောက်ယောက်ကို မင်း ကြိုပြီးအစားထိုးထား လိုက်ရင် တကယ်လို့ မင်းရဲ့ရေခဲက ပစ်ပစ်ခါခါကြီး မင်းကိုငြင်းရင် တောင် ခံသာတာပေါ့ကွာ”ဟု ဆိုသည်။

ကျွန်တော် ဘာမှပြန်မပြောဘဲ ငြိမ်နေဖြစ်သည်။

××××

www.burmeseclassic.com

www.burmeseclassic.com

## ၂၂

"

အချစ်ဆိုသည်မှာ
အလွယ်တကူ အစားထိုး၍ရသောအရာ
ဟု ကျွန်တော်မမြင်၊
အချစ်သည် နက်ရှိုင်းစွာသော စွဲမြဲနိုင်မှ
သည့် ရေသောက်မြစ်တစ်ခုလို

"တခြားကောင်မလေးတစ်ယောက်ယောက်ကို အစားထိုးပြီး ကြိုက်လိုက်ပါတဲ့၊ သူ တကယ့်ကို မချစ်နိုင်လို့ပါတဲ့၊ စာကို ဘယ်လို ပေးပေး မယူဘူး၊ ငါလည်းပဲ စိတ်ညစ်ပါတယ်ဟယ်"

စံပယ်က ရှေ့နေ့တုန်းက ယူထားသော ကျွန်တော့်စာကို ပြန်ပေးရင်း အားနာဟန်ဖြင့် ဆိုသည်။

"ငါက သူ့ကို ချော့ကြည့်သေးတယ်၊ နင် ဒီစာကိုယူရင်ယူ မယူရင် သူကိုယ်တိုင်လာပေးလိမ့်မယ်လို့၊ ဒါပေမယ့် ဘယ်လိုပြော ပြော မယူဘူး၊ မဖတ်ချင်ရင်လည်းနေ ယူထားပေးလိုက်ပါ၊ အားနာ စရာကြီးလို့ ငါကပြောတော့ ယူထားတာကမှ ပိုအားနာစရာကောင်း တာတဲ့၊ မျှော်လင့်ချက်ပေးသလိုကြီး ဖြစ်နေမှာစိုးလို့တဲ့၊ အပြောင်ပြောင်း လိုက်တော့ တစ်ခါထဲ နားအေးသွားတာပေါ့တဲ့"

"ဪ"

www.burmeseclassic.com

www.burmeseclassic.com



'ဩော်'ဟု ရေရွတ်မိရင်း ရင်တွေတစ်ခုလုံး ကြေမွသွားသလို မျိုး ခံစားလိုက်ရသည်။ ဒီလောက်ထိအောင်ပဲလားဟု တွေးမိသော ခဏ ရင်မှာ မွန်းကြပ်ကာလာသည်။

စာကိုပြန်ယူကာ အိတ်ကပ်တွင်ထည့်လိုက်ရင်း စံပယ့်တို လှမ်းကြည့်တော့ စံပယ်က အားနာဟန်ဖြင့် ကျွန်တော့်ကို ပြန်ကြည့် သည်။

"နင့်မှာ ဒီလောက် ကောင်မလေးတွေဝိုင်းနေတာ တခြား တစ်ယောက်ယောက်ကို ကောက်တွဲပြလိုက်စမ်းပါဟယ်၊ ငါ နင့်ဘက် ကနေ မခံချင်လွန်းလို့ တကယ်ပြောတာ"

စံပယ့်စကားအဆုံးမှာ ကျွန်တော် နာနာကျင်ကျင်ပင် ပြုံးဖြစ်သည်။

"ငါ ရေခဲကို ပြောမပြတတ်လောက်အောင် ချစ်နေတယ်ဟ၊ သူ့နေရာမှာ တခြားတစ်ယောက် အစားထိုးဖို့ဆိုတာ တော်တော် မလွယ်တဲ့ကိစ္စပဲ"ဟု ဆိုသော ကျွန်တော့်စကားကြောင့် စံပယ်က သက်ပြင်းကို ဟင်းခနဲနေအောင်ချသည်။

အချစ်ဆိုသည်မှာ အလွယ်တကူ အစားထိုး၍ရသောအရာ ဟု ကျွန်တော်မမြင်။ အချစ်သည် နက်ရှိုင်းစွာသော စွဲမြဲခိုင်မာသည့် ရေသောက်မြစ်တစ်ခုလို ကျွန်တော့်ရင်တစ်ခုလုံးကို အမြစ်တွယ်နေပြီ ဖြစ်ကြောင်း မည်သို့ရှင်းပြရမည်မသိတော့။

"ငါ ဘယ်လိုဆက်လုပ်ရင်ကောင်းမလဲ စံပယ်"

ကျွန်တော့်အမေးကို စံပယ်က ချက်ချင်းမဖြေ။ ခေါင်းကို သာ ခပ်ကြမ်းကြမ်း တဗျင်းဗျင်းဖြင့် ကုတ်သည်။

"ငါလည်း ဘယ်လိုပြောပြရမှန်း မသိတော့ပါဘူးဟယ်"

စံပယ့်စကားက ရှင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား၊ နင်ကိုယ်၌ကလည်း သူ့ဆီ ခဏခဏဈေးဝယ်ပြီး တစ်ခါသွားစကားတစ်ခွန်းနှစ်ခွန်းပြော၊ နောက်တစ်ခါသွားရင် စကားတစ်ခွန်းနှစ်ခွန်းပြောနဲ့ ရင်းနှီးလာအောင် ဆက်လုပ်ကြည့်ပါလား၊ မြင်ပါများတော့ ခင် ဆိုတာလိုမျိုး ခဏခဏတွေ့နေရင် သံယောဇဉ်လေးဘာလေး ဖြစ်ချင်ဖြစ်လာနိုင်တယ်"

စံပယ်က သူမတွေးမိသလိုဆိုသည်။

"ငါလည်း အစောကြီးကတည်းက ဒီလိုမျိုး တွေးမိပါတယ်၊ သူ့ဆိုင်ကိုလည်း ချောင်းပေါက်မတတ်သွားတာပဲ၊ ဒါပေမဲ့ သူ့ဆိုင်မှာ အလုပ်သမားရှိရင်ရှိ၊ မရှိရင်လည်း သူ့မိသားစုတစ်ယောက်ယောက်တော့ ရှိနေတတ်တယ်ဟ၊ ငါကလည်း တော်တော်ကံဆိုးပါတယ်ဟာ အမြဲတမ်း သူ့ဆိုင်မသွားနိုင်ဘူး၊ ရန်ကုန်ကို ခဏခဏသွားနေရတာကိုး၊ ရှားရှားပါးပါး သူ့ဆိုင်မှာ သူတစ်ယောက်တည်းနဲ့ ကြုံရင်လည်း ငါ့ကို စကားကောင်းကောင်းမပြောဘူးဟ၊ ဝတ်ကျေတန်းကျေတောင် မပြောဘူး၊ ငါ့အဖြစ်က ငါ့သေတွင်းငါတူးပြီး ငါ့ရင်ဘတ်ထဲ ငါဆူးရှိက်ထည့်နေရသလိုပဲ၊ ငါလည်း နင်ပြောသလို သူ့နေရာမှာ အစားထိုးဖို့ ဒါမှမဟုတ် သူ့ကိုမေ့ပစ်ဖို့ ကြိုးစားတာပဲဟ၊ ဒါပေမဲ့ အခုထိ အဆင်မပြေသေးဘူး ဖြစ်နေတယ်"

ကျွန်တော့်စကားအဆုံးမှာ စံပယ်က ထုံးစံအတိုင်း သက်ပြင်းကို ဟင်းခနဲနေအောင်ချသည်။ ကိုယ့်အပူတွေ သူတစ်ဖက်သားဆီ ကူးအောင်လုပ်မိနေပြီလားဟု ကျွန်တော်တွေးမိသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## 11

ခပ်စူးစူးကြည့် တတ်သော သူမ၏
အကြည့်ထဲမှာ
မြားအစင်းပေါင်းများစွာ ပါနေသလို
ရင်မှာနာကျင်ကာနေသည်
ကတော့ အမှန်၊

ကျွန်တော့်ကိုမြင်သည်နှင့် သူမက ဆတ်ခနဲ မျက်နှာလွှဲပစ်တာ မျက်နှာကိုတည်သည့် အဆင့်ထက်ကျော်ကာ တင်းပစ်သည်။

ကြိုတင်တွက်ဆမိပြီးသားကိစ္စ ဖြစ်သော်လည်း တကယ်တမ်း ကြုံလာသောအခါ ရင်ထဲမှာ ဆို့ကာသွားသည်။

ဆိုင်ကယ်ကိုရပ်ကာ သူမဆိုင်ထဲ ဝင်သွားသောအခါ သူမက ကျွန်တော့်ကို စိတ်ရှုပ်ဟန်ဖြင့် ဆီးကာကြည့်သည်။

သူမ၏အကြည့်က ကျွန်တော့်ရင်ဝကို ဆီးကာကန်လိုက်သလိုမျိုး။ ကျွန်တော် အားတင်းကာ သူမကို ကြည့်ဖြစ်သည်။

"ဘာလိုလို့လဲ"

ပျော့ပြောင်းခြင်းမရှိသော၊ နူးညံ့ခြင်းမရှိသော၊ ပြတ်သားသော မေးခွန်းမေးသံ။ လူကို ချိန့်သွားစေခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"လေးပေမီးချောင်းတစ်ချောင်း"

တကယ်တော့ မည်သည့်မီးချောင်းမှ ကျွန်တော်မလိုအပ်။ သို့သော် မီးချောင်းဝယ်ခြင်းအားဖြင့် သူမက သူမ၏မီးချောင်း မတွမ်းသည့်အကြောင်း စမ်းပြရတော့မည်ဖြစ်သည်။

ထိုအချိန်မှာ သူမ၏မျက်နှာကို အနီးကပ်ကြည့်ခွင့်ရမည်ဖြစ်သည်။ သူမက အလုပ်သမားသာရှိပါက အလုပ်သမားလုပ်ပေးမည့်အလုပ်ဖြစ်သော်လည်း အလုပ်သမားမရှိတော့ သူမကိုယ်တိုင် မီးချောင်းကို စမ်းပြသည်။

"ဒီမှာနော်"

သူမက မီးချောင်းမီးလင်းသည်ကိုပြရင်း ကျွန်တော့်ကို လှမ်းပေးသည်။ ငွေရှင်းပေးပြီးသည်အထိ စကားအပို တစ်ခွန်းမှ မပြောသော သူမကိုပြောရန် ပြင်ဆင်လာသော ကျွန်တော့်စကားတို့က တစ်ခွန်းမှထွက်မလာ။ ပြောရန်တွေးထားသောစကားလုံးတို့ကို ထုံးစံအတိုင်း မျိုချရင်း ဆိုင်ထဲမှထွက်လာခဲ့ဖြစ်သည်။ ခပ်စူးစူးကြည့်တတ်သော သူမ၏အကြည့်ထဲမှာ မြားအစင်းပေါင်းများစွာ ပါနေသလို ရင်မှာနာကျင်ကာနေသည်ကတော့ အမှန်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရဲ့ မျက်ဝန်းတိမ်တွေထဲမှာ
သွေ့ထားတဲ့ အမုန်းခါးတွေ လက်လက်ထလို့
မကြာခင်ရွာချဖို့ အသင့်ဖြစ်နေတယ်။
မျှော်လင့်ခြင်းများစွာနဲ့
အကာကွယ်မဲ့ မိုးမျှော်နေတဲ့ ငါ့အပေါ်ကို
စိုလက်နေတဲ့ အမုန်းခါးတွေ
ရွာ. . . ချ. . . တော့မယ်ထင်ပါရဲ့။
ဒီလိုနဲ့. . .
ရွာချတော့. . . မယ်. . . ထင်ပါရဲ့။

xxxx

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ စကားမစပ်
မင်းတော့ ဘောလုံးပွဲလိုပြောရရင်
ရှေ့လျှောက်
ပွဲကြပ်တွေနဲ့ တွေ့ရဦးမယ်ထင်တယ်ကွ
သိလား"

ရိုက်စရာရှိတင်ရှိလျှင် ရန်ကုန်မှာနေလိုက်၊ နားရက်နည်းနည်းလေးရှိလျှင်ပင် တောင်ကြီးသို့ပြန်လိုက်နှင့် အချိန်တို့ကား အကုန်မြန်၏။ ကုန်လို့ကုန်မှန်းပင်မသိ။ ရက်မှလ၊ လမှနှစ်၊ တစ်နှစ်ပြီး တစ်နှစ် အချိန်တို့က ကုန်ဆုံးကာသွားသည်။

"ဘယ်လိုလဲ ငါ့ကောင်၊ မင်းရေခဲကိုလိုက်နေတာ ဘာလိုလိုနဲ့ သုံးနှစ်ထဲတောင်ဝင်လာပြီ၊ ဘာမှလည်း ထူးခြားမလာပါလား"

"အေးလေ. . . ဒီပွဲကိုရပ်လိုက်ပါတော့လို့ ငါတို့ပြောကတည်းက ရပ်လိုက်ရင် အခုလောက်ဆို မင်း တခြားကောင်မလေး တစ်ယောက်ယောက်နဲ့ လန်းနေလောက်ပြီ"

ကျော်ဝဏ္ဏနှင့် လင်းနောင်တို့က ရှေ့ဆင့်နောက်ဆင့်ဆိုကြသည်။

"မင်းတို့ကလည်းကွာ မကြာဖူးဘူးလား[illegible] မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဖို့ သုံးနှစ်သုံးမိုး ပိုးရတယ်ဆိုတာ၊ သူက ကြွေရှိတဲ့ ကောင်မလေးကွ၊ အပေါစားမဟုတ်ဘူး”

ကျွန်တော့်စကားအဆုံးမှာ နှစ်ကောင်သား ကျွန်တော့်ကို ဘုကြည့်ဝိုင်းကြည့်ကြသည်။ လင်းနောင်က ဟက်ခနဲရယ်သည်။

ပြီး. . .

“ဘာ. . . ကြွေရှိတယ်ဟုတ်လား၊ မင်းကို ပြန်မချစ်ဘဲ ရုပ်တည်ကြီးနဲ့နေတာနဲ့ပဲ မင်းက အဲဒီလိုသတ်မှတ်ရောလား”

“ချစ်တာကိုးကွ”

လင်းနောင်၏စကားအဆုံးတွင် ဆိုသော ကျွန်တော့်စကားကြောင့် ကျော်ဝဏ္ဏမျက်နှာကြီး ရှုံ့မဲ့ကာ ‘နှာဗူး’ဟု ထောပနာပြုသည်။

“ဒါနဲ့ စကားမစပ် မင်းတော့ ဘောလုံးပွဲလိုပြောရရင် ရှေ့လျှောက် ပွဲကြပ်တွေနဲ့ တွေ့ရဦးမယ်ထင်တယ်ကွ သိလား”

“ဘာဖြစ်လို့လဲကွ”

ကျော်ဝဏ္ဏ၏စကားကို နားမလည်သည်မို့ ပြန်ကာမေးဖြစ်သည်။

“မင်းမှာ အရင်တုန်းက ရေခဲဆိုတဲ့ ဖလားကိုရဖို့ ပြိုင်ဘက်မရှိ ကစားနေရတာတောင် ဖလားမရရတဲ့ကြားထဲ အခု ရေခဲဖလားကို ရယူဖို့ နောက်ထပ်အသင်းသစ် နှစ်သင်းလောက် ထပ်တိုးနေတယ်လို့ သတင်းကြားတယ်၊ သေသေချာချာသိချင်ရင် စံပယ့်ဆီသာ သွားမေးပေတော့”

ကျော်ဝဏ္ဏ၏စကားကြောင့် ရင်မှာ ပူခနဲဖြစ်ကာ သွားရသည်။ ၎င်းပြောသလိုပင် နဂိုကမှ ပြိုင်ဘက်မရှိသည့်တိုင်ပင် ခါးခါးသီးသီးအငြင်းခံနေရသည့်ကြားထဲ ပြိုင်ဘက်များပါပေါ်လာတော့ ကျွန်တော့်အဖို့ ပို၍ပူပန်စရာကြီး ဖြစ်ကာနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်တနေ့ ပေါ်လာကြတာတဲ့လဲကွာ၊ ဒုက္ခပါပဲ"

မျက်စိပျက်မျက်နှာပျက်ဖြင့်ဆိုသော ကျွန်တော့်ကိုကြည့်ရင်း လင်းနောင်က ဟက်ခနဲရယ်သည်။ ပြီး. . .

"ဆုတော့ မတောင်းကောင်းပါဘူး၊ ဒါပေမဲ့ ဒီကိစ္စကို မြန်မြန်အဆုံးသတ်စေချင်နေပြီကွ၊ ရေခဲဖလားကို ဘယ်သူပဲရရ အမြန်ရစေချင်နေပြီ၊ တကယ်လို့ မင်းရခဲ့ရင်လည်း ကောင်းသလို မင်းမရခဲ့ရင်လည်း ကောင်းတာပဲ"

"ဘာကွ"

"ဟုတ်တယ်လေကွာ ပြတ်ပြတ်သားသား ဖြစ်သွားတာပေါ့၊ မဟုတ်ရင် ဇာတ်မျောကြီးဖြစ်နေဦးမှာ၊ မင်းလည်း ဆထက်တပိုး ကြိုးစားပေါ့ကွာ၊ ရန်ကုန်နဲ့တောင်ကြီး ကူးချည်သန်းချည်လုပ်နေရင်း က မင်းရဲ့ရေခဲတုံးကြီး သူများနောက်ပါသွားဦးမယ်"

လင်းနောင်ကို ကျော်ဝဏ္ဏက စစ်ကူပေးသည်။ စေတနာဖြင့် ဝိုင်း၍ဆိုနေကြမှန်း သိသော်လည်း ကျွန်တော့်ရင်မှာ ယင်းစကားလုံး တို့ကို မခံစားနိုင်။ ထူပူမွန်းကြပ်နေသလိုကြီး ဖြစ်ကာနေသည်။

"ပြီးတော့ စံပယ့်ကိုလည်း အရင်ကထက်ပိုပြီး တိုက်တိုက် တွန်းတွန်းလုပ်ခိုင်းမှ ဖြစ်တော့မယ်၊ မင်း စံပယ့်ကို မပြောပြတဲ့ ဟိုအကြောင်းကိုလည်း ငါတို့ စံပယ်ကို ပြောပြလိုက်တယ်"

"ဘာအကြောင်းလဲကွ"

"မင်းတောင်ကြီးမှာ ရှိနေသမျှ ကာလပတ်လုံး ရေခဲရဲ့အိမ် ရှေ့ကနေ ဆိုင်ကယ်ပတ်စီးရင်း အရိပ်အယောင်လေးပဲဖြစ်ဖြစ် တွေ့ရလိုတွေ့ရငြား ညတိုင်းသွားတဲ့အကြောင်းပေါ့"

လင်းနောင်၏စကားကြောင့် ကျွန်တော် ရှက်အမ်းအမ်းဖြင့် မျက်နှာပူသွားမိသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



"

မိန်းတလေးဆိုတာမျိုးတ
ကိုယ့်ကို Propose လုပ်တဲ့
ယောကျ်ားတွေကို
ပြန်မကြိုက်ဘူးဆိုပေမဲ့
သူ့ကို ဂရုစိုက်တဲ့ ကိစ္စမျိုး လုပ်ရင်
နည်းနည်းတော့ ကြိတ်ပြီး ...

"မျက်နှာပူလိုက်တာဟာ"

"အခုမှပူမနေနဲ့၊ နင့်ရေခဲက သူ့ကို နင်လာပတ်နေတာကိုတော့ သိတယ်၊ သုံးနှစ်နီးပါး သူ့ဆိုင်ရှေ့က ဖြတ်ပြီး ဆိုင်ကယ်ပတ်စီးနေတာကိုရော၊ ပြီးတော့ ညဘက် သူ့အိမ်ရှေ့ ဆိုင်ကယ်နဲ့ပတ်တာကိုရော သူအကုန်သိတယ်၊ ငါ ဒီကိစ္စကို လင်းနောင်တို့ပြောပြမှ သိရတာ၊ သိသိချင်း နင့်ရေခဲကို အစ်ကြည့်လိုက်တော့မှ သူသိတယ်ဆိုတာပေါ်လာတာ"

"သူစိတ်ဆိုးနေလား"

ကျွန်တော့်အမေးကြောင့် စံပယ်က 'ဘာကိုလဲ'ဟု ပြန်မေးသည်။

"ငါ သူ့အိမ်ရှေ့ရော ဆိုင်ကယ်ပါ ပတ်နေတဲ့ကိစ္စတိုပြောတာ"

"နင်ကလည်း အဲဒါစိတ်ဆိုးစရာမှမဟုတ်တာ၊ သူ့ဆိုင်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



တ လမ်းရောာ သူ့အိမ်ရှေ့ကလမ်းရောာ သူပိုင်လို့လား၊ နင့်ဘာသာနင် ပတ်ချင်ပတ်၊ မပတ်ချင်နေ သူနဲ့မဆိုင်ဘူး၊ နင်ကလည်းလေ မင်းသား လုပ်နေပြီးတော့ မိန်းကလေးတွေအကြောင်း နည်းနည်းပါးပါးလေး တောင် မသိဘူးလား"

စံပယ့်စကားကို "ဘယ်လိုမသိဘူးလားတုန်း"ဟု ပြန်မေးဖြစ် သည်။

"ဒီလိုဟဲ့ ဖြိုးနိုင်ရဲ့၊ မိန်းကလေးဆိုတာမျိုးက ကိုယ့်ကို Propose လုပ်တဲ့ ယောကျ်ားတွေကို ပြန်မကြိုက်ဘူးဆိုပေမဲ့ သူ့ကို ဂရုစိုက်တဲ့ ကိစ္စမျိုး လုပ်ရင် နည်းနည်းတော့ ကြိတ်ပြီး ပီတိဖြာတတ် ကြတာမျိုး၊ အခုလည်း နင့်ကို သူပြန်ကြိုက်တာမကြိုက်တာ အသာ ထား၊ နင် သူ့ကို သုံးနှစ်နီးပါးလာပြီး ပတ်နေတာကို သူ့စိတ်ထဲမှာ နည်းနည်းလောက်တော့ သာယာနေမှာပဲ"

"အဲဒီလိုလား"

"အေး. . . အဲဒီလို"

ကျွန်တော့်အမေးကို စံပယ်က အဲဒီလိုဟု ခပ်ဆောင့်ဆောင့် ဖြေသည်။ ဘာပဲပြောပြော အနည်းငယ်စိတ်ချမ်းသာ သွားရသည်က တော့ အမှန်ပဲဖြစ်သည်။ မနေ့တစ်နေ့ကမှ သူမကို စလိုက်သော စ၍ Propose လုပ်သော ငနဲများနှင့်စာလျှင်တော့ ကျွန်တော်က ပေးဆပ်ခဲ့သော အချိန်တို့ ပိုမိုကြောင်း သူမ သိနေ၍ပဲဖြစ်သည်။

"ဒါနဲ့ ပိပိကိုလိုက်နေတယ်ဆိုတာ ဘယ်သူတွေတုန်း နင်သိလား"

ကျွန်တော့်အမေးကြောင့် စံပယ်က ကျွန်တော့်ကို မျက်စောင်းထိုးသည်။

"ညီအစ်မပဲဟဲ့ မသိဘဲနေမလား၊ တစ်ယောက်က ဟိုင်းဝေး



www.burmeseclassic.com

www.burmeseclassic.com



ကားတွေမောင်းတဲ့ ကားဆရာ၊ ဒရိုင်ဘာဆိုပေမဲ့ အုံနာဒရိုင်ဘာ၊ နောက်တစ်ယောက်က ကံထရိုက်တိုက်တွေမှာ အလုပ်သမားတွေကို ကြီးကြပ်တဲ့ အလုပ်သမားခေါင်း၊ အလုပ်သမားကြီးကြပ်ပေါ့ဟယ်"

စံပယ်က မျက်နှာရှုံ့မဲ့ရင်းဆိုသည်။

"အုံနာဒရိုင်ဘာက ဖြူဖြူသေးသေးလေး၊ သူက ဟိုဘတ် ရပ်ကွက်က၊ အလုပ်သမားကြီးကြပ်ကတော့ တောင်ကြီးသားမဟုတ် ဘူး၊ တခြားနယ်သား၊ ပုကွကွနဲ့ပါ၊ နင့်လို အရပ်အမောင်းတောင်း တောင်းနဲ့ ရုပ်ဖြောင့်တဲ့ မင်းသားကိုတောင် ငြင်းမှတော့ ဟိုဟာတွေ ဆို အနားတောင်ကပ်လို့ရမှာမဟုတ်ဘူး"

စံပယ်၏ အားပေးစကားကြောင့် ဝမ်းသာရုံရှိသေး စံပယ် က ဒါပေမဲ့ဟု စကားကိုဆက်သည်။

"ဒါပေမယ့် လူတစ်ကိုယ် အကြိုက်တစ်မျိုးဆိုတော့ ရှမ်းကြိုက်ရင် နွားချောဆိုတဲ့ စကားပုံလိုပဲ သူကြိုက်ချင်ရင်လည်း ကြိုက်သွားမှာပဲ"

"အာ. . . နင်ကလည်း ပပြောတောင်းမဆိုတောင်း၊ ဖွ. . . ဖွ လွဲပါစေဗျာ၊ လွဲပါစေ"

ကျွန်တော့်စကားကြောင့် စံပယ်က ဟက်ခနဲရယ်သည်။

"အေး. . . မလွဲဘဲနဲ့ တွဲသွားတော့မှ မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့ ငိုဆီမလာနဲ့၊ ဒါပဲ"

ကျွန်တော် မျက်စိမျက်နှာပျက်စွာနှင့်ပင် မဦးမချွတ်နဲ့ဟာ နင်ကလဲဟု ဆိုဖြစ်သည်။

စံပယ်ကတော့ ကျွန်တော့်ကိုကြည့်ကာ ရယ်လို့သာနေသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်ဘူးဆိုတာ
မရှိဘူး၊
မဖြစ်သေးတာပဲ
ရှိတယ်"

"အုံနာဒရိုင်ဘာဆိုတဲ့လူကတော့ ရိုးရိုးသားသားပါပဲ၊ အဲသောက်တတ်စားတတ်တော့ ရှိတာပေါ့လေ၊ ဟို အလုပ်သမားကြီးကြပ်ဆိုတဲ့ လူကတော့ ကိုယ့်မြို့သားမဟုတ်တော့ သူ့အကြောင်းဘာမှမသိဘူး၊ ဒီလူက ကံထရိုက်တိုက်တွေမှာ လိုတဲ့ အသေးအဖွဲပစ္စည်းလေးတွေ၊ အိမ်ဆောက်ပစ္စည်းလေးတွေ လိုတာမှန်သမျှ ပိပိရဲ့ဆိုင်မှာ လာလာဝယ်ရင်းကနေ ပိပိကို ကပ်ပြီးကြောင်နေတာ"

"အိမ်ထောင်ရှိတဲ့လူ၊ ဒါမှမဟုတ် မုဆိုးဖိုတို့၊ တစ်ခုလပ်တို့တော့ မဟုတ်လောက်ပါဘူးနော်၊ တော်ကြာ ကြောရရှုံကြသွားတာမျိုးဖြစ်မှာစိုးလို့"

စံပယ်၏စကားအဆုံးမှာ ဝင်၍ဆိုလိုက်သော လင်းနှောင်၏အဆိုကြောင့် ကျွန်တော့်ရင်တွေ ပူကာသွားရသည်။

"ငါ့ညီမက အဲဒီလောက်ထိ မညံ့ပါဘူး၊ မစဉ်းစားမဆင်ခြင်

www.burmeseclassic.com

ဘဲနဲ့ အကြောင်းမသိတဲ့ လူတစ်ယောက်ကို ရမ်းကြိုက်ပါ့မလား"

စံပယ်က လင်းနောင်၏ လက်မောင်းကို ဖြန်းခနဲနေအောင် လှမ်းရိုက်ရင်း ဆိုသည်။

"ပြောလို့မရဘူး၊ နင့်ညီမကြည့်ရတာ အူတူတူ အတတနဲ့ ရည်းစားကလည်း တစ်ခါမှမထားဖူးတော့ ရုပ်ရည်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြဲဖန်ပြီး ဖြစ်ချင်ဖြစ်သွားနိုင်တယ်"

ကျော်ဝဏ္ဏ၏စကားအဆုံးမှာ စံပယ်က ကျော်ဝဏ္ဏကို မျက်စောင်းထိုးကာ 'ဖြစ်စရာလား'ဟု ပက်ခနဲ ပြန်၍ဆိုသည်။

"မဖြစ်ဘူးဆိုတာမရှိဘူး၊ မဖြစ်သေးတာပဲရှိတယ်"

စံပယ့်ကို ပြန်၍ဆိုသော ကျော်ဝဏ္ဏ၏စကားက စနေမှန်း သိသော်လည်း ကျွန်တော့်ရင်မှာ ပူကာသွားရသည်ကတော့ အမှန်ပဲ ဖြစ်သည်။

xxxx

www.burmeseclassic.com

## ၁၀၆

"ငါ့ရဲ့ သုံးနှစ်နီးပါး အတွေ့အကြုံအရ
ပြောတာ၊
နောက်ရက်တွေမှာ ဒီကောင်
ဆိုင်ထဲမှာ
ရှိတော့မှာမဟုတ်ဘူး"

၂၀၁၀ ခုနှစ်၊ တောင်ကြီးမြို့။

ဖုန်းလိုင်းများတိုးချဲ့သောအခါ ရှိရင်းစွဲ နံပါတ်ငါးလုံးဖြစ်သော အော်တိုဖုန်းများအပြင် ထပ်မံတိုးချဲ့သော နံပါတ်ခြောက်လုံးဖုန်းများသည်လည်း အိမ်များ၊ ဆိုင်များတွင် နေရာယူကာလာသည်။

ရေခဲ၏ဆိုင်တွင်လည်း ဖုန်း 'နီး-ဝေး'ဟူသော ဆိုင်းဘုတ်ငယ်လေးနှင့်အတူ ဖုန်းတစ်လုံး ရောက်ရှိကာလာသည်။ သူမ၏ဆိုင်တွင် ဆက်စရာဖုန်းရှိလာသောအခါ ကျွန်တော့်ဝမ်းသာမှုတို့ကထိပေါက်ရသလိုမျိုး။

သို့သော် ကျွန်တော် ကြာကြာဝမ်းမသာလိုက်ရ။

"အဲဒီအလုပ်သမားကြီးကြပ်ကောင်က ဟိုတစ်နေ့ကမင်းရဲ့ ရေခဲဆိုင်မှာ အကြာကြီးထိုင်နေတာ တွေ့တယ်ကွ၊ ဖုန်းဆက်တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဖုန်းစောင့်တယ်ဆိုလားပဲ၊ ဒီဂွင်က ရှိုးလွန်းတယ်ကွာ၊ ဒီကောင်ဒါ တမင်အကွက်ဆင်တာ"

ကျော်ဝဏ္ဏက မကျေမချမ်းဖြင့် ရေရွတ်သည်။

"ဒီကောင် ကံကောင်းတယ်ပြောရမယ်၊ ငါတို့ကောင်ကြီး ပိပိကို စလိုက်တုန်းကနေ အခုထိ ဆိုင်မှာ အလုပ်သမားတစ်ယောက်မဟုတ် တစ်ယောက် အမြဲရှိတယ်၊ အခုကျတော့ ဆိုင်မှာ ပိပိတစ်ယောက်တည်း၊ ကဲ ဒီထက်ဂွင်ကောင်းတာ ဘာမှမရှိဘူး၊ ဒီကောင့် အဆင်မျိုးကို ငါတို့ကောင်က လိုက်နင်းလို့လည်းမဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင့်ခါးမှာ ဖုန်းချိတ်ထားတာ လူတိုင်းတမြင်နေတာဆိုတော့"

လင်းနောင်ကလည်း အားမလိုအားမရဖြင့် ဆိုသည်။

"ငါလည်းပဲ ဒီအကွက်မျိုး နင်းခွင့်ရရင်တောင် လိပ်ပြာမလုံဝါဘူးကွာ၊ သူ့ဆိုင်မှာ ပစ္စည်းဝယ် နေ့တိုင်းရောက်နေတာတောင် လူတွေကြည့်ကြည့်နေကြလို့ မျက်နှာပူနေတာ၊ မင်းတို့သိတဲ့အတိုင်း သူ့ဆိုင်ကလည်း တကယ့် လမ်းလေးဆုံမှာလေ၊ ရှေ့မှာရှိတဲ့ Taxi တားဂိတ်ကလည်း အမြဲလူစည်နေတာဆိုတော့"

ကျွန်တော့်စကားအဆုံးမှာ လင်းနောင်က ထောက်ခံသည့်အနေဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဒါနဲ့ ဟိုကောင့်ကိစ္စ ဘယ်လိုလုပ်မလဲ"

လင်းနောင်၏စကားကို ကျော်ဝဏ္ဏက 'ဘယ်ကောင့်ကိစ္စလဲ'ဟု မေးသည်။

"ဘယ်သူရှိရမှာလဲ၊ အလုပ်သမားကြီးကြပ်ကိုပြောတာ၊ ဒီပုံစံအတိုင်းဆိုရင် နေ့တိုင်း ဖုန်းဆက်သလိုလို ဖုန်းစောင့်သလိုလိုနဲ့ ပိပိရဲ့ဆိုင်မှာကျောက်ချပြီး နေမဲ့သဘောရှိတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



လင်းနောင်က မေးငေါ့ရင်းဆိုသည်။

"ဒါပေမဲ့ကွာ ပိပိလို ကွန်ရွေကြီးတဲ့ မိန်းမတစ်ယောက်က ဒီလို အကြောင်းမသိ ဘာမသိလူကို မိုက်မိုက်မဲမဲ ပြန်ကြိုက်ပါ့မလား၊ ကြည့်ထားပါ သူ တစ်နည်းနည်းနဲ့ ဒီကောင့်ကို ခါထုတ်လိမ့်မယ်၊ ငါ ငါ့ရေခဲလေးရဲ့ ကွန်ရွေနဲ့သိက္ခာကို ယုံတယ်၊ ငါ့ရဲ့ သုံးနှစ်နီးပါး အတွေ့အကြုံအရ ပြောတာ၊ နောက်ရက်တွေမှာ ဒီကောင် ဆိုင်ထဲမှာ ရှိတော့မှာမဟုတ်ဘူး"

"ငါတို့လည်း ဒီအတိုင်းပဲ ဖြစ်စေချင်ပါတယ်ကွာ၊ ဒါနဲ့ မင်းသူ့ဆီကို ဖုန်းဆက်မကြည့်ဘူးလား"

"အခုထိတော့ ဆက်မကြည့်ရသေးဘူး၊ စံပယ့်ဆီကနေတော့ ဖုန်းနံပါတ်ရထားတယ်၊ ဘယ်ကစပြီး ဘာပြောရမှန်းမသိဘူး ဖြစ်နေတယ်"

ကျွန်တော့်စကားအဆုံးမှာ ကျော်ဝဏ္ဏက ရယ်သည်။

"ဒီလိုပါပဲကွာ၊ သိပ်ချစ်လွန်းရင် လူက သိပ်တုံးသွားတတ်ကြတယ်၊ စွံအပြီးတော့ အလွဲလွဲအချော်ချော်တွေလေ"

"အေးကွာ"ဟုဆိုရင်း ကျွန်တော် ကျော်ဝဏ္ဏကို ကြည့်ကာ ရယ်ဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



ဦးလေး၏အိမ်ကို ကိစ္စတစ်ခုဖြင့် ရောက်သောခဏ အိမ်ပြင်နေသော ဦးလေးဖြစ်သူ၏ အိမ်ကိုကြည့်ကာ ရေခဲ၏ဆိုင်ကိုသွားရန် အကြံကပေါ်လာသည်။

"ဦးလေး"

"ဟေ. . . ဘာလဲကွ"

ကျွန်တော့်ကိုကြည့်ကာ ဦးလေးက မေးခွန်းပြန်ထုတ်သည်။

"ဦးလေး အိမ်ပြင်နေတော့ အိမ်ဆောက်ပစ္စည်းတွေတော်တော်လျှောက်လိုနေမှာပဲ၊ ဦးလေးကလည်း အလုပ်များတဲ့လူဆိုတော့ ခဏခဏအပြင်ထွက်ပြီး ဝယ်နိုင်မှာမဟုတ်ဘူး"

"အေး. . . အဲဒီတော့"

"ကျွန်တော့်မှာ အိမ်ဆောက်ပစ္စည်းရောင်းတဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်၊ သူ့ဆိုင်က ပစ္စည်းမှန်၊ ဈေးမှန်ဆိုတော့ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလက်ချ အားပေးလို့ရတယ်၊ ကျွန်တော်လည်း ရန်ကုန်မပြန်ခင် အားနေတာဆိုတော့ ဦးလေးကို ကူပေးမယ်လေဗျာ"

"ငါလည်း ငယ်ရာကကြီးလာတာပါကွာ၊ မင်းရဲ့ အိမ်ဆောက်ပစ္စည်းရောင်းတဲ့ သူငယ်ချင်းက သေချာပေါက် မိန်းက လေးဖြစ်ရမယ်၊ ဘယ်လိုလဲ ငါပြောတာမှန်ရဲ့လား ငါ့တူ"

ချက်ဆို နားခွက်က မီးတောက်သော ဦးလေးဖြစ်သူ၏ စကားကြောင့် ကျွန်တော် ရှက်ရယ်ရယ်ဖြစ်သည်။

"ရော့. . . လက်သမားတွေပေးထားတဲ့စာရင်း၊ သွားဝယ်ပေ တော့"

ဦးလေးပေးသော စာရွက်ကို ပေါက်ဂဏန်းပါသော ထီ လက်မှတ်လို ကျွန်တော် ခပ်သွက်သွက်ပင် လှမ်းယူဖြစ်သည်။ ပြီး စိတ်မှာ ဆုတောင်းမိသည်။

"ဦးလေးအိမ် ကြီးကြီးနှင့် ကြာကြာပြင်ပါစေ"ဟု။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"ဘိလပ်မြေ ငါးအိတ်"

"ဘာတံဆိပ်ယူမလဲ"

"ဘာတံဆိပ်ကကောင်းလဲ"

"ဒီကောင်ကတော့ အကောင်းဆုံးပဲ၊ ဈေးလည်း သူကမြင့်တယ်"

ရေခဲမလေးက ဘိလပ်မြေတံဆိပ်တစ်ခုကို ပုတ်ပြရင်းတဆိုသည်။

"ရတယ်၊ ဒီကောင့်ကိုပဲ ယူလိုက်မယ်၊ ဒါနဲ့ တခြားပစ္စည်းတွေလိုရင် ဖုန်းဆက်ပြီးမေးလို့ရလား"

"ရပါတယ်၊ ဖုန်းနံ့ပါတ်က (၂၀. . . .)"

သူမက ဘောက်ချာဖြတ်ပိုင်းကို လှမ်းပေးရင်း ဖုန်းနံပါတ်တို ရွတ်ပြသည်။ ဘာရယ်မဟုတ် ဖုန်းဆက်ခွင့် တရားဝင်ရတော့မည်

www.burmeseclassic.com

www.burmeseclassic.com

မှို့ အပျော်တို့က ရင်ထဲမှာ ဘုရားပွဲလှည့်သလိုမျိုး ဖြစ်ကာနေသည်။

ဘိလပ်မြေတို့ကို Taxi ပေါ်တင်ပြီး သွားမယ်နော်ပိပိဟု နှုတ်ဆက်သောအခါ သူမက ဟုတ်ဟု ဆိုကာ ခေါင်းညိတ်သည်။

ဘာရယ်မဟုတ်သော်လည်း သူမဘက်က အရင်ကနှင့် နှိုင်းစာလျှင် မာကျောနေခြင်းမျိုးမဟုတ်ဘဲ အနည်းငယ်ပျော့ပြောင်းနေသည်ဟု ကျွန်တော်ထင်သည်။

သူမ၏လက်ရေးကို ပထမဆုံး မြင်ခွင့်ရသော ဘောက်ချာစာရွက်ကို ဘယ်ဘက်ရင်အုံနှင့် နီးသော ဘယ်ဘက်အိတ်ကပ်မှာ ထည့်ကာ ဖိကပ်ထားရင်းက ရင်ခုန်သံတို့က မြန်ကာလာသည်။

အိမ်ပြင်သော ဦးလေးဖြစ်သူကို အာရုံမှလှမ်းကာ ကျေးဇူးတင်ရင်း စိတ်ထဲမှာ ပျော်ကာနေသည်။

လက်ရှိအနေအထားအရ နောက်ရက်များမှာလည်း သူမဆိုင်မှာပင် သွပ်ဝယ်၊ သံဝယ်၊ အိမ်သုတ်ဆေးဝယ် စသည်ဖြင့် ဝယ်ရန်ပစ္စည်းတို့ကို အကြိမ်ကြိမ်ခွဲကာဝယ်ရင်း ဈေးနှုန်းစုံစမ်းသလိုလိုနှင့် ဖုန်း မကြာခဏဆက်ရတော့မည်ကိုး။

××××

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လား
ကျွန်တော်က အချစ်ဆိုတဲ့ကောင်းကင်မှာ
စိုတလက်လက် မျှော်လင့်ချက်တွေနဲ့
ပျံသန်းမိခဲ့တဲ့ ငှက်တစ်ကောင်ပါ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

"ဝုန်းချပြီးပြီးချင်း၊ ထတာခုန်ဖြစ်သည်။
ကြည့်စမ်း
လောကကြီးက
ကျွန်တော့်ဘတ်မှာလည်း
ဒီလို ရုပ်တည်ပေးနေသေးသည်တိုး။

"ဟဲလို ဗိပိလား"

"ဟုတ်"

"အစ်ကိုပါ ဖြိုးနိုင်"

"ဪ. . . ဟုတ် ကိုဖြိုးနိုင်"

"ဟိုဒင်း အထုပ်သားလေ၊ ဒီဗိုင်းပါတဲ့ဖော်မိုက်ကာ အဲဒါ ဈေးသိချင်လို့"

ကျွန်တော့်စကားအဆုံးမှာ ခဏလေးနေ၍ဟုသော သူမ၏ အသံချိုချိုကို ကြားရသည်။ ပြီး သူမက ဈေးနှုန်းကို တစ်မျိုးစီရွတ်ပြသည်။

"ဪ. . . ဒီလိုကျပြန်တော့လည်း လောကကြီးက သာယာလှချည်လား"ဟု တွေးမိသည်။

သူမ၏အသံကား အင်မတန် ချစ်စရာကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ပိပိ၊ ဒါနဲ့ ပိပိဆီမှာ ကြွေပြားရှိလား"

"အင်း. . . ၄ လက်မပတ်လည် အသေးလေးတွေပဲရှိတယ်၊ ပြောင်ဒီဇိုင်းတွေပေါ့၊ တကယ်လို့ ကိုဖြိုးနိုင်က ဆိုက်ကြီးတာလိုချင်ရင်တော့ စျေးသက်သာပြီး ဒီဇိုင်းစုံတဲ့ဆိုင်ကို ညွှန်ပေးမယ်လေ"

"ဟုတ်လှချည်လား"

ဟု တွေးရင်း ရင်မှာ အပျော်တွေ ပြင်းရှစွာ မီးဆင်းလို့သွားသည်။

"ကျေးဇူးပဲ ပိပိရာ၊ ဒါဆို ဆိုင်လာတော့မှပဲ ဖော်မိုက်တာကို ဒီဇိုင်းရွေးတော့မယ်၊ မေးခွန်းတွေ လျှောက်မေးနေတာနဲ့ ပိပိတော့ ဖြေရတာ မောလောက်ပြီ"

"ရပါတယ်"

"ဒါဆို ဒါပဲနော် ပိပိ"

"ဟုတ်"

ဖုန်းချပြီးပြီးချင်း ထကာခုန်ဖြစ်သည်။ ကြည့်စမ်း လောကကြီးက ကျွန်တော့်ဘက်မှာလည်း ဒီလိုရပ်တည်ပေးနေသေးသည်ကိုး။ ဘေးမှနေ အသက်ပင်မရှူဘဲ ဝိုင်းနားထောင်နေကြသော ကျော်ဝဏ္ဏနှင့် လင်းနောင်ကို 'ဝါကွ'ဆိုသောပုံစံဖြင့် ဆောင့်ကြွားကြွား ကြည့်သောအခါ သကောင့်သားနှစ်ကောင်က 'ကြည့်မရဘူး'ဆိုသော အဓိပ္ပာယ်ဖြင့် ယောက်ျားကြီးတန်မဲ့ မျက်စောင်းဖြင့် ဝိုင်းကြည့်ကြသည်။

"ငါနဲ့ပိပိရဲ့ ရွှေရောင်အနာဂတ်ကို လှမ်းမျှော်ကြည့်ရတာ ကြည်နူးဖို့ကောင်းတယ်ကွာ"

ဇာတ်ထဲမှ ဒိုင်ယာလော့ခ်များအတိုင်း ရေရွတ်သော ကျွန်တော့်ကို လင်းနောင်က

www.burmeseclassic.com

www.burmeseclassic.com

"မုန့်တိုင်းရောက်ခါနီး လေညင်းတိုက်ခတ်တာတော့ မဟုတ်ပါဘူးနော်၊ ငါ့ကောင်"ဟု ဆိုသည်။

"အာ. . . မဦးမချွတ်နဲ့၊ မုန်တိုင်းပြီးမှ လေပြည်လေညင်းတိုက်တာပဲ ကြားဖူးပါတယ်၊ တော်တော်ဗဟုသုတမရှိတဲ့ကောင်"

ကျွန်တော် ချက်ချင်းဆိုသလို ပြန်၍ဆိုဖြစ်သည်။

"အင်း. . . ငါစဉ်းစားမိသလောက် အားမနာတမ်း ပြောရရင် ပိပိဆိုင်မှာ ဖုန်းရှိသွားတဲ့အတွက် ကောင်းကွက်ရှိသလို ဆိုးကွက်လည်းရှိတာပဲကွ၊ သိလား ဖြိုးနိုင်"

ကျော်ဝဏ္ဏ၏စကားကို 'ဘာလဲကွ'ဟု ခပ်ဆောင့်ဆောင့်ပင် ကျွန်တော်ဆိုဖြစ်သည်။

"မင်းကတော့ ဒီလိုဖုန်းလေးနဲ့ သွပ်ဈေး၊ သံဈေး၊ အိမ်ဆောက်ပစ္စည်းဈေးတွေ လျှောက်လျှောက်မေးပြီးတော့ စကားလေးတစ်ခွန်းနှစ်ခွန်း ကပ်ချီးရတာကို ပီတိဖြာနေချိန်မှာ ဟိုကောင်က ငါးပြားမှမရင်းရဘဲနဲ့ ဖုန်းလာစောင့်တယ်ဆိုပြီးတော့ နှစ်နာရီ သုံးနာရီထိုင်ပြီး စကားတွေပြောခွင့်ရနေတယ်လေ၊ ပြီးတော့ ဒီကောင်က ကံကောင်းချင်တော့ မင်း ပိပိကိုစလိုက်တုန်းကလိုမျိုး အတားအဆီးတွေမရှိဘူး၊ မင်း သူ့ကို စလိုက်တုန်းကတည်းက နှစ်နှစ်လောက်ထိ ပိပိဆိုင်မှာ အလုပ်သမား တစ်ယောက်ယောက်၊ ဒါမှမဟုတ် အိမ်သားတစ်ယောက်ယောက် အမြဲရှိလို့ မင်းမှာ စကားပြောဖို့ အခွင့်အရေးမရခဲ့ဘူး"

ကျော်ဝဏ္ဏက စကားကို ခဏနားပြီး ဆက်၍ဆိုသည်။

"အခု အဲဒီအလုပ်သမား ကြီးကြပ်ဆိုတဲ့ကောင်က တံခါးမရှိ ဓားမရှိ၊ အလုပ်သမားလည်းမရှိနဲ့ ပိပိတစ်ယောက်တည်းဖြစ်နေတဲ့ ဆိုင်မှာ ဖုန်းစောင့်တယ်ဆိုပြီးတော့ ကျောက်ချပြီး ထိုင်နေတာ

www.burmeseclassic.com

www.burmeseclassic.com



နေ့တစ်ပိုင်းလောက်ရှိတယ်”

ကျော်ဝဏ္ဏ၏စကားအဆုံးမှာ ကျွန်တော့်ရင်တွေ တစ်ခုလုံး ထူပူကာသွားသည်။ လူပုံစံက ဘယ်လောက် ပုကွကွပဲဆိုဆို အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိဆိုသောစကား ရှိသည်တိုး။

“ဒါပေမယ့် ပိပိက ဣန္ဒြေရှင်ပါကွာ၊ သူက တော်တန်ရုံယောကျာ်းကို စကားလက်ခံပြောနေမဲ့ လူမျိုးမဟုတ်ဘူး”

“လာပြန်ပြီဒီစကား”

ကျွန်တော့်အဆိုကို လင်းနောင်က ‘လာပြန်ပြီ’ဟု ဆိုသည်။

“လောကကြီးမှာ ဘယ်အရာမှ မတည်မြဲဘူးငါ့ကောင်၊ စောစောက မင်းပြောတာ ဘာတဲ့ ပိပိက ဣန္ဒြေရှင်ဟုတ်လား၊ ဟိုတုန်းက အခြေအနေနဲ့ အခုအခြေအနေက မတူဘူးလေကွာ၊ အရင်တုန်းက သူ့ဘေးမှာက အလုပ်သမား ဒါမှမဟုတ် မိသားစုတစ်ယောက်ယောက် ဒါမှမဟုတ် သူငယ်ချင်းတစ်ယောက်ယောက်တတော့ အမြဲရှိနေတာလေ”

လင်းနောင်က ကျွန်တော့်ကို မေးငေါ့ကာဆိုသည်။ ပြီး တစ်လက်စထဲ စကားကိုဆက်သည်။

“အခုက သူ့ဘေးမှာ ဘယ်သူမှမရှိဘူး၊ သူတစ်ယောက်တည်း ပျင်းနေတဲ့အချိန်မှာ အပျင်းပြေပဲဖြစ်ဖြစ် မကောင်းတတ်လို့ပဲဖြစ်ဖြစ် ရှိနေတဲ့လူကို အားနာပါးနာ စကားပြန်ပြောရင်းက ရင်းနှီးသွားနိုင်တယ်၊ ရင်းနှီးရုံအဆင့်ဆိုရင်တော့ ကိစ္စမရှိဘူး၊ ဟိုတောင်ချဉ်းကပ်တာက ခင်ရုံမင်ရုံအတွက် သွေးရိုးသားရိုး ချဉ်းကပ်တာမှ မဟုတ်တာ”

လင်းနောင်၏စကားတို့က ယုတ္တိရှိကာနေသည်မို့ ကျွန်တော့်ရင်တို့ တစ်စထက်တစ်စ ပူကာလာသည်။ ရည်းစားလူလု အမှုတွဲခတ်ဟူသော စကားကလည်း ရှိနေသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ပုံစံက မင်းတုန်းကလို ချက်ချင်းကြီး ရည်းစားစကားထပြောတာမျိုး၊ ရည်းစားစာ ထပေးတာမျိုးလည်းမဟုတ်တော့ ပိပိအနေနဲ့က အားနာပါးနာသဘောမျိုးနဲ့ မကောင်းတတ်လို့ ဆိုင်ထဲက နှင်မထုတ်ဘဲ ထားတာနဲ့တူတယ်"

ကျော်ဝဏ္ဏက သူ့ထင်မြင်ချက်ကို ဆိုသည်။

"အာ. . . မင်းကလည်း ဒီဂွင် ဒီအဆင်ကြီးကွာ ရှိုးလွန်းပါတယ်၊ ရွှေစွန်ညို ဘာလိုလို့ဝဲတယ်ဆိုတာ ပိပိက မသိဘဲနေပါ့မလား။ ဖုန်းက ဟိုကဆက်မှရမှာလား၊ ဒီကလှမ်းဆက်လည်း ရတာပဲ၊ ပြီးတော့ ဖုန်းက ကြိုချိန်းထားရိုးမှန်ရင် သုံးနာရီလောက် ထိုင်စောင့်နေစရာလား၊ တခြားဆို ဖုန်းကနေ ဘယ်နှစ်နာရီမှဆက်လို့ ပြောထားပြီးတော့ ပိပိဆိုင်မှာ သွားနှပ်နေလို့ရတာပဲ၊ ဖုန်းကလည်း မလာသေးပါလားဆိုပြီး စိတ်တိုပြလို့တောင် ရသေးတယ်၊ ဒါကို ပိပိက မသိဘဲ ဘယ်နေမလဲ"

"ဒါဖြင့် မင်းပြောချင်တာက ဘာလဲ"

လင်းနောင်၏စကားအဆုံးကို စိတ်မရှည်စွာပင် ကျွန်တော်ဝင်မေးဖြစ်သည်။

"လုံးဝသေချာပေါက်လို့တော့ မဆိုလိုဘူးနော်၊ ဒါ ခန့်မှန်းခြေကိုပြောတာ၊ ငါ့ရဲ့အထင်ကိုပြောတာ"

"အေးပါ၊ ပြောမှာသာပြောပါ"

လင်းနောင်က စကားပုလ္လင်ခံနေသည်မို့ ကျော်ဝဏ္ဏတစိတ်မရှည်စွာပင် 'ပြောမှာသာပြော'ဟု ဆိုသည်။

"ဒီလိုမရိုးမသားနဲ့ လူလည်ကျပြီး ဖုန်းလာလာစောင့်တာတို့ ပိပိကသိတယ်၊ သိနေတဲ့ကိစ္စတစ်ခုကို သူကသာ အဒေါ်ဒေါင်နဲ့တို့ မကြည်ဖြူရင် တစ်နည်းနည်းနဲ့ ပထုတ်လို့ ဒ်လို့ရတာပဲ၊ ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အခုက မသီချင်ယောင်ဆောင်ပြီး နေတယ်ဆိုကတည်းက သူ့ဘက်က နည်းနည်းစိတ်ပါပြီး သာယာနေတာကော မဖြစ်နိုင်ဘူးလား၊ ဒါ ငါ့အထင်နော်”

လင်းနောင်၏စကားက ဖြစ်နိုင်ချေတွေ များနေသည်မို့ ကျွန်တော့်ရင်တွေ ဗလောင်ဆူသည်ထက်ဆူကာ မီးတွေမျိုချထားရသလို ပူသည်ထက် ပိုပူလာသည်။

“ပြီးတော့ ဟိုကောင့်ဘက်က လက်ဦးမှုမယူခင်မှာ မင်းဘက်က ဖိဖိစီးစီးကြိုးစားဖို့ လိုတယ်လို့ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ လက်ရှိနီးစပ်မှု အနေအထားက သူ့ဘက်က မင်းထက်အများကြီးပိုနေတယ်”

ကျော်ဝဏ္ဏက စကားကို ဆက်ဖြည့်၍ဆိုသည်။

“ဒါပေမဲ့ ငါ ပိပိကိုယုံတယ်၊ ငါ့လို သုံးနှစ်သုံးမိုး လိုက်ခဲ့တဲ့လူကိုတောင် ပုံမှန်ပဲဆက်ဆံရင် ဟိုလူကိုလည်း သူ စဉ်းစဉ်းစားစားနဲ့ ဆက်ဆံမှာပါ၊ သူက သူက ထိန်းထိန်းသိမ်းသိမ်းနေတတ်တဲ့သူပဲ”

အထစ်ထစ်အငေါ့ငေါ့ဖြင့် ဆိုသော စကားအဆုံးမှာ သကောင့်သားနှစ်ကောင်က ကျွန်တော့်ကိုကြည့်ရင်း ခေါင်းခါပြသည်။

“ဒီပွဲမှာ ဟိုကားဆရာက ခရီးပဲလွန်နေတာလား၊ ဘာလားတော့မသိဘူး ပျောက်နေတာဆိုတော့ မင်းတို့နှစ်ကောင်ပဲကျန်တယ်၊ မင်းစိတ်ထဲမှာ ပိပိကို ဣန္ဒြေရှိတဲ့မိန်းကလေးမို့လို့ ရက်ပိုင်းလပိုင်းလေးလိုက်ရုံနဲ့ ပါသွားမှာမဟုတ်ပါဘူးလို့ ယုံကြည်ပြီး မင်းဘက်တကြိုးစားမှုလျှော့ရင်လျှော့သလို မင်းခံရမယ်ဆိုတာ ကြိုတွက်ထားငါ့ကောင်”

ကျော်ဝဏ္ဏ၏စကားတို့က ကျွန်တော့်ရင်ထဲသို့ တိုက်ရိုက်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဝင်တာသွားသည်၊ ဘယ်သူဘာပြောပြော ကျွန်တော် နိုင်နိုင်မာမာ ကြီး ယုံကြည်ထားသည်၊ ပိပိဆိုသော ကျွန်တော့်ရေခဲလေးသည် အညာလွှယ်သော မိန်းကလေးတစ်ယောက် လုံးဝမဟုတ်၊

×××××



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ပိပိလား"

"ဟုတ်"

"အိမ်သုတ်ဆေး၊ ရေဆေးရှိလား၊ ကိုဖြိုးနိုင်ပါ"

"ဪ. . . ကိုဖြိုးနိုင် ရေဆေးရှိတယ်၊ ကာလာစုံရှိတယ်"

"သူက ဘယ်လိုရောင်းတာလဲ"

"ဂါလံပုံးတွေရှိတယ်လေ၊ တစ်ဂါလံပုံးကနေစပြီး လိုသလောက်ဝယ်လို့ရတယ်"

ဒီအထိ အားလုံးက အဆင်ပြေကာနေသည်မို့ ကျွန်တော့်ရင်မှာ အပျော်တွေကြီးသာ။ ရင်ခုန်မှုနှင့်အတူ ပြည့်ကာနေသည်။

"ဒါနဲ့ ပိပိက ဘာအရောင်တွေကြိုက်လဲ"

"အဖြူရောင်တော့ကြိုက်တယ်၊ ဘာဖြစ်လို့လဲ"

"ပိပိအကြိုက်တွေ လေ့လာထားရမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

"အာ"

ကျွန်တော့်စကားကြောင့် သူမက 'အာ'ဟု ရေရွတ်သည်။

"ပိပိ ကိုယ်အဖြေတောင်းရင် စိတ်ဆိုးမှာလား၊ သုံးနှစ်ကြီးများတောင် စောင့်လာပြီးပြီဆိုတော့ ဖွဲ့ဆုပဲဖြစ်ဖြစ် ပေးသင့်နေပြီမဟုတ်လား"

"ပိပိမှာ ရည်းစားရှိပါတယ်ဆို"

သူမ၏အဖြေသံက လုံးဝချွဲချွဲလေးမို့ ကျွန်တော် ကိုယ့်ကိုယ်ကိုတောင် အရည်ပျော်သွားပြီလားဟု တွေးမိသည်။

"မညာပါနဲ့ပိပိရာ၊ ပိပိမှာ ရည်းစားမရှိသေးတာ ကိုယ်သိပါတယ်"

သူမဘက်က ရယ်သံသဲ့သဲ့ကို နားဝင်ချိုစွာပင် ကြားရသည်။

"ရည်းစားရှိတယ်လို့ဆို မယုံဘူးလား"

"ကဲ ဒါဖြင့် ဘယ်သူလဲ"

"ပြော. . . ပြ. . . ဘူး"

သူမဆိုသော 'ပြောပြဘူး'က ကျွန်တော့်အသည်းတွေကို ယားကျိကျိကြီး ဖြစ်သွားစေခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။

"ဒါဖြင့် ဘယ်မြို့ကတုန်း၊ ဩော် သိပြီ၊ စံပယ်တစ်ခါပြောပြဖူးတယ်၊ မိဘချင်းသဘောတူထားတဲ့ တာယာဆိုင်ကလူလား"

"အဲဒီလူက မိန်းမရသွားပေါ့"

သူမက ရွှတ်နောက်နောက်ဖြင့်ဆိုသည်။

"ဒါဖြင့် ကျွန်ရစ်ကြီးဖြစ်ခဲ့တာပေါ့ အဲဒီလိုလား"

"မကျွန်ရစ်ပါဘူး၊ လူကိုအထင်သေးလှချည်လား၊ မွဲပြရမလား"

သူမ၏အမေးကြောင့် ဘာရယ်မဟုတ် ရင်ထဲမှာ ပူခနဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တာသွားသည်။

"မနောက်ပါနဲ့ပိပိရာ ကိုယ် ခံနိုင်ရည်မရှိဘူး၊ ဘာလဲ ပိပိက အပျိုကြီးပဲလုပ်မလို့လား၊ ကိုယ့်လိုလူကိုတောင် လက်မခံဘူးဆိုတော့"

"ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေပါလား၊ မုန်းစရာကြီး"

"ဂွပ်"

စကားမှားသွားသော ကိုယ့်ပါးစပ်ကိုတောင် ဖြတ်ရိုက်ချင်စိတ်ပေါက်သွားမိသည်။ ဒီနေ့လို အချိန်အကြာကြီး သူမနှင့် စကားမပြောဖူးသည်မို့ ရင်ထဲမှာ ပျော်နေသည်ကတော့ အမှန်ပဲဖြစ်သည်။

ဘာပဲပြောပြော ဦးလေး၏အိမ်ပြင်၍ မပြီးမချင်းကတော့ ကျွန်တော့်အဖို့ ဖုန်းဆက်ခွင့်တွေ ရနေဦးမည်သာဖြစ်သည်။

ကံကြမ္မာက မျက်နှာသာပေးထားတုန်း အခွင့်အရေးကို အမိအရယူထားရမည်ဆိုတာကို ကျွန်တော် ကောင်းစွာသဘောပေါက်ထားသည်။

သူမဘက်က သိပ်မတင်းမာဘဲ စကားကို ချိုသာစွာပြန်၍ဆိုနေသောကြောင့် အခြေအနေက ဆိုးဆိုးရွားရွားကြီးတော့ မဟုတ်ဟု ဖြေတွေးတွေးမိသည်။

ဖုန်းထဲမှာကြားရသော သူမ၏ ချိုအီနေသောအသံကို ကျွန်တော် ချစ်သွားမိသည်ကတော့ အမှန်ပဲဖြစ်သည်။ ချိုအီနေသော ချစ်စရာကောင်းသည့် သူမ၏အသံကို တစ်ဘဝစာ ကြားရမည်ဆိုပါက ကျွန်တော် သေပျော်ပြီထင်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com

မြင်ရသောမြင်ကွင်းက ရင်ဝကိုဆီးကာ ဓားဖြင့်ဆောင့်ထိုးလိုက်သလိုမျိုး။

ဖုန်းတင်ထားသောစားပွဲ ဟိုဘက်ထိပ်မှာ အလုပ်သမားကြီးကြွပ်ဆိုသူက ထိုင်ကာ တစ်ဘက်မှာ ရယ်ရယ်မောမော စကားပြောရင်း ထိုင်နေသည်က ကျွန်တော် တစ်ဘဝစာလုံး ပုံချစ်မည်ဟု ရည်စူးထားသော ကျွန်တော် သုံးနှစ်နီးပါး မြတ်မြတ်နိုးနိုး ချစ်ရေးဆိုခဲ့ရသော ကျွန်တော်၏ရေခဲ။

သူမဆိုင်ရှေ့မှ နီးကပ်စွာ ကျွန်တော် ဆိုင်ကယ်စီးသွားသည်ကိုပင် သူမမြင်ဟန်မတူ။ သကောင့်သားပြောသမျှ စကားတို့တိုနားထောင်ကာ ခေါင်းညိတ်ရင်း ရယ်မောလို့နေသည်။

'ဘာတွေလဲ'ဟု တွေးရင်း ရင်မှာ ဗလောင်ဆူကာလာသည်။ သူမဆိုင်ရှေ့မှနေ တစ်ပတ်ပြီးတစ်ပတ် သွေးပျက်စွာ ဆိုင်ကယ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်ဖြတ်နေသော ကျွန်တော့်ကို သူမမြင်။ သကောင့်သားဖြင့် မိုးမမြင်လေမမြင် စကားဆိုနေသော သူမကို မြင်နေရသော ကျွန်တော့်အဖို့ ရင်ကို မီးဖြင့်မြိုက်ထားသလို ပူလောင်ကာနေသည်။

သူမ၏ဆိုင်ရှေ့မှာ ဆိုင်ကယ်ရပ်လိုက်သောအခါ သူမတ ဝတ်ကြေတန်းကြေ ပုံစံမျိုးဖြင့် မျက်လုံးတစ်ချက်လှန်ကြည့်သည်။ မျက်စိမျက်နှာပျက်နေသော ကျွန်တော့်ကို အားနာပါးနာပင် ပြုံးမပြ။

"မီးသီးလိုချင်လို့"

"ဘယ်လိုမီးသီးလဲ"

ကျွန်တော့်မျက်စိရှေ့တွင် မြင်နေရသော မီးသီးတစ်ခုကို စိတ်မပါလက်မပါဖြင့် ထိုးပြလိုက်သည်။ အလုပ်သမားကြီးကြပ်ဆိုသူကို လှမ်းကြည့်သောအခါ သကောင့်သားက ပြုံးစိစိဖြင့် ထိုင်ကာနေသည်။ ရင်းကြည့်နေပုံက လူကို လှောင်နေသလိုမျိုးဟု ခံစားနေရသည်။

သူမက ဝတ်ကျေတန်းကျေပင် ဈေးရောင်းပေးပြီး ကျွန်တော်ပြန်ထွက်လာသည်နှင့် ထိုလူနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာဝင်ကာထိုင်ရင်း စကားကိုဆက်ကြသည်။ ကျွန်တော် ထိုမြင်ကွင်းကိုကြည့်ရင်း ကိုယ့်ကိုယ်ကိုပင် သတ်သေချင်စိတ် ပေါက်ကာသွားရသည်။ ရေခဲရေ ဘယ်လိုနားလည်ရမှာလဲဟု အကြိမ်ကြိမ်တွေးရင်း ဆိုင်ကယ်ကို ဘယ်စီးလို့ လျှောက်စီးမိမှန်းပင် မသိတော့။

×××××

www.burmeseclassic.com

www.burmeseclassic.com

"သူတို့နှစ်ယောက် ထိုင်စကားပြောနေတာကို ငါတို့လည်း တွေ့တာပဲ၊ မင်းပြောတော့ ဣန္ဒြေရှင်ကြီးပါဆို၊ တော်သေးတာပေါ့ ဣန္ဒြေရှင်ကြီးမို့လို့ မဟုတ်ရင် မလွယ်ဘူး"

လင်းနောင်၏စကားက နားသို့ ဝင်တစ်ချက် မဝင် တစ်ချက်။

"သွေးရိုးသားရိုး ထိုင်စကားပြောတာလည်း ဖြစ်ရင်ဖြစ်မှာ ပါ"

မျက်စိမျက်နှာပျက်နေသော ကျွန်တော့်ကို ကျော်ဝဏ္ဏက ပြေရာပြေကြောင်းဆိုသည်။ 'သွေးရိုးသားရိုးပဲဖြစ်ပါစေ'ဟု ကြိုတ် ဆုတောင်းဖြစ်သည်။

"အဲဒါပဲကွ မိန်းကလေးတွေက သူတို့ကြည်တဲ့သူကျတော့ ဆက်ဆံပုံကတစ်မျိုး၊ သူတို့သိပ်ကြည့်မရတဲ့ လူကျတော့ ဆက်ဆံပုံက

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး"

လင်းနောင်က မကျေမနပ်ဖြင့်ဆိုသည်။

"ဒါနဲ့ မင်း စံပယ့်ကို သွားမေးမကြည့်ဘူးလား၊ ရေခဲနဲ့ ဟိုကောင့်အခြေအနေက ဘယ်လိုလဲဆိုတာ"

"သွားမေးတာပေါ့ကွာ၊ မမေးဘဲဘယ်နေပါ့မလဲ"

"ဒါဖြင့် ဘာတဲ့လဲ"

ကျော်ဝဏ္ဏက မျက်ခုံးပင့်ရင်း မေးသည်။

"ဟိုကောင်က အီနေတဲ့အဆင့်ပဲ ရှိဦးမယ်ထင်တယ်တဲ့"

စိတ်ပျက်လက်ပျက် သက်ပြင်းချရင်း ကျွန်တော်ဖြေဖြစ်သည်။

"ငါ ပေါ်တင်မေးလိုက်ရမလား"

"ဘာကိုလဲ"

ကျွန်တော့်အဆိုကို လင်းနောင်က ဘာကိုလဲဟုဆိုသည်။ ကျွန်တော် ဘာမှပြန်မဖြေဘဲ ရေခဲ၏ဆိုင်ကို ဖုန်းခေါ်ဖြစ်သည်။

"ဟဲလို"

တစ်ဖက်မှထူးလာသည်က ယောကျ်ားတစ်ယောက်၏အသံ။ ကျွန်တော် ဖုန်းကိုပြန်ချကာ ထရပ်ဖြစ်သည်။

"ဘာလဲကွ"

"ငါ ရေခဲဆီကိုဖုန်းဆက်တာ၊ ဟိုကောင်လားမသိဘူး ယောကျ်ားသံနဲ့ထူးတယ်၊ ငါသွားကြည့်ကြည့်မယ်ကွာ"

"ဟကောင်"

လင်းနောင်တို့ လိုက်အော်နေသော်လည်း ကျွန်တော် လှည့်မကြည့်ဖြစ်တော့။ ဆိုင်ကယ်ပေါ်တက်ခွကာ စီးထွက်လာခဲ့သည်။

သူမဆိုင်ရှေ့ကို ဘယ်လိုနည်းဖြင့် ရောက်လာမှန်းမသိ

www.burmeseclassic.com

www.burmeseclassic.com



တော့။ ကျွန်တော့်ဆိုင်ကယ်ရပ်နေစဉ်မှာ သကောင့်သား၏ ဆိုင်ကယ် ထွက်သွားသည်ကို လှမ်းမြင်လိုက်ရသောခဏ လူက အားအင်တွေ တုန့်ခမ်းသွားသလို ခံစားလိုက်ရသည်။

“ပိပိ”

ဆိုင်အဝင်ဝကို ကျောပေးကာ မီးသီးများကိုစီနေသော သူမ က ခေါ်သံကြောင့် ဆတ်ခနဲ လှည့်ကြည့်သည်။

“ကိုယ် မနေ့ညက တစ်ညလုံး အိပ်လို့မပျော်ဘူးသိလား”

“ဟို. . . မီးသီးကျွမ်းသွားလို့လား”

သူမက ပြုံးစိစိဖြင့်နောက်သည်။

“မဟုတ်ဘူး၊ ဟိုလူက ပိပိဘေးမှာ နေ့တစ်ပိုင်းလောက်ကြီး ရှိနေလို့”

“ဩော်. . . ဒါလား သူက သူ့ရည်းစားဆီကဖုန်းကို လာစောင့်နေတာပါ၊ ပိပိနဲ့ ဘာမှမဆိုင်ဘူး”

“တကယ်လား၊ ဟား. . . ဝမ်းသာလိုက်တာပိပိရာ”

သူမ၏အဆိုကြောင့် ကျွန်တော် ထခုန်ချင်စိတ်ပင်ဖြစ်ကာ သွားသည်။ မှိုရသောမျက်နှာလို ပြုံးချိုကာ သွားသော ကျွန်တော့်ကို ကြည့်ရင်း သူမက ဒိုင်းခနဲ မျက်စောင်းထိုးသည်။

“ကဲ. . . ဘာဝယ်မှာလဲ”

“အင်း. . . ဟိုဒင်း ဆိုင်ကယ်ထဲဆီထည့်မလို့”

“ဘယ်လောက်ဖိုးထည့်မှာလဲ”

“၁၅၀၀ ဖိုး”

ကျွန်တော့်စကားအဆုံးမှာ သူမက ဒုတိယမ္ပိ မျက်စောင်းကို ဒိုင်းခနဲ ထိုးသည်။ ဘာရယ်မဟုတ် ကျွန်တော့်မျက်လုံးထဲမှာ သူမဘာ လုပ်လုပ် ချစ်စရာကောင်းကာနေသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



"သူက အဲဒီလိုပြောတာလား"

လင်းနောင်က အံ့ဩဟန်ဖြင့်ဆိုသည်။ ကျွန်တော့်ခေါင်းတို ခပ်သွက်သွက်ပင် ညိတ်ပြဖြစ်သည်။

"ဘယ်လိုမှန်းဆတွက်ချက်ရမလဲတောင် မသိတော့ဘူး"

ကျော်ဝဏ္ဏက ခေါင်းကိုကုတ်ရင်းဆိုသည်။

"အေးလေ. . . ပိပိအနေနဲ့ကလည်း စဉ်းစားခြင်းစဉ်းစား ရင် ဖြိုးနိုင်ကိုပဲ သေချာပေါက်စဉ်းစားမှာပေါ့။ ဒီကောင်က မင်းသား ပီပီ ရုပ်ရည်ကောအရပ်အမောင်းကော ရှိပြီးတော့ ပညာကော၊ ဥစ္စာ ကော နိမ့်ကျတဲ့ကောင်မှမဟုတ်တာ၊ ဟိုလူက ခွေးပစ်တုတ်လောက် အရပ်နဲ့ မျက်နှာက အရက်သမားလို ဖောသွပ်သွပ်ကြီး၊ ပုတက္ကွ ဝင်တိုတိုဆိုတာမျိုး"

"အဲဒီလိုတော့ သူတစ်ဖက်သားကို မပြောပါနဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



လင်းနောင်ကို ကျွန်တော်တိုဖြစ်သည်။ တစ်ဖက်သားကို နှိမ့်ချပြောဆိုခြင်းမျိုးကို ကျွန်တော် မကြိုက်ပါ။

“ငါ. . . သူ့ဆီ ဖုန်းခေါ်ဦးမယ်ကွာ”

ဖုန်းကို ဘောင်းဘီအိတ်ကပ်ထဲမှ ထုတ်ရင်းဆိုသော ကျွန်တော့်ကိုကြည့်ကာ ကျော်ဝဏ္ဏက ရောဂါကစပြီဟုဆိုသည်။

“ဖဲလို ပိပိလား”

“ဟုတ်”

“ဟို. . . မီးကြိုးလေ၊ ၃၀၃၆ ဝါယာရှိလား”

“အင်း. . . ရှိတယ် ကိုဖြိုးနိုင်”

အသံကိုတောင် မှတ်မိနေပြီပဲဟုတွေးရင်း ကျွန်တော်ပြုံးဖြစ်သည်၊ ပီတိဖြာသွားသည်ဟု ဆိုလျှင်လည်း မမှား။

“သူက ဂိုက်တစ်ရာအပြည့်လား”

“ပြည့်တာမပြည့်တာတော့ တိုင်းမကြည့်ဖူးဘူး၊ ဒါပေမဲ့ မီးကြိုးခွေတွေက ပါကင်ပဲလာတာ”

“ဒါနဲ့ ကိုယ့်ကိုချစ်တယ်လို့ အဖြေမပေးသေးဘူးလား”

“ပေးစရာလား၊ ရည်းစားရှိပါတယ်ဆိုနေမှ”

“ဒါဖြင့် အဲဒီရည်းစား ဘယ်သူလဲပြောပြလေ”

“ပြောပြစရာလား”

သူမ၏အသံတို့က အဆုံးစွန်ချိုမြကာနေသည်။

“ဒါဖြင့် ရည်းစားမရှိဘူးဆိုတာ ဝန်ခံတော့”

“အောင်မာ လူကိုအထင်သေးလှချည်လား”

“အထင်သေးတာ မဟုတ်ပါဘူး၊ ဘာလဲ ကိုယ့်ကိုချစ်တယ်လို့ ပြောရမှာရှက်နေလို့လား”

“. . . . . . . . .”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမေးကို သူမက ပြန်၍မဆို၊

"ဒီလိုလုပ်ရအောင်လေ၊ ပိပိ ကိုယ့်ကို ချစ်တယ်ဆိုပြီးတော့ အဖြေပေးပြီးပြီလို့ သတ်မှတ်လိုက်ရအောင်၊ ဒါဆို ပိပိလည်း ရှက်နေစရာမလိုတော့ဘူး"

"မရပါဘူး၊ ချစ်မှမချစ်ဘဲနဲ့"

"ချစ်လိုက်ပါ ပိပိရ၊ လိမ္မာပါတယ်"

"မလိမ္မာဘူး၊ ကိုဖြိုးနိုင်နော် ခင်လို့ ဖုန်းလက်ခံပြီးပြောနေတာကို တစ်မျိုးမထင်နဲ့ ဒါပဲ"

"ဂွပ်"

ဖုန်းချသွားသော သူမကို မြင်ယောင်မိရင်း ကျွန်တော် ပြုံးဖြစ်သည်။ ပြီး ဆိုင်ကယ်သော့ကိုယူကာ ထရပ်တော့ သတောင့်သားနှစ်ကောင်က ဘယ်လဲဟုသောပုံစံဖြင့် မျက်လုံးလှန်ကာ ဝိုင်းကြည့်ကြသည်။

"ပိပိဆီ သွားလိုက်ဦးမယ်ကွာ၊ ဒါပဲ"

မြောက်ကြွမြောက်ကြွဖြင့် ဆောင့်ကြွားကြွားဖြင့် ထွက်လာသော ကျွန်တော့်ကို နောက်ကနေ သတောင့်သားနှစ်ကောင်က 'နှာဗူး' 'ငကြောင်'ဟု အသံသံအော်ကာ ကျွန်ရစ်ခဲ့ကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ရပ်ရပ်ပြီးချင်း လှမ်းကြည့်လိုက်သောအခါ သူမက ကျွန်တော့်ကိုမြင်ပြီး ရှက်ကိုးရှက်ကန်းပုံစံကြီး ဖြစ်ကာသွားသည်။

အခြေအနေက မဆိုးလှဟု တွေးရင်း ကျွန်တော် အားတက်ကာသွားသည်။ ဖုန်းထဲမှာ ပြောချင်ရာတွေ စွတ်ပြောပြီး တကယ်တမ်း နင်လားငါလား မျက်နှာချင်းဆိုင်တွေ့သောအခါ ရင်ခုန်မှုများစွာနှင့် ဆွံ့အနေတတ်သည်မှာ ကျွန်တော့်ထုံးစံလို ဖြစ်ကာနေသည်။

"ဘာယူမလို့လဲ"

သူမက ရှက်အမ်းအမ်းဖြင့် လှမ်း၍မေးသည်။

"သရီးအိုသရီးစစ် (၃၀၃၆) ဝါယာလေ"

"ဘာတံဆိပ်လဲ"

"အဆင်ပြေတာလေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် ရှက်သလို ကြောက်သလိုဖြစ်နေသော ကျွန်တော်တို့နှစ်ယောက်၏အဖြစ်က ရယ်စရာတော့ကောင်းသည်။

"ပိပိ"

ဝါယာကြိုးခွေကို ထုတ်နေသော သူမက ကျွန်တော့်ခေါ်သံကြောင့် လှည့်ကြည့်သည်။

"ပိပိက တစ်နေ့ထက်တစ်နေ့ ပိုပိုလှလာတယ်သိလား"

ကျွန်တော့်စကားကြောင့် သူမက ရှက်ရှက်ဖြင့် ဒိုင်းခနဲမျက်စောင်းထိုးသည်။ ပြီး မီးကြိုးခွေကို ကောင်တာပေါ် လှမ်းချတင်သည်။

"ပိပိကို ဝမ်းသာစရာကိစ္စတစ်ခု ပြောရဦးမယ်"

"ဘာလဲ"

"ပိပိ မျက်စိနောက်သက်သာဖို့သာ ပြင်ပေတော့၊ ကိုယ်ရန်ကုန်ကို ဆယ်ရက်လောက် သွားရဦးမယ်"

"ဟုတ်လား၊ ပျော်စရာကြီးတော့"

"အောင်မာ တကယ်ပျော်တာရော ဟုတ်ရဲ့လား၊ သွားတော့မှ ငိုပြီးမကျန်ခဲ့နဲ့နော်၊ တော်ကြာ ပိပိမျက်ရည်သုတ်ရလွန်းလို့ တစ်ရှူးဈေးတွေ တက်ကုန်ဦးမယ်"

"ကိုယ့်ကိုယ်ကို အတော်အထင်ကြီးပုံရတယ်"

"တစ်ခါထဲ တစ်ရှူးဝယ်ပေးရမလား"

"မလို. . . တာ"

"ဖုန်းဆက်မယ်နော်"

"ဘာကိစ္စဆက်မှာတုန်း၊ ဘာမှလည်းမဆိုင်ဘဲနဲ့"

သူမက ကျွန်တော့်ကို မော့မကြည့်ဘဲ ခပ်နွဲ့နွဲ့ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုယ်တို့ ရည်းစားဖြစ်ပြီးသွားပြီလေ၊ ပိပိပင်ပန်းမှာစိုးလို့ အဖြေပေးပြီးပြီလို့ သတ်မှတ်ရအောင်လို့ အစ်ကိုပြောပြီးပြီလေ"

"မဟုတ်တာတွေ လျှောက်မပြောနဲ့နော်၊ ပိပိစိတ်ဆိုးလိုက်မှာ"

ကျွန်တော် သူမ၏ချစ်စရာ့ပုံစံကိုကြည့်ကာ ရယ်ဖြစ်သည်။

"ကဲ. . . သွားပြီနော်"

"ကြွ. . . ကြွ"

သူမ၏နှုတ်ဆက်မှုက သင်းသည်။ ဘာပဲပြောပြော ကြည်နူးရသည်ကတော့ အမှန်ပဲဖြစ်သည်။

××××

www.burmeseclassic.com

www.burmeseclassic.com

“ဟဲလို ပိပိလား”

“ဟုတ်”

“ကိုယ်ပါ၊ ကိုဖြိုးနိုင်”

“ဟို. . . လေ ကိုဖြိုးနိုင် အခုဈေးဝယ်ရောက်နေလို့ ဖုန်းမပြောနိုင်သေးဘူး၊ ဒါပဲနော်”

“မညာပါနဲ့ပိပိရာ အခုကိုယ် ပိပိကို မြင်နေရတယ်”

“ဟော့တော့ ရန်ကုန်သွားတယ်ဆို၊ ရန်ကုန်မှာလို့ထင်နေတာ အဟီး”

ညာသောကိစ္စ ပေါ်သွားသည်မို့ သူမဘက်ကရယ်သံတို့ကြားနေရသည်။

“ကိုယ့်ကိုလွမ်းနေလား”

www.burmeseclassic.com

www.burmeseclassic.com

"မလွမ်းတာ၊ လွမ်းစရာလား"

"တစ်ရှူးဝယ်ပို့လိုက်ရမလား၊ မျက်ရည်သုတ်ဖို့"

"ကိုယ့်ကိုယ်ကို အတော်အထင်ကြီးတာပဲ"

"ဝွပ်"

စိတ်တိုသွားသည်လားမသိ သူမက ဖုန်းချကာသွားသည်။ ဘာရယ်မဟုတ် ကျွန်တော်ရယ်ဖြစ်သည်။

ဖုန်းထပ်ခေါ်တော့ သူမက လာကိုင်သည်။

"ဟဲလို ဗိဗိ"

"ဈေးဝယ်ရှိနေပါတယ်ဆို"

"ဝွပ်"

ကျွန်တော့်အသံကို ကြားကြားချင်း သူမက ဝွပ်ခနဲဖုန်းချကာ သွားသည်မို့ ရင်မှာအောင့်ကာသွားရသည်။

ဘာပဲပြောပြော သူမအသံလေး ကြားလိုက်ရသည်မို့ အလွမ်းပြေသွားခဲ့ရသည်ကတော့ အမှန်ပဲဖြစ်သည်။ ဘယ်ဘက်အိတ်ကပ်ထဲမှ သူမလက်ရေးဖြင့် ရေးထားပေးသော ပစ္စည်းဝယ်ထားသည့် ဘောက်ချာစာရွက်များကို အလွမ်းပြေ ထုတ်ကြည့်ဖြစ်သည်။ ကျွန်တော့်မှာ အလွမ်းပြေကြည့်စရာဟူ၍ သူမ၏အငွေ့အသက်များ စီးဝင်နေသော ဤဘောက်ချာစာရွက်လေးပဲရှိသည်ကိုး။

xxxx

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးသို့ပြန်ခဲ့သော ယနေ့ခရီးက ရင်ခုန်စရာတော့ ကောင်းသည်။ အရင်ခေါက်များနှင့်မတူသော မျှော်လင့်ခြင်းတို့ သယ်ဆောင်ကာလာသည်ကိုး။

အိမ်သို့ပြန်ရောက်ရောက်ခြင်း ထွက်ခဲ့ဖြစ်သည်၊ ကျွန်တော်၏ ရေခဲလေးဆီသို့၊ သူမဆိုင်ရှေ့ ဆိုင်ကယ်ဖြတ်စီးရင်း ဆိုင်ထဲမှ အနေအထားကို လေ့လာဖြစ်သည်၊ တစ်ယောက်တည်းရှိပါစေတူ သော မျှော်လင့်ရင်ခုန်မှုများဖြင့်၊

သို့သော် ဆိုင်ထဲမှာက လူနှစ်ယောက်။

တစ်ယောက်က ကျွန်တော်ချစ်ရပါသော ပိပိခေါ် ရေခဲ၊ နောက်တစ်ယောက်က ဟိုအလုပ်သမားကြီးကြပ်ဆိုသောသူ၊

ရယ်ရယ်မောမော မျက်နှာချင်းဆိုင် စကားပြောနေကြသည် က ကျွန်တော့်ရင်ကို ဆူးဖြင့် တစ်ချက်ချင်း ရိုက်ထည့်နေသလိုမျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ဖြင့် ဆယ်ခေါက်မက ပတ်နေသော်လည်း အချိန်အတော်ကြာသည်အထိ သူမတို့က စကားတွေပြော၍နေကြတုန်း။

ကျွန်တော် စံပယ့်အိမ်ရှိရာဆီ သွေးရူးသွေးတန်းဖြင့် ရောက်လာခဲ့ဖြစ်သည်။ စံပယ်က ကျွန်တော့်ကို လှမ်း၍ပြုံးပြသည်။

စိတ်ထင်နေ၍လားတော့မသိ စံပယ့်အပြုံးက လျှော့ရဲရဲနိုင်သည်။

"လာ ဖြိုးနိုင်"

"စံပယ် ရေခဲနဲ့ ဟိုကောင်က ဘာတွေလဲဟာ"

ကျွန်တော့်အမေးကို စံပယ်က ချက်ချင်းမဖြေ။

"နင် စိတ်မကောင်းတော့မဖြစ်နဲ့ပေါ့ဟာ၊ သူတို့ပုံစံကြည့်ရတာ ကြည်နေကြတယ်ထင်တာပဲ၊ ငါမေးကြည့်တော့လည်း ငါ့ညီမက ပွင့်ပွင့်လင်းလင်း မပြောဘူး၊ နင်ကလည်း တော်တော်အတိုက်အခံများတာပဲ"

"ဘာကိုလဲ"ဟု ကျွန်တော်မေးဖြစ်သည်။

"နင် ဟိုကောင်မလေးနဲ့ ဆိုင်ကယ်စီးသွားတယ်၊ ဒီကောင်မလေးနဲ့ ဖြစ်နေတယ်၊ ဟိုတစ်ယောက်နဲ့က ဘာလိုလိုဆိုပဲ ဆိုတာမျိုးတွေပေါ့ဟာ၊ နင်က သရုပ်ဆောင်ဆိုတော့ သူတို့ကြားမှာ အတင်းပြောစရာဖြစ်နေတာပေါ့၊ မဟုတ်မမှန် သတင်းတွေကို ကိုယ့်ထမင်းကိုယ်စားပြီး ပိပိဆီ ပိုင်းပြောနေကြတဲ့လူတွေက အများကြီး၊ ငါ ဘယ်လိုပြောပြ ပိပိက နားမဝင်ဘူး"

"အာ. . . ဆိုင်ကယ်လေး လမ်းကြုံတင်မိတာကို ကြုံကြိုက်ယှို့ လက်ဖက်ရည်ဆိုင်မှာ တွဲထိုင်မိတာတို့နဲ့ပဲ ရည်းစားဖြစ်နေတာတဲ့လား၊ လူတွေကလည်း ဂဃနဏမသိဘဲနဲ့ ပြောရက်ကြပါလားတောက်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒေါ်သထွက်စွာပင် တက်ခေါက်ဖြစ်သည်။

"သူတို့က ဖြစ်သွားကြပြီလား၊ ငါထင်တော့ထင်ပါတယ်၊ သုံးနှစ်လိုက်ခဲ့တဲ့ ငါ့ကိုကျတော့ သုံးမိနစ်ပြည့်အောင် စကားမပြောဖူးဘူး၊ မနေ့တစ်နေ့ကမှ ထလိုက်တဲ့လူနဲ့ကျတော့ စကားလက်ဆုံတျနေတာ နေ့တစ်ပိုင်းလောက်ရှိတယ်၊ တစ်ရက်လည်းမက နှစ်ရက်လည်းမကဘူး"

"အေးဟာ. . . အဲဒီကောင် ဒီလောက်ပုက္ကက္ကနဲ့ ရုပ်ဆိုးတာကြီးကို သူဘယ်လိုကြည်နေလဲမသိဘူး၊ တကယ်ဖြစ်တာ မဖြစ်တာတော့ ငါလည်းသေချာမပြောနိုင်ဘူး၊ ဒါပေမဲ့ ငါသတင်းရတာတော့ ဟိုလူက သူ့ကို ငွေရည် ငွေရည်နဲ့ ဖုန်းတွေလည်းဆက်တာ၊ အပြင်တနေ လှမ်းဆက်တာကိုပဲ နာရီနဲ့ချီကြာတယ်ဆိုပဲ"

စံပယ့်စကားအဆုံးမှာ ကျွန်တော် တစ်စထက်တစ်စ မှုန်းကြုပ်ကာ လာသည်။ သေပဲသေလိုက်ပါတော့ဟု ကိုယ့်ကိုယ်ကို အဖြစ်တင်မိသည်။

"ငါပြန်မယ်ဟာ"

"အေး. . . အေး"

စံပယ်က မျက်စိပျက် မျက်နှာပျက်ဖြင့် အေးဟုဆိုသည်။ ကျွန်တော် စံပယ်အိမ်မှ ထွက်ခဲ့ပြီး ဘယ်ကိုသွားလို့ သွားရမှန်းမသိ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲဝင်လာသော ကျွန်တော့်ကို သူမက ဘာမှမထူးခြားသလို ဖျတ်ခနဲကြည့်သည်။

"ပိပိ"

"....."

သူမက ဘာလဲဟု မျက်လုံးလှန်ကြည့်သည်။

"ကိုဖြိုးနိုင် ပွင့်ပွင့်လင်းလင်းပဲ မေးမယ်ကွာ၊ မနေ့ကလူက တစ်နေကုန် ဖုန်းလာစောင့်နေတာလား"

"ဟုတ်မှာပေါ့၊ သူ ကိစ္စရှိနေလို့နေမှာပေါ့"

"ပိပိဆိုင်မှာ တစ်နေကုန်ဖုန်းစောင့်နေတာကြီးက သဘာဝ မကျဘူး"

စိတ်ပင်ပန်းစွာဖြင့်ဆိုသော ကျွန်တော့်စကားတို့သည် အနည်း

www.burmeseclassic.com

www.burmeseclassic.com



ငယ်တော့ မာသွားသည်ထင်သည်။ သူမမျက်နှာ တင်းခနဲဖြစ်သွားသည်ကို တွေ့ရသည်။

"သူ့ဘာသာသူ တစ်နေ့ကုန်အောင်ပဲစောင့်စောင့်၊ ရှင့်အပူလား၊ ရှင်က ကျွန်မနဲ့ဘာဆိုင်လို့ မျက်နှာကျောတင်းကြီးနဲ့ လာမေးနေရတာလဲ"

သူမ၏ တုံ့ပြန်မှုကြောင့် ကျွန်တော် ဆွံ့ကသွားရသည်။

"ပိပိပြောတဲ့ ပိပိရဲ့ရည်းစားဆိုတာ သူလား"

"မပြောနိုင်ဘူး၊ ဘာကိစ္စ ရှင့်ကို ကျွန်မက ပြောပြနေရမှာလဲ"

"မဟုတ်ဘူးလို့ ပြောပေးပါပိပိရယ်၊ သူမဟုတ်ဘူးမဟုတ်လား"

"မပြောဘူး"

သူမက ခပ်ပြတ်ပြတ်ပင်ဆိုရင်း မျက်နှာကို တစ်ဖက်သို့လွှဲသည်။ ကျွန်တော် ခေါင်းငိုက်စိုက်ချကာ ဆိုင်ထဲမှ ထွက်လာဖြစ်ခဲ့သည်။

ယောကျ်ားတစ်ယောက်၏ မာန။ ပြီး လူသိများထင်ရှားသော သရုပ်ဆောင်ဆိုသည့်မာန။ ငါက ဘာကောင်မှမဟုတ်ဘူးလား ဆိုသော အတွေး။ လူတွေဝိုင်းဟားနေကြမည်လားဆိုသော အတွေး။

အားလုံးက ရင်ကို ခြေမွကာနေသည်။

တစ်ကိုယ်လုံး အားအင်တွေ ဆုတ်ယုတ်ကာ မွန်းကြပ်၍ ရင်မှာဆို့ကာနေသည်။ အချစ်က ဒီလိုသဘောသဘာဝရှိပါသလား။

×××××

www.burmeseclassic.com

www.burmeseclassic.com



အချစ်လား

သူက

ရှိုးသားတိုင်းလည်း မရဘူး

ကြိုးစားတိုင်းလည်း မရဘူး

ငါ့အတွက် သူက

အသွားအပြန်လည်း မရှိဘူး

အလျားအနံလည်း မရှိဘူး

ဘာဆိုဘာမှ မရှိတဲ့ ရင်ထဲဝင်နေတဲ့ အဆိပ်ဆူးပေါ့။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



ငါ့အချစ်ပန်းကို
တခြားရင်ခွင်မှာနမ်းဖို့
မင်းမို့ပေးရက်တယ် ညီမလေးရယ်
လွယ်လွယ်မင်းရတဲ့ အဲဒီပန်းက
ငါ့တစ်သက်စာ အလွမ်း. . . ကွဲ့။

xxxx

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လိုဆုံးဖြတ်ထားလဲ"

"ငါခံနိုင်ရည်မရှိဘူးကွာ၊ မင်းတို့သိတဲ့အတိုင်း ငါက စိတ်ညစ်စရာရှိရင် ညညအိပ်မပျော်ဘဲနဲ့ ဒွေးပေါင်တွေ ထိုးကျတတ်တယ်လေ၊ အခု အစားအသောက်တွေလည်း ပျက်နေတယ်"

"ဟုတ်တယ် ဖြိုးနိုင်၊ မင်းတော်တော်ပိန်သွားတယ်"

ကျော်ဝဏ္ဏက သက်ပြင်းချရင်းဆိုသည်။

"စံပယ်လည်း မင်းပိန်သွားတာကြည့်ပြီး သူအသုံးမကျဘူးဆိုပြီးတော့ စိတ်ဆင်းရဲနေတယ်၊ မင်းကိုလည်း အားနာနေတယ်တဲ့"

လင်းနောင်၏စကားကြောင့် ကျွန်တော် ပြုံးဖြစ်သည်။

"ငါ့ထိုက်နဲ့ ငါ့ကံပေါ့ကွာ၊ ငါတို့နှစ်ယောက်က ဖူးစာမပါလို့ပဲ ဖြစ်မှာပေါ့"

"စောစောကစကားကို ပြန်ကောက်မယ်၊ မင်းဘာဆက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



မလဲ”

“ငါ သူ့ရဲ့အကြည့်တွေကို မခံနိုင်ဘူး၊ ငါ သူ့ဆိုင်ကိုသွားတိုင်း ကြည့်တဲ့အကြည့်ကို မခံနိုင်ဘူးကွာ၊ ပြီးတော့ အမြဲတမ်း အဲဒီလူ သူ့ဘေးမှာရှိနေတာကိုလည်း မခံစားနိုင်ဘူး”

“ဒီတော့”

ကျော်ဝဏ္ဏက ဒီတော့ဟုဆိုသည်။

“ငါ လိပ်ပြာသန့်သန့်လေးပဲ နေချင်တယ်ကွာ၊ သူ့ကို သုံးနှစ်လုံးလုံး ငါလိုက်ခဲ့လို့ သူစိတ်ဆင်းရဲခဲ့မှာပဲ၊ ဒီတော့ ငါ သူ့ကို တောင်းပန်လိုက်မယ်”

“အာ. . . မလိုပါဘူး၊ ဘာကိစ္စတောင်းပန်ရမှာလဲ၊ သောက်ဂရုစိုက်မနေနဲ့၊ မင်းအနေအထားနဲ့ သူ့ထက်သာတာတွေ ဘေးမှာ တစ်ပုံကြီး”

“ဒီလိုမျိုးလည်း မဟုတ်ဘူးပေါ့ကွာ၊ ငါက ရေခဲကိုရွဲ့ချင်တာနဲ့ တခြားကောင်မလေးတွေကို မချစ်ဘဲနဲ့ တွဲပြီး ငါ့ကြောင့် မခံစားစေချင်ဘူး၊ အချစ်ကြောင့် ငါခံစားရသလို ဘယ်သူမှ မခံစားရစေချင်ဘူး၊ ရေခဲက ငါ့ကိုမုန်းနေမှာလည်း ငါကြောက်တယ်ကွာ၊ ငါ သူ့ကို သူငယ်ချင်းလို ခင်ရအောင်လို့ပြောပြီး ပြီးခဲ့သမျှအတွက် တောင်းပန်လိုက်မယ်”

ကျွန်တော့်စကားအဆုံးမှာ သကောင့်သားနှစ်ကောင်တခေါင်ခေါင်ကြသည်။ ကျွန်တော် ဆုံးဖြတ်ချက်ချကာ ထရပ်ဖြစ်သည်။ သွေးပေါင်ကျကာ အားနည်းနေသည်မို့ လူက ယိုင်နဲ့နဲ့။

“မင်းဘယ်သွားမလို့လဲ”

“ရေခဲဆီကို”

xxxx

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုသည်က ဖြစ်ချင်သလို
မဖြစ်တတ်သော သဘော
ရှိသည်ပဲကိုး။

ဆိုင်ထဲဝင်လာသော ကျွန်တော့်ကို မြင်သည်နှင့် သူမက ဆတ်ခနဲ အကြည့်လွှဲကာသွားသည်။ ကျွန်တော့်ရင်မှာ ကျင်ခနဲ။

"ပိပိ"

"ဘာလဲ"

"ကိုယ် ပိပိကို တောင်းပန်စရာရှိတယ်"

"......."

သူမက မျက်နှာကို တင်းကာ တစ်ဖက်သို့ လှည့်ကာထားသည်။

"ကိုယ် သုံးနှစ်နီးပါး နေ့ရောညပါ ပိပိကို တရိုရိုနဲ့ လုပ်ခဲ့တာတွေအတွက် ပိပိကို စိတ်ဆင်းရဲ စိတ်အနှောင့်အယှက်ဖြစ်စေခဲ့တယ်ဆိုရင် ကိုဖြိုးနိုင် တောင်းပန်ပါတယ်"

"......"

www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာစကားမှ ပြန်၍မဆို။

"ပြီးတော့ ပိပိက ကိုယ့်ကို အခုလို စိမ်းစိမ်းကားကားနဲ့ ခါးခါးသီးသီးကြီး ဖြစ်နေတာကို ကိုယ်စိတ်မကောင်းဘူး၊ ဒီတော့ ပိပိလည်း ကိုယ့်ကို ပြန်မချစ်နိုင်မဲ့အတူတူ သူငယ်ချင်းလို ဆက်ခင်ကြတာပေါ့၊ ဖြစ်တယ်မဟုတ်လား"

"ရပါတယ်"

တုန်ယင်နေသော ကိုယ့်အသံကို ထိန်းကာဆိုဖြစ်သော ကျွန်တော့်စကားအဆုံးမှာ သူမက 'ရပါတယ်'ဟု ဆိုသည်။

"ကိုယ်သွားတော့မယ်နော်"

"အင်း"

လှည့်ထွက်ခဲ့သော ခြေလှမ်းတို့က ပြောမပြတတ်အောင် နာကျင်ကာနေသည်။ လှိုက်လှိုက်လှဲလှဲတောင်းပန်ခဲ့ကြောင်း သူမ နားလည်ပေးနိုင်ပါစေဟု ဆုံနင့်စွာ တွေးမိသည်။

အချစ်ဆိုသည်က ဖြစ်ချင်သလို မဖြစ်တတ်သော သဘော ရှိသည်ပဲကိုး။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းများမှာ သူမနှင့်ဟိုလူ မည်မျှဖုန်းပြောကြကြောင်း။ ဟိုလူသည်လည်း သူ့မြို့ကို ပြန်သွားပြီဖြစ်ကြောင်း။

သို့သော် နံနက်၄း၁၅ ညမိုးချုပ်သည့်တိုင်အောင် မကြာခဏ ဖုန်းပြောကြကြောင်း နားနှင့်မဆန့်အောင် ကျွန်တော် ကြားနေရသည်။

ထိုကောင်မလေးတစ်ယောက်ကိုပင် သုံးနှစ်တိတိ လိုက်ခဲ့ပြီး သူမ၏အချစ်ကိုမရသော ကျွန်တော့်အကြောင်းသည်လည်း အချို့သောသူများအဖို့ ဟားတိုက်ရယ်မောစရာကြီး ဖြစ်ကာနေသည်ဆိုသည့်အကြောင်းကိုလည်း အမြဲကြားနေရသည်။

ကျွန်တော်ကတော့ နာနာကျင်ကျင် ပြုံးဖြစ်ရုံမှတစ်ပါး ဘာမှတ်ချက်မှမချဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာလေးတစ်ပုဒ်တော့ ရေးဖြစ်သည်။

မည်သူ့ကိုမှ မပြဖြစ်သော ကဗျာလေးတစ်ပုဒ်။ ဖြန့်တာဖတ်ဖြစ်သောအခါ ရင်နာလွန်းနေ၍လားမသိ ပါးပြင်ပေါ် မျက်ရည်စတို့က တစ်စက်ပြီးတစ်စက် ကျဆင်းလျက်သာ ရှိတော့သည်။

××××

www.burmeseclassic.com

www.burmeseclassic.com



ရင်နာနေသည့်ကြားမှ ကျွန်တော်တွေးဖြစ်သည်က ကျွန်တော့်ရဲ့ ရေခဲသည် အရာရာအဆင်ပြေပါစေဟု။

××××

BURMESE CLASSIC

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လှောင်တတ်သူတို့အတွက် ကျွန်တော် ရေးထားသောကဗျာ စာရွက်ကို ဖြန့်ကာအဖတ် စာရွက်ပေါ် မျက်ရည်တစ်စက်က ပေါက်ခနဲကျသည်။ ရင်တို့ အဆုံးအစမရှိ နာကျင်ရာက ကဗျာတွေရခဲ့ပါပေါ့လား။

BURMESE CLASSIC

xxxxx

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောလိုက်ကြ
မင်းတို့ရဲ့ရယ်မောသံနဲ့
ငါ့ရဲ့အလွမ်းတွေ ပွက်ပွက်အန်မယ်။

ဒဏ်ရာထောင်းထောင်းထနေတဲ့ ငါ့ရင်ဘတ်ကိုမှ
ချနင်းချင်တဲ့ မင်းတို့အတွက်
ငါ အဆုံးစွန် လင်းလက်ခဲ့ပါ့မယ်။

BURMESE CLASSIC

တွန့်ခေါက်ကြေမွရင်း တဆတ်ဆတ် ငါ့နာကျင်ခြင်းတွေကို
ပေါ့ပေါ့ပါးပါး မင်းတို့ရဲ့ရယ်မောခြင်းတွေနဲ့
အားရအောင် ထွန်းယက်ကြ။
ရယ်မောလိုက်ကြ
သက်သောင့်သက်သာ
ရယ်မောလိုက်ကြ
ရယ်မောဖြစ်အောင် ရယ်မောလိုက်ကြ။

ဖြိုးနိုင်

xxxxx

www.burmeseclassic.com

www.burmeseclassic.com



ဒီဇာတ်သိမ်းမျိုးကို ကျွန်တော်မကြိုက်ပါ။ ပရိသတ်များလည်း ကြိုက်မည်မထင်ပါ။ သို့သော် လောကကြီးတွင် အချို့သောသူတို့အတွက် အချစ်သည် ကြိုးစားတိုင်းလည်း ရသလို ကြိုးစားတိုင်းလည်း မရတတ်။

ဖြိုးနိုင် (အမည်လွှဲ)၏အဖြစ်ကို အသည်းကွဲဖူးသူတို့သည်လည်းကောင်း၊ ရည်းစားနှင့် အဆင်မပြေဖူးသူတို့သည် လည်းကောင်း၊ အချစ်မှာ အဆင်ပြေသော်လည်း ကိုယ်ချင်းစာတတ်သူတို့သည်လည်းကောင်း ခံစားပေးနိုင်ကြမည်ထင်ပါသည်။

ကျေးဇူးတင်စွာဖြင့်
ပြည့်ပိုင်မှူးအိမ်

[redacted]

www.burmeseclassic.com